မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၅)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ တနင်္ဂနေနေ့။

မြတ်ပုဒ္ဓ၏တန်ဖိုးကြီးများ အသိပေးတရား အပ္ပမာဒေန သမ္မာဒေ

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သခ်ါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြဲသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်း (၈)ကြိမ်မြောက် Asia-Europe Parliamentary Partnership Meeting (ASEP 8) အစည်းအဝေး တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရှေမန်း အစည်းအဝေးတက်ရန် အီတလီနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် Asia-Europe Parliamentary Partnership Meeting (ASEP 8) အစည်းအဝေး တက်ရောက်ရန် ယနေ့ ည ၇နာရီ ၄၅ မိနစ်တွင်

စာမျက်နှာ ၅ ကော်လံ ၅ ❑

မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတား တည်ဆောက်မှုလုပ်ငန်း ၉၃ ရာခိုင်နှုန်း ပြီးစီး

တာချီလိတ် အောက်တိုဘာ ၄

မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ မြန်မာဘက်ကမ်းတည်ဆောက်မှုလုပ်ငန်းအား လုံး၏ ၉၃ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

"မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို မြန်မာနိုင်ငံဘက်ကမ်း ကျိုင်းလပ်မြို့နဲ့ လာအိုနိုင်ငံ လွန်နသန်ပြည်နယ် လောင်းဝ်ခရိုင် ဟွေဟုန်းကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်သွားမှာဖြစ်ပြီး စုစုပေါင်းအရှည် ၆၉၁ ဒသမ ၆ မီတာရှည်လျားပါတယ်၊ မီတာ ၃၀ အခန်းပေါင်း မြန်မာဘက်မှာ ခြောက်ခန်း၊ လာအိုဘက် ငါးခန်းနဲ့ မီတာ ၁၂၀ သုံးခန်းပါဝင်မှာဖြစ်ကာ မြန်မာဘက်က စုစုပေါင်း ၃၆၀ ဒသမ ၈ မီတာကို တာဝန်ယူတည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု မဲခေါင်မြစ်ကူးတံတားစီမံကိန်းတာဝန်ခံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့ (၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦးက ရှင်းလင်းပြောပြသည်။

တံတားမှာ သံမဏိသံပေါင်အမျိုးအစားတံတားဖြစ်ပြီး ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းများဖြင့် တည်ဆောက်မည်ဖြစ်ကာ 1.5 m O Bored Pile Foundation အုတ်မြစ်ဖြစ်သည်။ ယာဉ်သွားလမ်း အကျယ် ၈ ဒသမ ၅ မီတာဖြစ်ပြီး တံတား၏ ဘေးတစ်ဖက်စီတွင် ၁ ဒသမ ၂ မီတာ အကျယ်ရှိ လူသွားလမ်းပါဝင်သည်။ တံတားခံနိုင်ဝန်မှာ AASHTO HS 25 (၇၅)တန်ဖြစ်ပြီး ရေလမ်းကင်းလွတ်နယ် ၁၁၀ မီတာ အကျယ်နှင့် ၁၀ မီတာအမြင့်ရှိသည်။မြန်မာဘက်ကမ်းတည်ဆောက်မှုမှာ သတ်မှတ်ရက်ဖြစ်သည့် ၂၀၁၅ ခုနှစ်မတ်လအကုန်တွင် ရာခိုင်နှုန်းပြည့် ပြီးမြောက်မည်ဖြစ်သည်။

လာအိုဘက်ကမ်း တည်ဆောက်မှုအပိုင်းတွင် အခက်အခဲတချို့ရှိနေသည့်အတွက် မူလသတ်မှတ်ရက်ထက် တစ်လကျော်လောက် နောက်ကျမည်ဟု သိရကြောင်း၊ ထူးခြားမှုတစ်ရပ်အနေဖြင့် တံတားတည်ဆောက်မှုအပိုင်းမှာ မြန်မာအင်ဂျင်နီယာများက ပိုပြီးကျွမ်းကျင်မှုရှိသည့်အတွက် လာအိုဘက်ကမ်းတည်ဆောက်ရေး၏ တချို့နေရာများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးရန် ကမ်းလှမ်းသည့်အတွက် မြန်မာအင်ဂျင်နီယာများက သွားရောက်ကူညီဆောင်ရွက်ပေးရကြောင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦးက ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၂ ◆

မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဝင်ငွေ၊ ထွက်ငွေမျှပါစေ

ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် သုံးစွဲကြသော မိသားစုများသည် ငွေကြေးအခက်အခဲများကို ဖြေရှင်းနိုင်ကြသည့်အပြင် စီးပွားရေးလည်း တိုးတက်လာနိုင်ပေသည်။ ဝင်ငွေထက် ထွက်ငွေများနေသော မိသားစုများသည် စီးပွားရေးအကျပ်အတည်းများ ရင်ဆိုင်လာရတတ်သည်။ ဝင်ငွေ၊ ထွက်ငွေမျှတအောင် ငွေကြေးကိုစနစ်တကျ စီမံခန့်ခွဲသုံးစွဲ၍ အကျိုးရှိရှိသုံးစွဲကြခြင်းဖြင့် တိုးတက်ပြောင်းလဲမှု အခြေအနေတစ်ရပ်သို့ ရောက်ရှိလာနိုင်သည်။

ထို့အတူ ဌာနတစ်ခုဖြစ်စေ၊ ဒေသတစ်ခုဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေ ဝင်ငွေနှင့်ထွက်ငွေမျှတအောင် သုံးစွဲခြင်းဖြင့် တိုးတက်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိလာနိုင်ပါသည်။ နိုင်ငံ တစ်နိုင်ငံအတွက် ဝင်ငွေကိုအများအားဖြင့် အခွန်အကောက်များမှရရှိသည်။ ရရှိလာသော အခွန်အကောက်ဝင်ငွေများကို အများပြည်သူအတွက် အကျိုးရှိသော ဆေးရုံဆေးခန်း၊ ကျောင်း၊ လမ်း၊ တံတားအစရှိသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် သုံးစွဲလေ့ရှိသည်။ အခွန်အကောက်များ တိုးမြှင့်ရရှိလာသည်နှင့်အမျှ အများနှင့်ဆိုင်သော အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ပေးခြင်းဖြင့် တိုးတက်ပြောင်းလဲမှုများ ရရှိလာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ခွင့်ပြုသုံးစွဲငွေများကို ပိုမိုတိုးမြှင့်သုံးစွဲပေးရန် လိုအပ်သကဲ့သို့ ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ပြည့်ဝဝရရှိစေရေး၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေတိုးတက်ရရှိစေရေးတို့ကို အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့အတူ တစ်ဖက်ကလည်းခွင့်ပြုသုံးစွဲငွေများကို စနစ်တကျနှင့် ထိထိရောက်ရောက်အလေ အလွင့်မရှိသုံးစွဲကြရန် အထူးအရေးကြီးပါကြောင်း၊ ထို့အပြင် ခွင့်ပြုသုံးစွဲငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းစီမံကိန်းများသည်လည်း ရည်မှန်းချက်အတိုင်း အောင်မြင်ပြီးမြောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် ယင်းအချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ နိုင်ငံတော် အစိုးရ၏ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် မြန်ဆန်ထိရောက်သော အကျိုးရလဒ် (Quick Win) ရရှိစေနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ရေရှည်အတွက်အခြေခံအုတ်မြစ်ချပေးရမည့်လုပ်ငန်းများကို ရည်မှန်းချက်ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဝင်ငွေတိုးတက်ရရှိရေးနှင့် သုံးငွေများကိုလည်း အကျိုးရှိ ထိရောက်စွာ သုံးစွဲခြင်းဖြင့် တိုးတက်ပြောင်းလဲမှုများ ဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် ဝင်ငွေ၊ ထွက်ငွေမျှတစွာ သုံးစွဲ၍အကျိုးရှိစွာသုံးစွဲနိုင်ရေး ဝိုင်းဝန်း၍ ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ယမန်နေ့မှအဆက်

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပြိုင်ပွဲဆုရရှိသူများကြေညာ

နေပြည်တော် အောက်တိုဘာ ၄

အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ထာဝရအားထား မြတ်ဆရာများခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခင်မြတ်မြတ်ဖြူက လည်းကောင်း၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မရို့စ်မို့မို့မင်းက လည်းကောင်း၊ တတိယဆုကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း (ကပစ ၁) မှ အဋ္ဌမတန်းကျောင်းသူ မယွန်းမီမီ အောင်က လည်းကောင်း ရရှိသည်။

အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ထာဝရအားထား မြတ်ဆရာများခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း (အထက-ခွဲ)မှ သတ္တမတန်းကျောင်းသူ မအိန္ဒြာကျော်က လည်းကောင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း (အထက- ခွဲ)မှ သတ္တမတန်းကျောင်းသူ မအိဖြူခိုင်ကလည်းကောင်း၊ တတိယဆုကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဆုဘရဏီ ကလည်းကောင်း ရရှိသည်။ ပညာရေးတက္ကသိုလ် ပညာရေးကောလိပ် အဆင့် ကဗျာပြိုင်ပွဲကို ကျင့်ဝတ်ငါးဖြာ မြတ်ဆရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မကွေးပညာရေးကောလိပ်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မမွေးမြမြမိုးက လည်းကောင်း၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ်၊လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ နန်းယုယုစိုးက လည်းကောင်း၊ တတိယဆုကို ပခုက္ကူပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသား မောင်ဗန်ရမ်ထန်းကလည်းကောင်း ရရှိသည်။

အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို တပည့်နှင့်ဆရာ၊ ရေနှင့်ကြာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ခန့်စည်သူကလည်းကောင်း ၊ ဒုတိယဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ကောင်း ဆက်ဟိဏ်းကလည်းကောင်း၊ တတိယဆုကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသားမောင်ဆိုင်ဂူက လည်းကောင်းရရှိသည်။

အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို တပည့်နှင့်ဆရာ၊ ရေနှင့်ကြာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ပထမဆုကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခင်စုစုစံကလည်းကောင်း၊ ဒုတိယဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ကွတ်ရွာအမှတ် (၁၅) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်သူရ အောင်ကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုယွန်းရွှေရည် ကလည်းကောင်း ရရှိသည်။

ပညာရေး ကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူ ကားချပ်ပြိုင်ပွဲတွင် ပထမဆုကို ဘိုကလေးပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို တောင်ကြီး ပညာရေးကောလိပ်ကလည်းကောင်း၊ တတိယဆုကို သယ်နံးကျွန်း ပညာရေးကောလိပ်ကလည်းကောင်း ရရှိသည်။

ပညာရေး ကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှု ပြိုင်ပွဲ သင်ထောက်ကူပုံစံငယ် ပြိုင်ပွဲတွင် ပထမဆုကို မုံရွာပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို ရန်ကင်း ပညာရေးကောလိပ်က လည်းကောင်း၊ တတိယဆုကို မိတ္ထီလာပညာရေးကောလိပ်က လည်းကောင်း ရရှိသည်။

ပညာရေး ကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူ သေတ္တာပြိုင်ပွဲတွင် ပထမဆုကို မန္တလေးပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို ပုသိမ်ပညာရေးကောလိပ်ကလည်းကောင်း၊ တတိယဆုကို စစ်ကိုင်း ပညာရေးကောလိပ်ကလည်းကောင်း ရရှိသည်။

ပညာရေး ကောလိပ်များ၏ အခြေခံပညာအဆင့် သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ သင်ထောက်ကူ Electronic Teaching Aids ပြိုင်ပွဲတွင် ပထမဆုကို တောင်ငူပညာရေးကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို လှည်းကူးပညာရေးကောလိပ်က လည်းကောင်း၊ တတိယဆုကို မြောင်းမြပညာရေးကောလိပ်က လည်းကောင်း ရရှိသည်။

ပညာရေး ကောလိပ်များ၏ သုတေသနစာတမ်း (Action Research) ပြိုင်ပွဲတွင် ပထမဆုကို မန္တလေးပညာရေးကောလိပ်က လည်းကောင်း၊ ဒုတိယဆုကို မော်လမြိုင်ပညာရေးကောလိပ်က လည်းကောင်း၊ တတိယဆုကို ပခုက္ကူပညာရေးကောလိပ်ကလည်းကောင်း ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများ အားလုံးသည် ဦးစီးဝင်း၊ နေပြည်တော် ပညာရေး ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၀၂၅၁၃- ၅၄၉ ၊ ဦးဟန်ဝင်း လက်ထောက်ညွှန်ကြား ရေးမှူး ဖုန်း- ၀၉-၄၉၂၂- ၀၄၀၀ထံသို့ မပျက်မကွက် ရောက်ရှိကြောင်း သတင်းပို့၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) အဆောင် 606 ၊ 607 ၊608 ၊609 တွင် လူကိုယ်တိုင်ရောက်ရှိ(မပျက် မကွက်) တည်းခိုနေထိုင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂)တွင် ဖော်ပြပါရှိသည့် ၂၀၁၄ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိသူများ သတင်းတွင် ဆရာသည်သာ အက္ခရာ **အစား** ဆရာသည်သာ အခရာ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

အရန်မီးသတ် သင်တန်းဆင်း

ရေး အောက်တိုဘာ ၄

မွန်ပြည်နယ် ရေးမြို့ အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းထူးချွန်ဆုရ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ **နေမျိုးထွန်(ရေး)**

ပြည်တွင်းသတင်း

မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာများတွေ့ဆုံဆွေးနွေးပွဲကျင်းပ

မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာထိတွေ့ဆက်ဆံရေးတွင် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများ ပိုမိုရှိရန်ရည်ရွယ်ချက်ဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားရေး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် မီဒီယာတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည့် မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)တို့က အဖွင့်ဆွေးနွေးပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါက်တာအောင်ထွန်းသက်က ဆောင်ရွက်သည်။

ဆက်လက်၍ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မဏ္ဍိုင်(၃)ရပ်မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့မှ သတင်းမီဒီယာဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် သတင်းမီဒီယာတို့မှ စုစုပေါင်း ကိုယ်စားလှယ် ၁၅၀ တက်ရောက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် သတင်းမီဒီယာကဏ္ဍအား မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် သတင်းမီဒီယာများမှ ဆွေးနွေးခြင်း၊ ထိုဆွေးနွေးရရှိမှုများ အပေါ်မူတည်၍ ရှေ့လုပ်ငန်းစဉ်များ ပြုစုခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ Deutsche Welle နှင့် International Media Support တို့နှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာတိုက်နှင့်ကြေးနန်းလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၄

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာတိုက်နှင့်ကြေးနန်းလုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာတိုက်နှင့်ကြေးနန်းလုပ်ငန်းသည် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းဖြစ်သဖြင့် သုံးစွဲသူ၏ လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အစည်းကောင်းရာကောင်းကျိုးကို မိမိတို့ကိုယ်တိုင် လုပ်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာတိုက်နှင့်ကြေးနန်းလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများက ဒေသတစ်ခုချင်းအလိုက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ပြုပြင်ဆောင်ရွက်သင့်သော အချက်များနှင့် အကြံပြုချက်များကိုလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ဂျာမနီသံတမန်ဆက်သွယ်မှုနှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂီတနှင့် ကာတွန်းပဒေသာပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

မြန်မာ-ဂျာမနီ သံတမန်ဆက်သွယ်ထူထောင်မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ် ရှေထောင့်ပြောင်းမယ့်မြင့်ကွင်းများ အမည်ရှိ ဂီတနှင့် ကာတွန်းပဒေသာပွဲကို ယမန်နေ့ ည ၇ နာရီတွင် ဒဂုံမြို့နယ်အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E.Mr.Christian-Ludwig Weber-Lortsch နှင့် ဇနီး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် Goethe-Institut ၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ ဂီတဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ Goethe-Institut ၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ Mr.Franz Xaver Augustin က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ ဂီတပညာရှင်များ၊ ကာတွန်းပညာရှင်များ ပူးပေါင်းဖော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လိုက်ပါစီးနင်းသည့် ခရီးသည် ပိုမိုများပြားလာကြောင်း ဒေသခံခရီးသည်တစ်ဦးက ဆိုသည်။

အဆိုပါ ပန်းဆိုးတန်း-ဒလကူးတို့လမ်းရှိ သစ်သားပျဉ်ထောင်လက်မှတ်ရုံအဟောင်းမှာ အိုဟောင်းနေပြီး ခရီးသည်နားနေဆောင်သည်လည်း လူများများနားနေရန် မဆံ့တော့၍ ရေဆင်းတံတားဟောင်းနှင့်တကွ အားလုံးဖြိုဖျက်ကာ ပြီးခဲ့သည့် ဧပြီလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်ဆိပ်ကမ်းဖြတ်သွားဖြတ်လာကူးတို့စီးခရီးသည်များသည် တစ်ရက်လျှင် လူဦးရေ သုံးသောင်းနီးပါးရှိနေကြောင်း၊ ယခင်ရေဆင်းတံတားဟောင်းတစ်ခုတည်းကြောင့်အတက်အဆင်းကူးတို့စီးခရီးသည်များ အခက်အခဲများရှိလာကြကြောင်း၊ ထို့အတွက်ကြောင့် JICA မှ ကူးတို့စီးခရီးသည်များအတွက် ရေဆင်းတံတား အတက်နှင့်အဆင်းသီးသန့်စီအသုံးပြုနိုင်ရန် လျှုဒါန်းခြင်းဖြစ်ကြောင်း ဒလဆိပ်ကမ်းမန်နေဂျာ ဦးဇော်ဇော်မောင်က ရှင်းပြခဲ့သည်။

" အရင်တုန်းက ဒလမြို့နယ်က မဖွံ့ဖြိုးသေးဘူးဆိုတော့ ရေဆင်းတံတားတစ်ခုတည်းနဲ့ အဆင်ပြေခဲ့ပါတယ်၊ အခုကျတော့ ဒလမြို့နယ်က ဖွံ့ဖြိုးလာပြီဆိုတော့ ရေဆင်းတံတားအဟောင်းကိုဖြိုချလိုက်ပါတယ်၊ လက်ရှိကွန်ကရစ်နဲ့ စနစ်တကျဆောင်ရွက်တည်ဆောက်ထားတဲ့ ရေဆင်းတံတားနှစ်ခု အသစ်လုပ်လိုက်ပါပြီ၊ ခရီးသည်တွေအတက်အဆင်းပြုလုပ်ကြမယ့် ရေဆင်းတံတား အသစ်နှစ်ခုကလည်း ကွန်ကရစ်ဗောလာချပြီးတာနဲ့ ချိတ်မယ်၊ ကွန်ကရစ်ဗောနဲ့ ခရီးသည်အတက်အဆင်းရေဆင်းတံတားတစ်ခါတည်းတွဲချဖို့များပါတယ်၊ ဒါတင်မဟုတ်ဘူး၊ ချယ်ရီ ၁၂၂ ဆိုတဲ့ သင်္ဘောသုံးစင်းလာပါဦးမယ်၊ အဲ့ဒီသင်္ဘောသုံးစင်းနဲ့ ဒလဆိပ်ကမ်းက ဆိပ်ခံဗောနှင့် ရေဆင်းတံတားနှစ်ခုရယ် အားလုံးတစ်တွဲတည်း JICA က လျှုဒါန်းလိုက်တာပါ " ဟု ပန်းဆိုးတန်း-ဒလကူးတို့လမ်းရှိ ဒလဆိပ်ကမ်းမန်နေဂျာ ဦးဇော်ဇော်မောင်က ပြောသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မတူပီ၌ ကျင်းပ

မတူပီ အောက်တိုဘာ ၄

အနှစ်(၅၀)ပြည့်နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်က မတူပီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘင်နီဇိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ရဲချုပ်ဇော်ဝင်းက ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တာဝန်ကျေပွန်သည့် တပ်ဖွဲ့ဝင်များ၊ လုပ်ငန်းထူးချွန်ဂုဏ်ပြုဆုများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်း

အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး မြောက်ကိုရီးယားထိပ်တန်း ပုဂ္ဂိုလ်သုံးဦးတက်ရောက်အားပေး

တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၊ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာသော မြောက်ကိုရီးယားထိပ်တန်းပုဂ္ဂိုလ်များ အား တွေ့ရစဉ်။

ဆိုးလ် အောက်တိုဘာ ၄

တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် ၁၅၁ခု၊ ငွေတံဆိပ် ၁၀၈ခု၊ ကြေး တံဆိပ် ၈၃ ခုဖြင့် ပထမရရှိသည်။ အိမ်ရှင်တောင်ကိုရီးယားက ရွှေတံဆိပ် ၇၉ခု၊ ငွေတံဆိပ် ၇၁ခု၊ ကြေးတံဆိပ် ၈၄ ခုဖြင့် ဒုတိယ ရရှိကာ ဂျပန်က ရွှေတံဆိပ် ၄၇ခု၊ ငွေတံဆိပ် ၇၆ခု၊ ကြေးတံဆိပ် ၇၇ခုဖြင့် တတိယ ရရှိခဲ့သည်။ မြန်မာနိုင်ငံက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုရရှိပြီး နိုင်ငံအလိုက် အဆင့် (၂၀) ရရှိခဲ့သည်။

အဆိုပါ အာရှအားကစားပြိုင်ပွဲသို့ မြောက်ကိုရီးယားမှ ထိပ်တန်းတာဝန်ရှိသူသုံးဦးသည် ရှားရှားပါးပါး အဆင့်မြင့်အဆင့် ဆွေးနွေးပွဲပြုလုပ်ရန် အလားအလာများဖြင့် တက်ရောက်ခဲ့ကြသည်။ မြောက်ကိုရီးယားအဖွဲ့ကို ဦးဆောင်လာသော ဟွမ်ပြု့ဆိုသည် ခေါင်းဆောင် ကင်ဂျုံအန်းပြီးလျှင် ဒုတိယအကြီးဆုံးပုဂ္ဂိုလ်ဖြစ်ဖွယ်ရှိသည်ဟု သတင်းများက ဖော်ပြသည်။ **(ဘီဘီစီ)**

(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။

အာဖဂန်ကို အထီးကျန်ပစ်ပယ်ထားမည်မဟုတ် ပြိတိန်ဝန်ကြီးချုပ်ပြောကြား

ကဘူးလ် အောက်တိုဘာ ၄

စစ်ပွဲကြောင့် ယိုယွင်းပျက်စီးနေသော အာဖဂန်နစ္စတန်နိုင်ငံကို အထီးကျန်ထားပြီး ထွက်သွားမည်မဟုတ်ကြောင်း ပြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားလိုက်သည်။

"ပြိတိန်နိုင်ငံဟာ အာဖဂန်နစ္စတန်နိုင်ငံရဲ့ မိတ်ကောင်းဆွေကောင်းနိုင်ငံပါ။ အမိကပေါင်းဖော်ဖက်နိုင်ငံပါ"ဟု အာဖဂန်သမ္မတသစ် အက်ရှ်ရပ်(ဖ်)ဂါနီနှင့်အတူ ကဘူးလ်မြို့၌ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဒေးဗစ်ကင်မရွန်းက ပြောကြားလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့အားလုံးဟာ အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ငြိမ်ရေး၊ ကြီးပွားတိုးတက်ရေးအတွက် ဘုံရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြတာဖြစ်ပါတယ်"ဟုလည်း ၎င်းကထပ်လောင်းပြောကြားသည်။

ပြိတိန်အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် တပ်ဖွဲ့ဝင်များထွက်ခွာသွားပြီးနောက် အထီးကျန်နိုင်ငံအဖြစ် ပစ်ပယ်ထားမည်မဟုတ်ကြောင်း ၎င်းက အလေးအနက်ပြောကြားလိုက်သည်။

မစ္စတာကင်မရွန်းသည် အာဖဂန်နစ္စတန်နိုင်ငံသို့ ကြေညာခြင်းမပြုဘဲ လာရောက်ခဲ့ရာ အာဖဂန်သမ္မတသစ်လက်ထက်တွင် ပထမဆုံးလာရောက်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာသည်။ **(ပရက်စ်တီဗွီ)**

ပြန်ပေးဆွဲခံရသော ပြိတိန်နိုင်ငံသားကို အိုင်အက်စ်စစ်သွေးကြွများက သတ်ဖြတ်

လန်ဒန် အောက်တိုဘာ ၄

ပြန်ပေးဆွဲခံရသော ပြိတိန်နိုင်ငံသား အလန်ဟင်နင်အား ခေါင်းဖြတ်ကွပ်မျက်လိုက်သည့် ဗီဒီယိုအခွေကို အိုင်အက်စ်စစ်သွေးကြွများက ထုတ်ပြန်လိုက်သည်။

ဆဲလ်ဖို့ဒ်မြို့သား အလန်ဟင်နင်သည် အဘွားယာဉ်မောင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပြီး ဒီဇင်ဘာလအတွင်းက ဆီးရီးယားနိုင်ငံသို့ အကူအညီပေးရန်အသွား အိုင်အက်စ်စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ပြိတိန်နိုင်ငံသား ဒေးဗစ်ဟိုင်းနက်စ်အား ကွပ်မျက်သည့် ဗီဒီယိုတွင် အလန်ကို သတ်ပစ်မည်ဟု အိုင်အက်စ်တို့က ခြိမ်းခြောက်ခဲ့သည်။ အဆိုပါ ဗီဒီယိုတွင် အိုင်အက်စ်တို့က အမေရိကန် အကူလုပ်သား ပီတာကက်ဆစ်ကိုလည်း သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။

ပြိတိန်နိုင်ငံအနေဖြင့် ယင်းလူသတ်တရားခံများကို စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန် ကြိုးပမ်းအားထုတ်သင့်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောသည်။

အိုင်အက်စ်တို့က ကလေးနှစ်ယောက်အဖေ အသက် ၄၇ နှစ်အရွယ်ရှိ မစ္စတာဟင်နင်ကို သတ်လိုက်ခြင်းသည် အလွန်ရိုင်းစိုင်းပြီး လူသားချင်းစာနာမှုကင်းမဲ့ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

"အလန်ရဲ့ဇနီး ဘာဘရာနဲ့ သူ့ကလေးတွေ၊ သူ့ကိုချစ်တဲ့သူတွေနဲ့အတူ အလန်ကောင်းရာသုဂတိ ရောက်ပါစေလို့ ဆုတောင်းပါတယ်" ဟု လည်း ၎င်းကပြောကြားသည်။

အလန်သည် ဆီးရီးယားနိုင်ငံအတွင်း ပြည်သူများအား ကူညီပေးရန်သွားရောက်ခဲ့စဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ "သူက ဘာမှ အပြစ်မရှိတဲ့သူပါ။ လူအများကို ကူညီနေတဲ့လူပါ"ဟုဇနီးဖြစ်သူ ဘာဘရာက ပြောသည်။ **(ဘီဘီစီ)**

အစိုးရကိုထောက်ခံသူများနှင့် ဒီမိုကရေစီအရေးဆိုသူများအကြား ပဋိပက္ခဖြစ်ပွား

ဟောင်ကောင် အောက်တိုဘာ ၄

ဦးထုပ်မာ (Helmet) ဆောင်းထားသူအချို့အပါအဝင် အပြန်အလှန်ဆန္ဒပြသူ တစ်ထောင်ကျော်တို့သည် ဟောင်ကောင်၏ လူဦးရေထူထပ်ပြီးဆန္ဒပြမှုများ ဖြစ်ပွားနေသည့် ရပ်ကွက်များ၌ ယနေ့ရင်ဆိုင်တွေ့ကြရာ ဆယ်စုနှစ်များစွာအတွင်း အဆိုးဆုံးဖြစ်ပွားမှုကြောင့် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်ပူပန်မှုများ မြင့်မားလာရသည်။

ပေကျင်းရှိ တရုတ်အစိုးရကို ထောက်ခံသူများနှင့် ဒီမိုကရေစီအရေး ဆန္ဒပြသူများအကြား ပဋိပက္ခဖြစ်ပွားရာမှ လူ ၁၉ ဦးအဖမ်း ခံခဲ့ရပြီးနောက် ဟောင်ကောင်ရှိ အစိုးရထောက်ခံသူများက လှည့်လည်ဆန္ဒပြခဲ့ကြသည်။

အဓိကရုဏ်းနှင့် ပတ်သက်၍ ဟောင်ကောင်ရဲတပ်ဖွဲ့၏ ကိုင်တွယ်ပုံကို မြို့ခံလူထုက မချင့်မရဲနှင့် ဒေါသအမျက်ထွက်ခဲ့ကြသည့်အပြင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လူဆိုးဂိုဏ်းများနှင့် ပေါင်းခဲ့ကြကြောင်း အချို့က စွပ်စွဲခဲ့ကြသည်။

ဟောင်ကောင်၏ခေါင်းဆောင် ရွေးချယ်ခွင့်နှင့်စပ်လျဉ်း၍ အချုပ်အချယ်ကင်းစေရေးအတွက် ပေကျင်းက အာမခံချက်ပေးရန် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုမှုကြီးမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ပြီးနောက် ယမန်နေ့ညပိုင်းတွင် အရုပ်ဆိုး အကျည်းတန်သည့် အခြေအနေသို့ ရောက်ရှိသွားခဲ့ရသည်။

ကမ္ဘာပေါ်တွင် လူနေအထူထပ်ဆုံးနေရာများအနက် တစ်ခုအပါအဝင်ဖြစ်သော မောင်းကောက်ရပ်ကွက်အတွင်းရှိ လမ်းကျဉ်းများအတွင်း လူ ၂၀၀ ခန့်ဖြင့် ပြည့်နှက်နေခဲ့ပြီးနောက် ရဲတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ကိရိယာများ သုံးစွဲကာ ပြင်းပြင်းထန်ထန်နှိမ်နင်း၍ အခြေအနေကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။

လူဆိုးဂိုဏ်းဝင်ဟု သင်္ကာမကင်းဖွယ် လူရှစ်ဦးကို ရဲကဖမ်းဆီးခဲ့ပြီး ၁၈ ဦး ဒဏ်ရာရခဲ့သည့် အနက် ခြောက်ဦးမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြသည်ဟု အသံလွှင့်ဌာနတစ်ခုက ထုတ်လွှင့်ခဲ့သည်။ **(ရိုက်တာ)**

အိန္ဒိယနိုင်ငံ၌ လူအုပ်စုလိုက်ပြုကိုးခြင်းကြောင့် ၃၂ ဦးထက်မနည်းသေဆုံး

နယူးဒေလီ အောက်တိုဘာ ၄

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ် ဟိန္ဒူဘာသာရေးပွဲတော်၌ လူအုပ်စုလိုက်ပြုကိုးခြင်းကြောင့် ၃၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

ပြည်နယ်မြို့တော် ပန်တာမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ အခြား ၂၄ ဦးသည် ပြည်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေရကြောင်း ဘီဟာပြည်နယ်အကြီးအကဲက ဘီဘီစီသို့ပြောခဲ့သည်။

မည်သည့်အကြောင်းကြောင့် ယခုကဲ့သို့ လူများပြုကိုးခဲ့သည်ကို တိတိကျကျ မသိရသေးသော်လည်း ပွဲတော်ကျင်းပရာ လဟာပြင်၌ လူများအဆမတန်များပြားလာပြီး အတင်းတိုးဝှေ့ခဲ့ခြင်းကြောင့် ဖြစ်နိုင်သည်ဟု အစောပိုင်းသတင်းများက ဖော်ပြခဲ့သည်။

မျက်မြင်သက်သေများက လျှပ်စစ်ဝိုင်ယာကြိုး ပြတ်ကျမှုဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

လူများပြန်ထွက်ရန် ထွက်ပေါက်များအနက် တစ်ခုကိုသာဖွင့်ထားသဖြင့် လျှပ်စစ်ဝိုင်ယာကြိုးပြတ်ကျချိန်၌ အတင်းတိုးဝှေ့ထွက်ခြင်းကြောင့်ဖြစ်သည်ဟု အခင်းဖြစ်ပွားချိန်၌မျက်မြင်တွေ့ရှိသူ ဒေသသတင်းထောက်က ပြောခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ဟိန္ဒူပွဲတော်များသည် လူများစုပြုကိုးခြင်းကြောင့် သေဆုံးမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ **(ဘီဘီစီ)**

အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့်အဖွဲ့ ဝတ်ပြုဆုမွန်ကောင်းတောင်း

ရန်ကုန် အောက်တိုဘာ ၄

အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီး His Holiness Karekin II ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ Armenian Church of St.John the Baptist အာမေးနီးယန်း ခရစ်ယာန်ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ဘုရားကျောင်း၌ ကျမ်းစာဖတ်ခြင်း၊ ဝတ်ပြုဆုမွန်ကောင်း တောင်းပေးခြင်း (**ယာပုံ**) စသည့် သန့်ရှင်းသော ဝတ်ပြုခြင်း (Holy Mass)ကိစ္စရပ်များကို ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံသူ ကျကျန်ခဲ့သည့်ကျောပိုးအိတ်ကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီစုံစမ်းရှာဖွေပြီး ပြန်လည်အပ်နှံ

နေပြည်တော် အောက်တိုဘာ ၄

စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံရွှေပိုးအိမ်ဟိုတယ်တွင် တည်းခိုနေထိုင်သော ပြင်သစ်နိုင်ငံသူ Ms.Robinson Lorraing သည် E-Bike လျှပ်စစ် စက်ဘီးဖြင့် ဖွားစော(အနောက်)ရွာမှ ပြာသာဒ်ကြီးဘုရားသို့ မြေသားလမ်းအတိုင်းသွားရောက်ခဲ့ပြီး ပြာသာဒ်ကြီးဘုရားအရောက် စက်ဘီးနောက်ကယ်ရီယာပေါ်တွင်တင်၍ သယ်ဆောင်လာသော ကျောပိုးအိတ်မှာ ကျကျန်နေခဲ့ကြောင်း သိရှိရသဖြင့် လှည့်ကင်းဆောင်ရွက်နေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (ပုဂံ)မှ တပ်ဖွဲ့ဝင်များအား ကူညီရှာဖွေပေးရန် အကြောင်းကြားခဲ့သည်။

အဆိုပါအိတ်အား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက လိုက်လံကူညီစုံစမ်းရှာဖွေနေစဉ် ကျောပိုးအိတ်အနက်ရောင်တစ်လုံးကို ဖွားစော(အနောက်)နေ ကိုသန်းမင်းကို (၂၁ နှစ်)က ကောက်ရထားကြောင်း ကိုယ်တိုင် ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားချက်အရ ကိုသန်းမင်းကို၏ နေအိမ်သို့သွားရောက်ခဲ့ပြီး အိတ်ကိုပြသရာ Ms.Robinson Lorraing က ၄င်းကျကျန်ခဲ့သည့်အိတ်ဖြစ်ကြောင်း၊ အိတ်အတွင်း၌ ပိုက်ဆံအိတ်အသေးနှစ်လုံးပါရှိပြီး ပန်းရောင်ပိုက်ဆံအိတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၀၀၊ ပိုက်ဆံအိတ်အနီရောင်အတွင်း မြန်မာငွေကျပ် ၅၀၀၀၀၊ မြေပုံစာရွက် တစ်ရွက်နှင့် မှတ်စုစာအုပ်တစ်အုပ်တို့ပါရှိကြောင်း ပြောပြသိရှိရ၍ ကြည့်ရှုရာ မှုန်ကန်သဖြင့် ပစ္စည်းများကို ပိုင်ရှင်ဖြစ်သူ Ms.Robinson Lorraing ထံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

ပြည်တွင်းသတင်း

❑ *ရှေ့ဖုံးမှ*

လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **(မိုး/ဧလ)**

အောက်တိုဘာ ၁ ရက်က ချမ်းမြသာစည်မြို့နယ် သံလျက်မှော်ရပ်ကွက်ရှိ မြို့မရဲစခန်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲမှူးကြီး ဟန်ထွန်းနှင့် သံလျက်မှော် ရပ်မိရပ်ဖဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (တိုင်း ပြန်/ဆက်)

စစ်ကိုင်းမြို့တွင် ဘိန်းစိမ်း ၄ ဒသမ ၈၉၉ ကီလို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၄

ဆန်းဦးနှင့် စိုးလွင်တို့နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အောက်တိုဘာ ၂ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၄) နှင့် မူးယစ်တပ်ဖွဲ့စု (၁၈)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရကျောက်ဆည်မြို့နယ် တောင်တော်လမ်းဆုံတွင် မော်တော်ဆိုင်ကယ်ကယ်ရီဖြင့်ရောက်ရှိလာသည့် ဆန်းဦးအား ရှာဖွေရာ မူးယစ်ဆေးဝါး မတွေ့ရှိသော်လည်း ၎င်းအားစစ်ဆေးဖော်ထုတ်ချက်အရ စစ်ကိုင်းမြို့ အဝိုင်းပတ်အနီးတွင် စိုးလွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ မော်တော်ဆိုင်ကယ်ကာဘာများ အတွင်းမှ ဘိန်းစိမ်း ၄ ဒသမ ၈၉၉ ကီလို သိမ်းဆည်းရမိသဖြင့် ဆန်းဦး(၃၉ နှစ်)နှင့် စိုးလွင်(၃၈ နှစ်) တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီမြို့တွင် စိတ်ကြွရှူးသွပ်ဆေးပြား ၁၈၇၇ ပြား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၄

အောက်တိုဘာ ၂ ရက်က မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၄)နေပြည်တော်မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ရပ်ကွက်(၄)နေ မမြဒါဦး(ခ)ယဉ်ယဉ်သန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မဝင်းဝင်းထွန်းနှင့် မတင်တင်ထွေးတို့အား တွေ့ရှိပြီး အိပ်ခန်းရှိဗီရိုအတွင်းမှ စိတ်ကြွရှူးသွပ်ဆေးပြား ၁၈၇၇ ပြား သိမ်းဆည်းရမိသဖြင့် မမြဒါဦး(ခ)ယဉ်ယဉ်သန်း(၂၇ နှစ်)၊ မဝင်းဝင်းထွန်း(၂၉ နှစ်) နှင့် မတင်တင်ထွေး (၃၆ နှစ်)တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

မြဒါဦး(ခ)ယဉ်ယဉ်သန်း၊ မဝင်းဝင်းထွန်းနှင့် မတင်တင်ထွေးတို့သုံးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဧရာင်းပါး

ဆွစ်ကျေးလက်တစ်နေရာ လယ်တောခြံလေးမှ အပြန် သမိန်ဖြတ်၈

ဆွစ်ဇာလန်နိုင်ငံဟူသည် ဥရောပတိုက်အလယ်ပိုင်းတွင် လီချင်စတိန်း၊ ဩစတြီးယား၊ ပြင်သစ်၊ အီတလီနှင့် ဂျာမနီနိုင်ငံတို့ ဝန်းရံထားသော ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ Alpine Country ဟု သိရှိထားကြသော ဆွစ်ဇာလန်နိုင်ငံသည် အဲ့လ်ပ်စ်တောင်တန်းများ၊ အဲ့လ်ပ်စ်တောင်တန်းအစ တောင်တန်းများတည်ရှိရာ အရပ်ဒေသလည်းဖြစ်သည်။ ဆွစ်ဇာလန်ဟု ဆိုလိုက်သည်နှင့် လက်ပတ်နာရီအမျိုးမျိုးကို မြင်ယောင်မိကြမည်။ ဂျနီဗာ မြို့တော်ကြီးကို ဆွဲ၍မြင်မိကြမည်။ ဇူးရစ်ရွှေစျေးကွက်နှင့် ဘဏ်လုပ်ငန်းများကို မြင်ယောင်မိကြပါလိမ့်မည်။ တကယ်တမ်းတွင်လည်း ဆွစ်ဇာလန်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ စက်တင်ဘာ ၆ ရက်က ဘန်းမြို့နယ်အတွင်းရှိ အသုံးချသိပ္ပံပညာတက္ကသိုလ် စိုက်ပျိုးမွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သည် အေးချမ်းတည်ငြိမ်၍ သပ်ရပ်သန့်ရှင်းသော ပုံရိပ်များကို ခံစားမိစေသည်။ ပန်းမြို့တော်၊ ချယ်ရီမြေ အစရှိသဖြင့် တင်စားခေါ်တွင်လေ့ရှိသော ပြင်ဦးလွင်နှင့် ရာသီဥတုဆင်ဆင်တူသည်ဟု ထင်မြင်မိသည်။ အိုင်းစတိုင်းပြတိုက်သို့ သွားရာလမ်းတွင်လည်း ယာဉ်ကြောထူထပ်မှုကြောင့် စောင့်ဆိုင်းရသည်များလည်း ကြုံတွေ့ခဲ့ရသည်။ ဖြတ်သန်းခဲ့ရသော မော်တော်ကားလမ်းများမှာ တစ်ဖက်လျှင် နှစ်ကြောင်းစီသာရှိသော်လည်း ထူးခြားချက်မှာ ယာဉ်မောင်းများ၊ စီးနင်းသူများ၏ စည်းကမ်းရှိမှု၊ အပြန်အလှန်လေးစားမှုပင်ဖြစ်သည်။

စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ဘန်းမြို့ရှိ Bern Historical Museum ပြတိုက်အတွင်းသို့ ကိုယ်စားလှယ်အဖွဲ့ ယာဉ်တန်းဖြင့် ထွက်ခွာလာခဲ့သည်။ ရှေ့ပြေးလုံခြုံရေးယာဉ်များဖြင့် မောင်းနှင်နေသော နိုင်ငံတော်၏ ဧည့်သည်တော် ယာဉ်တန်းပင်ဖြစ်လင့်ကစား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရကြောင်းလည်း သတိပြုမိသည်။ အဲလ်ဗတ်အိုင်းစတိုင်းဆိုသည်နှင့် ရီလေတီဗတီသီအိုရီ၊ အဏုမြုံးထုတ်လုပ်နိုင်သည့် ဖော်မြူလာတီထွင်ခဲ့သူ စသည်ဖြင့် သတိရမိကြပေလိမ့်မည်။ အိုင်းစတိုင်းပြခန်းကို လေ့လာပြီးနောက် ရှင်းလင်းဆောင်သို့ရောက်ရှိသောအခါ အထူးစိတ်ဝင်စားဖွယ်ရာကောင်းသည့် ရှင်းလင်းပွဲတစ်ရပ်ကို ကြုံတွေ့လိုက်ရသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်စနစ်၊ အုပ်ချုပ်ရေးစနစ်တို့အကြောင်းကို House of Cantons ပြည်တွင်းရေးရာဌာန အကြီးအက၊ ဘန်းပြည်နယ် ဆက်သွယ်ရေးဌာနအကြီးအကဲနှင့် ဘန်းမြို့ အုပ်ချုပ်ရေးမှူးတို့က အသီးသီး ရှင်းလင်းကြခြင်းပင်ဖြစ်သည်။

"ဖက်ဒရယ်" ဟူသော စကားလုံးသည် လက်ရှိမြန်မာနိုင်ငံတွင် အထူးပင် ရေပန်းစားနေသော စကားလုံးဖြစ်ရုံသာမက နိုင်ငံကြီးများအကြားရှိ ဆွစ်ဇာလန်ကဲ့သို့သော နိုင်ငံကလေးတွင် မည်သို့သော ဖက်ဒရယ်စနစ်မျိုးဖြင့် ရှင်သန်ရပ်တည်စွမ်းကို ထိန်းသိမ်းထားသည်မှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုပြိုကွဲမည့်အရေး ကြုံခဲ့ရသည်ဟု သိရှိထားခဲ့ကြသော်လည်း ယခုအချိန် နိုင်ငံတော်သမ္မတကြီးလက်ထက်၌ ဖက်ဒရယ်အသံတည်ံနှင့် ဆွေးနွေးငြင်းခုန်နေကြပြီ မဟုတ်ပါလော။

တာဝန်ရှိသူများက ဆွစ်ဇာလန်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ကို ဖက်ဒရယ်အဆင့်၊ ကန်တုံ (Canton) အဆင့်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ(Commune) အဆင့်တို့ကို အုပိုင်းသုံးပိုင်းခွဲပြီး ရှင်းလင်းတင်ပြကြသည်။ ဆွစ်ဇာလန်နိုင်ငံသည် ၁၂၉၁ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်သည့်ဒေသများ မဟာမိတ်ဖွဲ့ထားသည့် ပြည်ထောင်စုမဟာမိတ်နိုင်ငံတစ်ခု (Confederation) အဖြစ် စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းအချိန် ယင်းကာလက ဒေသများအနေဖြင့် မဟာမိတ်နိုင်ငံမှခွဲထွက်လိုပါက ခွဲထွက်ခွင့်ရှိခဲ့သည်ဟု သိရှိရသည်။ ၁၉၄၇ ခုနှစ်ပင်လုံစာချုပ်တွင် ပါရှိခဲ့သော "ခွဲထွက်ပိုင်ခွင့်"နှင့် သမိုင်းကြောင်း ဆင်ဆင်တူနေကြောင်း တွေ့ရှိရသည်။ ၁၇၉၈ ခုနှစ်တွင် ပြင်သစ်ကျူးကျော်မှုပေါ် ပေါက်ရာမှ ဆွစ်ဇာလန်နိုင်ငံ၏ သမိုင်းကြောင်းအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ယင်းအချိန်မှစတင်ကာ Confederation အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများစတင်ခဲ့ပြီး ၁၈၄၈ ခုနှစ်တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ခဲ့သည်ဟု ရှင်းပြကြသည်။ ၁၈၄၈ ခုနှစ်ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်တစ်ခုချင်းစီ၏ အာဏာကိုကန့်သတ်ကာ အပြန်အလှန်ထိန်းညှိစေခဲ့သည်ဟု သိရှိရသည်။ နိုင်ငံခြားရေးမူဝါဒကဲ့သို့ အချို့နယ်ပယ်များကို ဗဟိုအစိုးရ၏ လက်ဝယ်တွင်ထားရှိပြီး ကန်တုံများ ခွဲထွက်ခွင့်မရှိတော့ဟုဆိုသည်။ ဆွစ်ဇာလန်နိုင်ငံရေးလောကတွင် ကိစ္စတစ်ရပ်ရပ်ကို ဆွေးနွေးဆုံးဖြတ်ကြရာတွင် တစ်ဦးနှင့်တစ်ဦး ဆွေးနွေးညှိနှိုင်း၍ အပေးအယူပြုလုပ်ကာ တူညီဆန္ဒရရှိရန် ဆောင်ရွက်သော နိုင်ငံရေးယဉ်ကျေးမှု တည်တံ့လျက်ရှိပြီး ယင်းနိုင်ငံရေးယဉ်ကျေးမှုကို ဆွစ်ဇာလန်နိုင်ငံက ဂုဏ်ယူဝင့်ကြွားစွာ ရှင်းလင်းပြောကြားကြသည်။

သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းဟူသော နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တဖွဖွထုတ်ဖော်ပြောကြားနေသူဖြစ်ရာ ဆွစ်နိုင်ငံရေးယဉ်ကျေးမှုကို အားကျကောင်း အားကျနေမည်ဟု တွေးမိသည်။ မြန်မာနိုင်ငံကဲ့သို့ပင် လွှတ်တော်(၂)ရပ်တည်ရှိပြီး ယင်းလွှတ်တော်များတွင် ဂျာမန်၊ ပြင်သစ်၊ အီတလီနှင့် Romansh ဟူ၍ ဘာသာစကား လေးမျိုးအသုံးပြုရကြောင်း သိရှိရသောအခါ အံ့သြမိသည်။ စေ့စပ်ညှိနှိုင်း၍ မရရှိတော့ဘဲ မတတ်သာသည့် အခြေအနေရောက်ရှိလာမှသာ မဲခွဲဆုံးဖြတ်သည့်အဆင့်သို့ ဆောင်ရွက်လေ့ရှိကြောင်း သိရှိရသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် Canton နှင့် Commune အစိုးရများ၏ အခန်းကဏ္ဍမှာ အထူးပင်အရေးပါလှကြောင်း သိရှိရသည်။ သာမန်အားဖြင့် Commune များမှာ ရင်ဌေနှင့် သုံးဌေမျှတသည့် အနေအထားမျိုးရှိပြီး လိုင်ဇေပြလာသည့်အခါမျိုးတွင် Canton များမှ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးရကြောင်း တွေ့ရှိရသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ပြည်ထောင်စုအဆင့်တွင် နိုင်ငံရေးပါတီပေါင်း ၁၃ ခု၊ ပြည်နယ်များတွင် နိုင်ငံရေးပါတီပေါင်း ၁၇ ခု စုစုပေါင်း ပါတီ ၃၀ ခန့်ရှိကြောင်း သိရှိရသည်။

ထူးခြားလှသည့်အချက်မှာ ၁၉၅၉ ခုနှစ်မှစတင်၍ အင်အားကြီးမားသည့် နိုင်ငံရေးပါတီများအကြား ဆွေးနွေးညှိနှိုင်းရရှိလာသည့် ဘုံသဘောတူညီချက်ဖြင့် အာဏာခွဲဝေကျင့်သုံးကြခြင်း ဖြစ်သည်။ ဖက်ဒရယ်ကောင်စီကို အဖွဲ့ဝင်ခုနှစ်ဦးဖြင့် ဖွဲ့စည်းထားရာ ပါတီ(၄)ပါတီမှ ခွဲဝေရယူကြခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် အင်အားကြီး ပါတီကြီးတစ်ခုမှ (၂)ပါတီကွဲသွားခဲ့ရာ ယခုအချိန်အထိ ပါတီ(၅) ပါတီမှ ခွဲဝေရယူ ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း သိရှိရသည်။ သူနိုင် ကိုယ်နိုင် အပြတ်ဖြတ်တတ်သည့် နိုင်ငံရေးဓလေ့မျိုး အမြစ်တွယ်နေဆဲဖြစ်သည့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းနှင့် နှိုင်းယှဉ်ကြည့်သော် ပိုမို၍ လေးစားစိတ်များ ဖြစ်ပေါ်လာစေခဲ့သည်။ နိုင်ငံတော်သမ္မတကြီးမှာ နိုင်ငံရေးပါတီကြီးများအကြားထားရှိသော သဘောတူညီချက် ပဋိညာဉ်များကို စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးနေခြင်းနှင့်စပ်လျဉ်း၍ အတော်ပင် စိတ်ဝင်တစားရှိလှသည်။

သမ္မတကြီးသည် ဗဟို၊ ကန်တုံ၊ Commune စသည်တို့အဆင့်ဆင့်တွင် ဘတ်ဂျက်ခွဲဝေပုံ၊ သယံဇာတခွဲဝေအသုံးပြုကြပုံ၊ အခွန်အကောက်စနစ်၊ အာဏာခွဲဝေမှု စသည်တို့ကို အသေးစိတ်ပင် မေးမြန်းပါတော့သည်။ ရှင်းလင်းပြသူတို့မှာလည်း တစ်ခုပြီးတစ်ခု ထွက်ပေါ်လာသော သမ္မတကြီး၏ မေးခွန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြသည်။ သမ္မတကြီး၏ မေးခွန်းများမှာ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို ထင်ဟပ်နေသလို အနာဂတ်တွင် ဥမကွဲသိုက်မပျက် အခွန်ရှည်တည်တံ့သည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး မျှော်မှန်းချက်များပါဝင်နေကြောင်း တွေ့ရှိရသည်။ ဆွစ်ဇာလန်နိုင်ငံ၏ နိုင်ငံရေးပါတီကြီးများအကြား အလွတ်သဘော ညှိနှိုင်းရရှိထားသည့် ၁၉၅၉ ခုနှစ်မှ နိုင်ငံရေးသဘောတူညီချက်ကို ယနေ့တိုင် တိတိကျကျ လိုက်နာကျင့်ကြံနေသည်မှာ အမှန်တကယ်တွင်လည်း အံ့သြဖွယ်ရာကောင်းနေသည်။ သို့သော် သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် ၁၂၉၁ ခုနှစ်မှ စတင်ခဲ့သော ပြည်ထောင်စုမဟာမိတ်နိုင်ငံ Confederation အဖြစ်တည်ရှိခဲ့ချိန်တွင် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး မတည်မငြိမ်မှုများ ရှိခဲ့သည့်ကြားမှ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ၁၇၉၈ ခုနှစ်တွင် ပြင်သစ်ကျူးကျော်မှု ပေါ်ပေါက်ခဲ့ရာမှ ဆွစ်ဇာလန်နိုင်ငံရေးစနစ် အပြောင်းအလဲဖြစ်ပေါ်ခဲ့ရသည်။ ၁၈၄၈ ခုနှစ်တွင် ဖက်ဒရယ်စနစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာခဲ့ပြီး ယနေ့ခေတ် ဆွစ်ဇာလန်နိုင်ငံအဖြစ် စတင်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ပြည်နယ်(ကန်တုံ) ၂၆ ခု ပါဝင်သည့် ဖက်ဒရယ်စနစ်တွင် မည်သည့်ပြည်နယ်မှ ခွဲထွက်ခြင်း မပြုရဟူ၍ ပြဋ္ဌာန်းခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံ၏ မူလဗီဇ၊ ဒေသန္တရနှင့် လိုက်ဖက်ညီသော ဖက်ဒရယ်စနစ်သို့ ရောက်ရှိရန် နှစ်ပေါင်း ၅၀၀ ကျော် အချိန်ကြာမြင့်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းနောက်ပိုင်းတွင် ဇူးရစ်ကန်တုံ ဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်း၊ လုံးဝပြင်ဆင်ခြင်းတို့ ပြုလုပ်ခဲ့ကြရသည်။ ရှင်းလင်းပြောပြသူများကလည်း ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများ အကြားမှ စည်းလုံးညီညွတ်သော မဟာမိတ်နိုင်ငံတော်အဖြစ် တည်ဆောက်ခဲ့ရပုံကို ရှင်းလင်းပြောကြားခဲ့ရာ **ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်စနစ်မှာ နေ့ချင်းညချင်း ပေါ်ပေါက်ခဲ့ခြင်းမျိုးမဟုတ်ဘဲ နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ခဲ့ရခြင်းဖြစ်သည်ကို ကောင်းစွာ သဘောပေါက်နားလည်ခဲ့ရပေသည်။ စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် နောက်ထပ်ခြေလှမ်းများစွာ လှမ်းရဦးမည်။ ကြုံတွေ့လာရသော စိန်ခေါ်မှုများကို လက်ချင်းတွဲကျောချင်းကပ်ပြီး ရင်ဆိုင်ကျော်လွှားရဦးမည့်သဘောကို သမ္မတကြီး နက်နက်နဲနဲတွေးတောနေမည်ကား သေချာနေပေသည်။**

နောက်တစ်ရက် စက်တင်ဘာ ၆ ရက်တွင်တော့ မိုးရွာကောင်းရွာနိုင်သည်ဟု ခန့်မှန်းချက်များရှိခဲ့သော်လည်း ဆွစ်ဇာလန်၏ နွေနှောင်းနေ့ရက်တစ်ရက်ဖြစ်သည့်အတိုင်း အတော်ပင်နွေးနွေးထွေးထွေး ရှိနေခဲ့သည်။ ဆွစ်ကျေးလက်တောရွာသို့ သွားရမည်ဖြစ်၍ သမ္မတကြီး၏ အသွင်သဏ္ဌာန်မှာ လွတ်လပ်ပေါ့ပါးနေခဲ့သည်။ Schupfen ရွာကလေးသို့ သွားရာလမ်းတွင် တောင်ကုန်းတောင်တန်းများနှင့် မည်ညာသော ကုန်းပြင်မြင့်များကို အစိမ်းရောင်စိုက်ခင်းများက တန်ဆာဆင်ထားသည့်နှယ် ရှိနေပေသည်။ အဝေးသို့မျှော်ကြည့်လိုက်လျှင် မြစိမ်းရောင်စိုက်ခင်းများ၊ ယင်းနောက်တွင်မှ ပိတ်ပိတ်ပိန်းနေသော တောအုပ်များကို တွေ့မြင်ရသည်မှာ ဧရာဝတီတိုင်းဒေသကြီးသို့ ချက်ချင်းပြန်လည်ရောက်ရှိသွားသလို ခံစားမိစေသည်။ သမ္မတကြီးသည်ကား ရှပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဖြင့် သာမန်ပြည်သူတစ်ဦးနှယ် ပြုံးပြုံးရွှင်ရွှင်တွေ့မြင်ရသည်။ လယ်တောသို့ သွားရာလမ်းတွင် လမ်းကျယ်ကြီးများ မဟုတ်ဘဲ ချောချောမွေ့မွေ့ လမ်းကျဉ်းကလေးများ၊ တစ်ဖက်တစ်ချက်တွင် အစိမ်းရောင်စိုက်ခင်းများ၊ သန့်စွမ်းလတ်ဆတ်နေသည့် ထိုးထိုးထောင်ထောင်ပြောင်းခင်းများ၊ တစ်ခါတစ်ရံ ရိတ်သိမ်းပြီး ဂျုံခင်းများနှင့် စနစ်တကျ ထုပ်ပိုးထားပြီးဖြစ်သော ကောက်နှိုးပုံများဖြင့် ဆွစ်ဇာလန်၏ လွမ်းမောဖွယ်ကျေးလက်ရှုခင်းမှာ ရှုမဆုံးမျှော်မဆုံးပင်။

မော်တော်ယာဉ်ပေါ်တွင် အတူစီးနင်းလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စကားစမြည်ပြောလာရာ ဆွစ်ဇာလန်သမ္မတအိမ်တော်တွင် သမ္မတ Mr. Didier Burkhalter က ဂုဏ်ပြုတပ်ဖွဲ့နှင့် ကြိုဆိုခဲ့ပြီး နှစ်နိုင်ငံ ဆွေးနွေးသည့်အကြောင်းများလည်းပါသည်။ ဆွစ်ဇာလန်နိုင်ငံ၌ ပုဂ်နှင့် ပျူခေတ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပြပွဲကျင်းပနိုင်ရေး၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များလည်းပါသည်။ တီထွင်ဖန်တီးမှုတွင် ကမ္ဘာ့နံပါတ်(၁)အဖြစ် ရပ်တည်နေသော ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံ၏ Capacity Building အတွက် ကူညီဆောင်ရွက်ပေးမည့် သဘောတူညီချက်များလည်းပါသည်။ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၇ ငါးနှစ်စီမံကိန်းအဖြစ် အမေရိကန်ဒေါ်လာ ၁၆၄ သန်း အကူအညီပေးမည့် သဘောတူညီချက်များလည်းပါသည်။ ယမန်နေ့က သွားရောက်လေ့လာခဲ့ရသော နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်နှင့် ကမ္ဘာကျော် Nestle စက်ရုံအကြောင်းလည်းပါသည်။ နိုင်ငံတော်သမ္မတကြီး အထူးစိတ်ဝင်စားသော ဖက်ဒရယ်စနစ်အကြောင်းကိုလည်း သိသမျှ မှတ်သမျှ ဆွေးနွေးခဲ့ကြသေးသည်။

လယ်တောအိမ်ကလေးများ အစီအရီနှင့် တည်ရှိနေရာမှ တစ်နေရာအရောက်တွင် ယာဉ်တန်းက ခေတ္တရပ်သွားသည်။ ယာဉ်တန်းပေါ်ရှိ မြန်မာကိုယ်စားလှယ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ ယာဉ်များပေါ်ကဆင်းပြီး ဘယ်ရောက်ပြီလဲဟူ၍ စူးစမ်းကြည့်ကြသည်။ လမ်းဘေးက လယ်တောအိမ်လေးနားတွင်ရှိသည့် ဆွစ်ကျေးလက်သား လူတစ်စုတို့ကလည်း ရုတ်တရက် ၎င်းတို့ရှေ့တွင် လာရပ်သည့် ယာဉ်တန်းရှည်ကိုကြည့်ပြီး မှင်တက်နေသည်။ ၎င်းတို့အထဲမှ တစ်ယောက်သောသူက လာနှုတ်ဆက်ရင်း စူးစမ်းလာသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ပါဟု ပြောလိုက်တော့မှ "ဩော် မြန်မာနိုင်ငံက သမ္မတကြီး လာတာလား၊ သတင်းတွေမှာ တွေ့ရပါတယ်၊ ကြိုဆိုပါတယ်" ဟူ၍ လှိုက်လှိုက်လဲလဲ နှုတ်ဆက်ရှာသည်။ ဆွစ်ကျေးလက်ပြည်သူများအထိ နိုင်ငံတော်သမ္မတကြီး၏ခရီးစဉ်ကို

စာမျက်နှာ ၇ သို့

ဧရာင်းပါး

စာမျက်နှာ ၆ မှ

သိရှိစေလောက်အောင် အလေးထား ဖော်ပြပေးခဲ့သော ဆွစ်ဇာလန်၏ မီဒီယာနှင့် ပြည်သူလူထု၏ ဆီးကြိုမှုက လှပလန်းဆန်းနေသည့် ကျေးလက်ညနေခင်းကို ပိုမိုနွေးထွေးစေသည်ကား အမှန်ပင်။ ငါးမိနစ်ခန့်ကြာသည့်အခါ အားလုံး ကားပေါ် ပြန်တက်ကြသည်။ သွားလိုရာ စိုက်ပျိုးမွေးမြူရေးခြံလေးက မူလကကားရပ်သည့်နေရာနှင့် သုံးမိနစ်မျှသာ ဝေးကွာသည်။ နောက်မှသိရှိရသည်က လယ်တောရှိ မွေးမြူရေးခြံလေးသို့ အဝင်လမ်းကို ရှေ့ဆုံးမှ ပွိုင့်ကားက ရုတ်တရက်မမှတ်မိခြင်းကြောင့် ခေတ္တရပ်နားခဲ့ရခြင်းဖြစ်သည်။

သမ္မတကြီး၏ ယာဉ်တန်း ဦးတည်သွားရောက်ခဲ့သည့် နေရာကား ဤခြံသို့ မသွားမီရောက်ရှိခဲ့သော Berne University of Applied Sciences မှ ဘွဲ့ရလူငယ်လေးနှင့် ၎င်း၏မိသားစုပိုင် လယ်တောခြံကလေးသို့ ဖြစ်သည်။ သိပ်မကြာ၊ လယ်တောခြံကလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ ရုပ်ရှင်များတွင် တွေ့ဖူးမြင်ဖူးသော ဥရောပကျေးလက် ဆန်ဆန် အသွင်သဏ္ဌာန်ရှိသည့် လယ်တောခြံကလေးသို့ အရောက်တွင် စနေ၊ တနင်္ဂနွေအားလပ်သည့်အခါတိုင်း နေပြည်တော်ရှိ လယ်တောသို့ သွားရောက်လေ့ရှိသော သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်မြင်ယောင်နေမိလေမလား တွေးမိပြန်သည်။ ဤခြံကလေးမှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးခြံကလေးဖြစ်ကာ နွားအကောင်ရေ ၂၅ ကောင် မွေးမြူထားကြောင်း သိရသည်။ နွားမွေးမြူရေးအပြင် သီးနှံနှစ်မျိုး၊ သုံးမျိုးလည်း စိုက်ပျိုးလေ့ရှိကြောင်း၊ နွားနို့ သို့မဟုတ် အသီးအနှံတစ်ခုခု စျေးနှုန်းအပြောင်းအလဲဖြစ်ပါက မိသားစုအတွက် ခုသာခံသာရှိစေရန် Integrate လုပ်ထားသည်ဟု ဆိုသည်။ သမ္မတကြီး ကျေးလက်ဒေသများသို့ ရောက်ရှိသည့်အခါတိုင်း တစ်ခုမဟုတ် တစ်ခု ဝင်ငွေတိုးမြှင့်ရရှိစေရန် တိုက်တွန်းပြောကြားလေ့ရှိသော Integrated Farming သဘောတရားမျိုးပင်ဖြစ်သည်။

နွားမွေးမြူရေးခြံဟုဆိုသော်လည်း ကြီးကြီးမားမားတော့မဟုတ်ပါ။ နေရာကျဉ်းကျဉ်းတွင် အကောင်ရေများများ မွေးမြူနိုင်ရန် ဖန်တီးထားခြင်းဖြစ်ပုံရသည်။ စနစ်တကျ သန့်ရှင်းရေးဆောင်ရွက်ထားသဖြင့် သပ်ရပ်သန့်ရှင်းနေသည်မှာ မှန်သော်လည်း နွားချေးနံ့သင်းနေသည်ကို သတိပြုမိသည်။ သို့သော် သမ္မတကြီးမှာ နွားခြံထဲတွင် အတော်ကလေးကြာအောင် စိတ်ဝင်တစားနေခဲ့သည်။ စက်ကိရိယာအကူအညီများဖြင့် နွားများအစာကျွေးပုံ၊ နွားနို့ညှစ်နေပုံတို့ကို လက်တွေ့ကြည့်ရှုကြရသည်။ အညိုနု-အဖြူကွက် နွားများကို မည်သို့လေ့ကျင့်ပေးထားသည်မသိ။ တစ်ကောင်ပြီး တစ်ကောင် အလှည့်ကျ နို့အညှစ်ခံသည်ကိုလည်း တွေ့ရှိရသည်။ တစ်နေ့တာလုံး အစီအစဉ် တစ်ခုပြီးတစ်ခုဆက်ကာ ပင်ပန်းဖွယ်ဖြစ်သော်လည်း သမ္မတကြီးမှာ ပင်ပန်းနွမ်းနယ်ဟန်မရှိ၊ သိလိုသည့် မေးခွန်းများ တောက်လျှောက်မေးမြန်းနေသည်ကိုတွေ့ရှိရသည်။ ညှစ်ပြီးသား နွားနို့များကို မည်သို့မည်ပုံ သိမ်းဆည်းသိုလှောင်သနည်း၊ အပူချိန်မည်မျှတွင် ထားရှိသနည်း၊ လယ်တော၌ ရက်မည်မျှကြာကြာ အထားခံသနည်း၊ ထွက်ရှိလာသော နွားနို့များကို မည်သည့်နေရာသို့ ပို့ဆောင်ရသနည်း၊ မည်သို့ပို့ဆောင်သနည်း၊ နွားစာကောက်ရိုးများကို မည်သို့ စုဆောင်းသနည်း၊ ယင်းကောက်ရိုးများ မည်မျှကြာကြာအထားခံသနည်း၊ ကြာကြာအထားခံနိုင်ရန် ဓာတုဗေဒဆေးဝါးများ သုံးပါသလား စသည်စသည်ဖြင့် မေးမြန်းကာ ဖြေကြားချက်များကို စိတ်ဝင်တစားနားထောင်နေသော သမ္မတကြီး၏ဟန်ပန်မှာ တက်တက်ကြွကြွရှိလှပေသည်။ မြို့ပြနေရာတွင် ကြီးပြင်းလာပြီး နွားခြံနှင့် အဆက်အစပ်မရှိလှသော မိမိတို့အဖို့ နွားပေါက်ကလေးများက ချစ်စရာကောင်းပြီး မြန်မာပြည်က နွားနို့နှင့် ဆွစ်ဇာလန်က နွားနို့ ဘယ်သင်းက ပိုကောင်းသလဲ၊ ဘယ်နို့ကပိုချိုသလဲ၊ နို့အရသာ ဘယ်လိုကွာသလဲဟူ၍သာ တွေးတောနေမိသည်။

လယ်ကွင်းများ၏အလယ်တွင် ကောက်ရိုးများစု၍ လိပ်ထား၊ လုံးထားသော ကောက်ရိုးလုံးကြီးများအကြောင်းကို သမ္မတကြီးက သေသေချာချာ မေးမြန်းပြီး ပြန်လည်ဖြေကြားချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ပြီးနောက် **"ကိုအုန်းမြင့်၊ မင်းပြောတော့ ဓာတုဗေဒဆေးတွေ ထည့်ပြီး လိပ်ထားတာဆို၊ သေသေချာချာ မေးကြည့်တော့ ဘာဆေးဝါးမှ မပါဘူးပြောနေပြီ"ဟု သမ္မတကြီးက နောက်ကိုလှည့်၍ ပြောသည်။ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်မှာ ကောက်ရိုးလုံးကြီးများအကြောင်း မေးခွန်းစသည်နှင့် တစ်ချီးတည်း လစ်သွားပြီဟု ရယ်ရယ်မောမောဖြင့် ဆိုသည်။ ကျန်ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ နှုတ်ခမ်းကို လက်ဖြင့်ကွယ်၍ ရယ်သူကရယ်သည်။ မအောင့်မအည်းနိုင် ရယ်သံထွက်လာသူက ထွက်လာသည်။ သမ္မတကြီးမှာ ပြုံးစိစိဖြင့်၊ စိတ်ထဲတွင်တော့ ဦးအုန်းမြင့် အတည်ပေါက်နောက်သည်ဟု တွေးနေပုံရသည်။**

ဘေးတွင် အတူလိုက်ပါလာသော **ဆွစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမျိုးသမီးအရာရှိကလေးက "သမ္မတကြီးက ဒီနေရာကို သဘောကျတယ်ထင်တယ်။ ပျော်နေပုံရတယ်"ဟု ဆိုသည်။ "ကျွန်တော်က သမ္မတကြီး ဆိုပေမယ့် လယ်သမားဆိုလည်း ဟုတ်ပါတယ်"ဟု ခြံပိုင်ရှင်၏ ခုနစ်နှစ်အရွယ် သားငယ်လေးကို နှုတ်ဆက်ရင်း သမ္မတကြီးက ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောလိုက်သည်။ လေ့လာစရာနေရာများအနက် ယခုလယ်တော စိုက်ပျိုးမွေးမြူရေးခြံလေးကို အရောက်လာခဲ့သော၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးစားပေးသော၊ လယ်တောနှင့်ရင်းနှီးလှသော သမ္မတကြီးသည် လယ်သမားမိသားစုလေးနှင့် အတူရိုက်ခဲ့သည့် ဓာတ်ပုံလေးက အမှတ်တရ ကျန်ရစ်စေပါလိမ့်မည်။** ယင်းခြံကလေးကို အဘိုးဖြစ်သူ လက်ထက်ကတည်းကပင် လုပ်ကိုင်လာခြင်းဖြစ်ပြီး နိုင်ငံတော်သမ္မတကြီးမှာ ယင်းတို့မိသားစုအတွက် ပထမဦးဆုံးသော သမိုင်းဝင် ဧည့်သည်တော်နိုင်ငံခေါင်းဆောင် ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆိုကြသည်။ လယ်တောမိသားစုတစ်စုလုံး သမ္မတကြီး အလည်လာရောက်သည့်အတွက် လှိုက်လှိုက်လှဲလှဲပျော်ရွှင်နေသည်ကို ၎င်းတို့မျက်နှာများ ဝင်းလက်နေသည်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။

လယ်တောခြံမှ လယ်သမားမိသားစုလေးသို့ သမ္မတကြီးနှင့် အမှတ်တရ ရိုက်ကူးသော ဓာတ်ပုံလေးများအား မျှဝေပေးရန် ဆွစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စက်တင်ဘာ ၆ ရက်က ဘန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးခြံမိသားစုဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တာဝန်ရှိသူတစ်ဦးက တီးတိုးမေတ္တာရပ်ခံပြောနေသံကိုလည်း ကြားလိုက်ရသည်။ ထို့နောက်တွင်တော့ လယ်သမားမိသားစုလေးက ဒေသထွက် ဝိုင်၊ ဒိန်ခဲ၊ ပေါင်မုန့်နှင့် စားသောက်ဖွယ်ရာအချို့တို့ဖြင့် ဧည့်ခံခဲ့သည်။ ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ ဟိုတယ်သို့ ပြန်ကြရတော့မည်ဟု တွေးတောကာ ဧည့်ဝတ်ကျေပွန်စွာ တည်ခင်းသော ဒိန်ခဲနှင့် ပေါင်မုန့်တို့ကို သုံးဆောင်ကြသည်။ ထိုစဉ်မှာပင် သမ္မတကြီးက ကောက်ရိုးများ ခေတ်မီစက်ဖြင့် ထုပ်ပိုးသိမ်းဆည်းပုံကို လေ့လာချင်သေးကြောင်း ဆိုသည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွစ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ခေါင်းချင်းရိုက်ကြ လေသည်။ အချိန်ကလည်း သိပ်မရှိတော့။ သို့ရာတွင် မူလအစီအစဉ်တွင် မပါရှိခြင်းနှင့် ယင်းနေရာသို့ သွားရောက်ရန် အလှမ်းဝေးခြင်းတို့ကြောင့် သွားရောက်နိုင်ခဲ့ခြင်းမရှိတော့ဟု ပြန်လည်သတင်းပို့ကြတော့ သမ္မတကြီးက ဒါဆိုလည်းနေပါစေဟု အပြုံးမပျက်ဆိုသည်။ သို့ဖြစ်ရာ လယ်တောခြံကလေးသည်ကား ယနေ့အတွက် သွားလာစရာများအနက် နောက်ဆုံးအစီအစဉ်ပင် ဖြစ်ပေသည်။

ဆွစ်ကျေးလက်လယ်တောမှ အပြန်လမ်းတစ်လျှောက်တွင်တော့ စပျစ်ခင်းများ၊ ပန်းသီးခင်းများ၊ ဂျုံနှင့် ပြောင်းခင်းများက စိမ်းစိမ်းစိုစိုနှင့် လမ်းဘေး တစ်ဖက်တစ်ချက်ခြံရံလျက် ရှိနေခဲ့သည်။ လမ်းဘေးတစ်နေရာ အရောက်တော့ ပန်းခင်းလေးတစ်ခင်း၊ ဆိုင်းဘုတ်လေးတစ်ခုနှင့် အလျှံခံပုံးလိုပုံးလေးတစ်ပုံးကို တွေ့လိုက်ရသည်။ ဆိုင်းဘုတ်က ပန်းတစ်ပွင့်လျှင် ဆွစ်ဖရန့်ငွေ မည်ရွေ့မည်မျှဟု ဖော်ပြထားပြီး ဘေးတွင်ကတ်ကြေးတစ်လက် အဆင်သင့်ရှိနေသည်။ ဆွစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပန်းဖိုး ကျသင့်ငွေကို အဆိုပါပုံးကလေးထဲတွင် ထည့်ခဲ့ရမည်ဟု ရှင်းပြကြသည်။ အဲ့ဩစရာ၊ ပြီးတော့ ချီးကျူးစရာ ဓလေ့ထုံးစံတစ်ရပ်ပင် ဖြစ်သည်။ **ပန်းခင်းလေးထဲမှာ ပန်းပွင့်ကလေးများ အစီအရီရှိနေသော်လည်း အစောင့်ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါ။** "ဒီလိုပဲ ပန်းဝယ်ချင်တဲ့သူက ကိုယ်တိုင်ခူး၊ ကျသင့်ငွေကို ပုံးလေးထဲထည့်၊ ပန်းခင်းပိုင်ရှင်က နောက်မှပိုက်ဆံပုံးလေး လာသိမ်းသည်" ဟု ဆိုသည်။ ဤမြင်ကွင်းကလေးက ဆွစ်ဇာလန်လူ့အဖွဲ့အစည်း၏ ရိုးသားမှု၊ တစ်ဦးအပေါ် တစ်ဦးထားရှိသည့် စိတ်ချယုံကြည်မှု၊ ဆွစ်ဇာလန်နိုင်ငံသား၏ စာရိတ္တတန်ဖိုးတို့ကို ဖော်ပြနေခြင်းဖြစ်သည်ဟု လေးလေးစားစား ယုံကြည်မိပေသည်။ ဆွစ်နိုင်ငံသားအားလုံး အုမတောင့်၍ သီလစောင့်ထိန်းနိုင်ကြခြင်းဖြစ်ပေလိမ့်မည်။ မကောင်းမှုတို့တွင် မွေ့လျော်မှုမရှိခြင်းဟုလည်း တွေးမိပြန်သည်။ ရောင်စုံပန်းခင်းကလေးများက ပြောကြားနေသော ဂုဏ်ယူဖွယ်ရာ ဆွစ်ဇာလန်ဓလေ့၊ ဆွစ်ဇာလန်တန်ဖိုးကို တွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။

ပန်းပေါင်းစုံလင်သော ပန်းခင်းကလေးများသည် ပြည်နယ်(ကန်တုံ)ပေါင်း ၂၆ ခုသောဒေသများကို ကိုယ်စားပြုနေသည်။ ပန်းပေါင်းစုံတို့မှ လှစ်ဟပြထားသော အလှတရားသည် ဆွစ်ဇာလန် ဖက်ဒရေရှင်း ပြည်ထောင်စု၏ အလှတရားပင်ဖြစ်ပါလိမ့်မည်။ **အစောင့်ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသော ပုံးကလေးတစ်ပုံး၊ ကတ်ကြေးတစ်လက်သည် ဆွစ်ဇာလန်လူ့အဖွဲ့အစည်း၏ လေးစားဖွယ်ရာဂုဏ်သိက္ခာကို အထင်အရှား ပြဆိုနေပေသည်။** လယ်တောမှအပြန် လမ်းဘေးတောက်လျှောက် စိမ်းစိုလှပသည့် စိုက်ခင်းများကို လည်းကောင်း၊ ဖြတ်သန်းရာမြို့များရှိ ပုံစံတူဆင်တူအိမ်လေးများနှင့် အလှအပ ပန်းပင်လေးများကိုလည်းကောင်း တွေ့မြင်ရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာအတိပင်ဖြစ်သည်။ စိုက်ခင်းစိုက်ပျိုးသော ပန်းစိုက်သူများကို ဆွစ်ဇာလန်အစိုးရက အထောက်အပံ့ပေးထားသည်ဟု သိရှိရသည်။ သို့ရာတွင် ကာယကံရှင်၏ပေါ့လျော့မှုကြောင့် စိုက်ခင်းပိုးကျခြင်း၊ ပျက်စီးခြင်းများ ဖြစ်လာခဲ့ပါက ဒဏ်ရိုက်ခံရသည်ဟုလည်း သိရှိရသည်။ ကိုယ်ပိုင်အိမ်ရာများတွင်လည်း ခြံစည်းရိုးပင်များရှည်ခြင်း၊ အပြင်ဘက် အများပြည်သူသွားလမ်းကို အနှောင့်အယှက်ဖြစ်စေခြင်းတို့ ဖြစ်ခဲ့ပါကလည်း ဒဏ်ရိုက်သည်ဟု သိရှိရသည်။ တစ်ဖန် ပုံစံတူ ဆင်တူအိမ်ရာကလေးများ၊ ပန်းခင်း၊ ပန်းပင်ကလေးများ လှလှပပ ဝေဝေဆာဆာဖြင့် မြင်တွေ့ရသည်မှာ အဆိုပါအိမ်ရာများတွင် နေထိုင်သူများက မိမိတို့အိမ်ရာ သာယာလှပရေးအတွက် အိမ်ဆေးသုတ်ရာတွင်လည်း တတ်နိုင်သမျှ ဆင်တူအောင်၊ ပန်းစိုက်ကြလျှင်လည်း လုပညီညာအောင် ညှိနှိုင်းတိုင်ပင် အလှဆင်ကြသည်ဟု သိရှိရသော် များစွာအံ့ဩလေးစားမိပေသည်။ ဆွစ်ဇာလန်၏ အလှအပသည်ကား ရုပ်ပိုင်းဆိုင်ရာ လှပမှုကိုသာမက မိမိမြို့ရွာအပေါ် ထားရှိသည့် စေတနာ၊ စည်းကမ်းကျနမှု၊ အချင်းချင်း စည်းလုံးညီညွတ်မှုတို့ဖြင့် ဖန်တီးတည်ဆောက်ထားခြင်းပင်ဖြစ်ပေသည်။ ထိုသို့သော နိုင်ငံတစ်နိုင်ငံသည် ဤသို့သော စံနမူနာပြ လေးစားအတုယူဖွယ်ရာ ယဉ်ကျေးမှုများ တည်တံ့နေသည်မှာ အံ့ဩဖွယ်ရာ မဟုတ်တော့ပေ။ **အမှန်စင်စစ် ဆွစ်ဇာလန်နိုင်ငံကို ညီညွတ်မှု၊ စည်းလုံးမှု၊ ယုံကြည်မှု၊ ရိုးသားမှု၊ ကြိုးစားမှုတို့ဖြင့် တည်ဆောက်ထားခြင်းသာ ဖြစ်ပေတော့သည်။** ။

ဇီးကုန်းမြို့နယ်တွင် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံနှစ်ထပ်ဆောင်၊ မြို့နယ်ခန်းမနှင့် အဆင့်မြင့်အားကစားကွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြင့် တည်ဆောက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် ခုတင် ၅၀ ဆံ့၊ ပြည်သူ့ဆေးရုံနှစ်ထပ်တိုးချဲ့ဆောင်ကို ၂၀၁၄ ခုနှစ် မေ ၁၄ ရက်က စတင်တည်ဆောက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးလျက်ရှိကြောင်း သိရသည်။

အလားတူ မြို့နယ်ခန်းမဆောင်သည်။ ခုတင် ၅၀ဆံ့ ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းကို အကြီးစားပြင်ဆင်မှုများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဓာတ်လှေကား၊ ထရန်စဖော်မာတစ်လုံးအပါအဝင် ငွေကျပ်သိန်း ၃၅၅၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ကြီးကို အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိရာ အမိုးများအသစ်လဲလှယ်ခြင်း၊ စတိတ်ခုံ၊ မျက်နှာကြက်နှင့် ရှေ့မျက်နှာစာ အလှဆင်မွမ်းမံခြင်းအပါအဝင် ကျပ်သိန်း ၁၀၀၀ ခန့် ကုန်ကျမည်ဟု သိရသည်။ ဆက်လက်၍ အကျယ် ပေ (၅၀၀×၇၀၀) ရှိ မြို့နယ်အားကစားကွင်းကို အုတ်တံတိုင်း ကွန်ကရစ်ပြေးလမ်းများ၊ ပွဲကြည့်စင်၊ အားကစားခန်းမနှင့် ရုံးများအပါအဝင် ငွေကျပ်သိန်း ၁၀၀၀ ကုန်ကျမည်ဖြစ်သည်။ ယခုအခါ ACE ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ဒီဇင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်းပြီးစီးရန် မျှော်မှန်းထားကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးဗိုးဝင်းက ပြောကြားသည်။

ကိုသက်(ဇီးကုန်း)

မန်စီ၌ မိုးပွင့်စီမံချက်ဆောင်ရွက်

မန်စီ အောက်တိုဘာ ၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ လူဝင်မှုကြီးကြွပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာနောက်ဆုံးပတ်က မန်စီမြို့ အထကဖုန်ကန်ဒူဝါခန်းမ၌ ကတ်ပြားပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်း၍ အထက(မန်စီ)၊ အထကခွဲ(မန်သာ) ကျေးရွာ၊ နောင်ဟူးကျေးရွာနှင့် တုံပလွေကျေးရွာ မူလွန်ကျောင်းများရှိ ကျောင်းအုပ်ဆရာ ဆရာမကြီးများမှတစ်ဆင့် ကျောင်းသား ကျောင်းသူ ၄၀၂ ဦးထံသို့ ကတ်ပြားများပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၅၇)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

နေပြည်တော် အောက်တိုဘာ ၄

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင်ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်နှင့် ဇမ္ဗူသီရိမြို့နယ် မစိုးရိမ်ကျောင်းတိုက်တို့မှ သံယာတော်များကြွရောက် ခီးမြှင့်တော်မူကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် စာချဆရာတော် သာသနာ့ဓရမ္မာစရိယ ဘဒ္ဒန္တကောဝိဒထံမှ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်(၈)မြို့နယ်မှ ဝတ်အသင်းအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်နယ်ဝတ်အသင်းအဖွဲ့များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ နာယကအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပဋ္ဌာန်းကျမ်းစာအုပ်များကို ဆရာတော်ထံ ဆက်တပ်လျှုဒါန်းပြီး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်က ပဋ္ဌာန်းပရိတ်အိုးများကို ဆက်တပ်လျှုဒါန်းကြသည်။

ယင်းနောက် ဆရာတော်သံယာတော်များက ဦးဆောင်၍ပရိသတ်အပေါင်းတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေ သပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ပြီး ကြွရောက်တော်မူကြသည့်ဆရာတော် သံယာတော်များကို နေ့ဆွမ်းဆက်တပ်လျှုဒါန်းကြသည်။

(၅၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ ၅ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်(အာဘိဓမ္မာအခါတော်နေ့)ညနေ ၆ နာရီခွဲတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဂေါက်သီးရိုက်ပြိုင်ပွဲ (၁၈)ကျင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကြီးမျှူး၍ Max Energy Co.,Ltd.မှ အဓိကကူညီပံ့ပိုးပေးသော YCDC Cup Championship 2014 ဂေါက် သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ (၁၈) ကျင်းပြိုင်ပွဲကိုအောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှူဆောင်နှင့် မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌဦးကိုကိုလေးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်(၅) ဦးစီးစည်က အပျော်တမ်းအဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် တတိယရရှိသော မောင်မောင်ဦး၊ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် ဒုတိယရရှိသော ရဲထက်အောင်၊ စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် ပထမရရှိသွားသော ကျော်သက်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၁၀ဖြင့် တတိယရရှိသော စိုးကျော်နိုင် (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၀၄ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၀၃ ချက်ဖြင့် ပထမရရှိသော သိန်းဇော်မြင့် (Mizuno)တို့အား ဆုများပေးအပ်ချီးမြှင့်၍ မက်စ် ကုမ္ပဏီများအုပ်စု မန်နေဂျင်းဒါရိုက်တာ ဦးမိုးအောင်ချောက ပထမဆုရရှိသော သိန်းဇော်မြင့် (Mizuno)အားဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။ **ဖိုးသော်ဇင်**

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်မှ ကျိုင်းလပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုသင်္ကေတအဖြစ် သံပေါင်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ၉၈၂ မီလျံနှင့် မြန်မာကျပ်ငွေ ၇ ဒသမ ၉ဘီလျံအကုန်အကျခံကာ တည်ဆောက်လျက်ရှိသည့် မဲခေါင်မြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်း၏ ချဉ်းကပ်တံတားနှင့် ပင်မတံတားတို့၏ အထောက်အကူပြုလုပ်ငန်း၊ သံပေါင်တပ်ဆင်ခြင်း၊ သံပေါင်ကြိုးဆွဲတာဝါတပ်ဆင်ခြင်း၊ ကြမ်းခင်းလုပ်ငန်းနှင့် လူသွားလမ်းလက်ရန်းလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် အတူ တံတားကြီးပြီးမြောက်ပါက ဖြစ်ပေါ်လာမည့် နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများ၊ လျှပ်စစ်နှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး စနစ်များအား Townplan များ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။



ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦး။

သံလွင်အရှေ့ခြမ်း ဒေသ၏ မြို့တော်ကျိုင်းတုံမြို့နှင့် ၁၀၈ မိုင်၊ တာချီလိတ်မြို့နှင့် ၆၅ မိုင် ကွာဝေးပြီး တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည့် တာလေမြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသော ကျိုင်းလပ်ဒေသသည် ရှေးယခင်က ကျေးရွာလေးတစ်ရွာ အဖြစ်သာတည်ရှိခဲ့ကာ ရှမ်း-အာခါ-လားဟူတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး အဓိကအားဖြင့် လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ဒေသတစ်ခုလည်းဖြစ်သည်။ အိမ်နီးချင်း လာအိုနိုင်ငံနှင့် ဟိုဘက်ကမ်း ဒီဘက်ကမ်း အမြင်နီးသော်လည်း နွေအခါသောင်ထွန်း၊ မိုးအခါ ရေစီးပြင်းထန်သည့် မဲခေါင်မြစ်ကြီးကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ မဆောင်ရွက်နိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသော ဒေသတစ်ခုဖြစ်ခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့သော မဲခေါင်မြစ်ကူးတံတားကြီးနှင့်အတူ ဖွံ့ဖြိုးတိုးတက်သော နယ်စပ်ဒေသတစ်ခုအဖြစ် ဝင့်ဝင့်ထည်ထည် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ **မောင်ယဉ်ကျေး**

တရုတ်နိုင်ငံ
ကျိုင်းတုံ
ပြည်ထောင်စုလမ်းမကြီး
ကျိုင်းလပ်
ကျိုင်းတုံ-ကျိုင်းလပ်
ကျိုင်းလပ်-ကျိုင်းတုံ
ကျိုင်းလပ်-ကျိုင်းတုံ
ကျိုင်းလပ်-ကျိုင်းတုံ

ပြည်တွင်းသတင်း

ဒီမိုကရေစီဖော်ဆောင်ရေး ပိုမိုအားကောင်းလာစေရန် လူငယ်များဝိုင်းဝန်းဖော်ဆောင်ပေး

၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် "ဝ" ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်က တင်ပြသည့်စာတမ်း-

ကျွန်တော်က "ဝ" ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်ဖြစ်ပါတယ်။

ကမ္ဘာဦးက လူသားများဟာ နေ့အခါ နေ၏အလင်းရောင်၊ ညအခါ လ၏အလင်းရောင်များကို လိုချင်တောင့်တသလို ယနေ့ကမ္ဘာမှာ ရှိနေကြတဲ့ လူ့အဖွဲ့အစည်းဟာလည်း လူသားများရဲ့ မွေးရာပါ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ရေးတို့ကို အမြန်ဆုံးပိုင်ဆိုင်ရရှိနိုင်ဖို့ မျှော်လင့်တောင့်တလျက် ရှိကြပါတယ်။

ယနေ့လူ့အဖွဲ့အစည်းမှာ ဤအရေးသုံးရပ်ကို လိုချင်တာကလည်း အလွန်သဘာဝကျပါတယ်။ အကြောင်းမှာ ဒီအရေးသုံးရပ်တို့ဟာ ပုထုဇဉ်လူသားများရဲ့ အဓိကအခြေခံ လိုအပ်ချက်များဖြစ်တဲ့ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတည်းဟူသော လောကပါလတရား ထွန်းကားလာအောင် တည်ဆောက် ပေးနိုင်ခြင်းကြောင့် ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။

အဲဒီအတွက် ဒီအရေးသုံးရပ်ဟာ မြန်မာ့လူ့အဖွဲ့အစည်းများအတွင်း ပိုမိုဖြစ်ထွန်းအောင် ခိုင်ခိုင်မာမာနှင့် ကျယ်ကျယ်ပြန့်ပြန့် ရှိလာအောင် လက်တွေ့ကျင့်သုံးရေးနှင့် အာမခံချက်ရှိအောင် တည်ဆောက်ပေးရမည်သာဖြစ်ပါတယ်။ ဒါမှကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းနိုင်ငံရေးဖြစ်စဉ်ဟာ မလွဲမသွေ တိုးတက်ပြောင်းလဲလာပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ရင် တိုင်းရင်းသား လူမျိုးများအချင်းချင်းစစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စပ်လျဉ်းသော အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုတို့နှင့်သာ အချိန်ကုန် လုံးပန်းနေရမည်ဆိုပါက မလိုလားအပ်သောအတိတ်က အကျည်းတန်သောဖြစ်ရပ်များ ထပ်မံဖြစ်ပေါ်လာမည်ကို အလွန်စိုးရိမ် ထိတ်လန့်မိပါတယ်။

ကျွန်တော်တို့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တစ်ခုလုံးကို ပြန်ပြီးလေ့လာကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံမှာ နယ်ချဲ့များ စတင်ဝင်ရောက်ကျူးကျော်လာတဲ့ အချိန်ကစပြီး နယ်ချဲ့ဝါဒ၊ မြေရှင်ပဒေသရာဇီစနစ်၊ ဖက်ဆစ်ဝါဒ၊ လူစွမ်းကောင်းဝါဒ၊ တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အုပ်ချုပ်ရေးစနစ်များ အဆင့်ဆင့်ပြောင်းလဲဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ရသည့်အတွက် မြန်မာနိုင်ငံတွင် လူသားများ မွေးရာပါအခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးများ နစ်မြုပ်တိမ်ကောပျောက်ကွယ်သွားခဲ့ရပါတယ်။

ယခု ပစ္စုပ္ပန်ကာလသည်ပင် နစ်လိုက်ပေါ်လိုက်နှင့် မတည်မငြိမ် အခြေအနေအတိုင်း တည်လျက်ရှိနေတယ်လို့ ရှုမြင်ရပါတယ်။ ဥပမာ တင်ပြရမည်ဆိုလျှင် ယနေ့မြန်မာ့ဒီမိုကရေစီစနစ် လက်တွေ့ကျင့်သုံးသည့် သုံးနှစ်ခွဲတာကာလအတွင်းမှာ မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပနိုင်ငံရေး စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးတဲ့ လူနည်းစု တိုင်းရင်းသား လူမျိုးများ၏ လူ့အခွင့်အရေးဆိုင်ရာ တန်းတူညီမျှမှု၊ လက်တွေ့ကျတဲ့ ပွင့်လင်းမြင်သာမှု၊ အချင်းချင်းအပြန်အလှန်နားလည် ယုံကြည်မှုပိုမိုရရှိရေး၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ရရှိရေး၊ အာမခံချက်ရှိရေးနှင့် စပ်လျဉ်းတဲ့ ဆွေးနွေးဆောင်ရွက်မှုများ ထိရောက်မှု အားနည်းနေသေးသည်ကိုတွေ့မြင်နေရဆဲဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် ယနေ့ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီတိုးတက် ဖွံ့ဖြိုးအောင် တည်ဆောက်ရာမှာ အဓိကအဟန့်အတား၊ အခက်အခဲများဖြစ်စေတဲ့ စိန်ခေါ်ချက်ကို လေ့လာကြည့်မည်ဆိုလျှင် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေး၊ အခွင့်အရေးဆိုင်ရာအငြင်းပွားမှု၊ တောင်းဆိုမှုများ အပြီးသတ်ဖြေရှင်းနိုင်ရေး၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ တိုင်းရင်းသားလူမျိုးများ အဆိုပြုကြသည့် ဖက်ဒရယ် (Federal) စနစ်ပေါ်ထွန်းရေး၊ မျိုးရိုးဂုဏ်သိက္ခာ၊ အညီအမျှခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လူသားများတို့၏ အခြေခံလိုအပ်ချက်များ အသိအမှတ်ပြုရေး၊ တိုင်းရင်းသားလူမျိုးများ၏ ထူးခြားသော ဝိသေသလက္ခဏာ၊ အခွင့်အရေးရပိုင်ခွင့်နှင့် ရရန်ပိုင်ခွင့်များတို့နှင့်စပ်လျဉ်းပြီး အာမခံချက်ရှိရေးနှင့် အသိအမှတ်ပြုရေး၊ တောင်သူလယ်သမားများနှင့် ပြည်သူတစ်ရပ်လုံး လက်ငင်းခါးစည်းတွေ့ကြုံ ရင်ဆိုင်နေရသည့် လယ်ယာမြေပြဿနာများ၊ ခရိုနီများ လက်ဝါးကြီးအုပ် စီးပွားရေးစနစ်များ အပြီးသတ် အမြန်ဆုံးချက်ချင်း ဖြေရှင်းပေးရေးတို့ ဖြစ်ပါတယ်။

တိုင်းရင်းသားညီအစ်ကို ပါတီများအားလုံး မိသားစုစိတ်ဓာတ်များဖြင့် နိုင်ငံအကျိုး မျှော်ကိုးဆောင်ရွက်ရေးနှင့် စစ်မှန်သော ဒီမိုကရေစီစနစ် မှန်မှန်ကန်ကန်ကျင့်သုံးရေးတို့ ဖြစ်ပါတယ်။ အထက်က ကျွန်တော်တင်ပြတဲ့ အဓိကစိန်ခေါ်ချက်(၉)ချက်ဟာ အသိခေါက်ခက် အဝင်နက်တဲ့ စိန်ခေါ်ချက်များဖြစ်တယ်လို့ ဆိုရမှာပါ။ ဒီစိန်ခေါ်ချက်များ လုံးဝ ချုပ်ငြိမ်းသွားအောင် စင်းလုံးချော ဖြေရှင်းရန် မလွယ်ကူနိုင်ဘူးလို့ သုံးသပ်မိပါတယ်။ ဒါကြောင့် အဆိုပါစိန်ခေါ်ချက်များ ဖြေရှင်းရာမှာ တစ်ဦးတစ်ယောက်ကောင်းစနစ်၊ တစ်ဖွဲ့တစ်ပါတီကောင်းစနစ်၊ လူမျိုး တစ်မျိုးတစ်နွယ်က ဦးဆောင်ဖြေရှင်းသည့် စနစ်၊ အင်အားကြီး အင်အားငယ်မှ ဖြေရှင်းသည့် စနစ်၊ လူစွမ်းကောင်းစနစ်နှင့် ဒီမိုကရေစီ အင်အားစနစ်ကို အလွဲသုံးပြီး အနိုင်ရယူသည့်စနစ်၊ လူအုပ်စုဖွဲ့၍ အနိုင်ကျင့်သည့် (Mobocracy) စနစ်နှင့် အကြမ်းဖက်သည့်နည်းနှင့် အနိုင်ယူသည့် မင်းမဲ့ဝါဒ (Anarchy) စနစ်တို့ ဖြင့် ဖြေရှင်း၍ မရရှိနိုင်ပါ။ ဒီအတွက် ဒီစိန်ခေါ်ချက်များကို ၂၀၁၂ ခုနှစ်၊ IPU က အတည်ပြုတဲ့ ဦးတည်ချက်ဖြစ်သော "ဆွေးနွေးခြင်းနှင့် အားလုံးပူးပေါင်းပါဝင်ခြင်း ဒီမိုကရေစီဝဟိုချက်မ" (Dialogue and Inclusiveness Central to Democracy) ဆိုတဲ့ ဦးတည်ချက်အတိုင်း ဆွေးနွေးညှိနှိုင်းအဆုံးအဖြတ် ရယူမှသာ ပြေလည်မှု /အောင်မြင်မှု ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

ထို့နည်းတူ IPU က အနာဂတ်ကာလများတွင် ဒီမိုကရေစီ ဖော်ဆောင်ရေး ပိုမိုအားကောင်းလာစေရန်ရည်ရွယ်ပြီး လူငယ်အင်အားပါဝင်လာရေးအတွက် ၂၀၁၄ ခုနှစ် ဒီမိုကရေစီနေ့ ဦးတည်ချက်ကို "ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး" (Engaging and Inclusiveness Central to Democracy) တည်းဟူသော ဦးတည်ချက်ကို ထပ်မံအတည်ပြုချမှတ်ခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်များ ဒီမိုကရေစီဘက်တော်သား အပေါင်းတို့က အနာဂတ်မြန်မာ့နိုင်ငံရေး ဆွေးနွေးမှုများတွင် လူငယ်များပါဝင်ရေးနှင့် ဒီမိုကရေစီစနစ် ကျင့်စဉ်များကို တန်ဖိုးထား လိုက်နာလေးစားပါမှ မြန်မာ့အရေးကို ဓမ္မမိဠာန်ကျကျ ထိရောက်အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်မှုပြုနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား-

ပြည်သူများ၏အိပ်မက် တန်ဖိုးနည်းအိမ်ရာ

သတင်း-မော်စီ
ဓာတ်ပုံ-ကျော်ရဲ

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကွဲပြားမှု လူတိုင်းလူတိုင်းအတွက် လိုအပ်ချက်နှင့် စိန်ခေါ်မှုများစွာရှိသော်လည်း အောက်ခြေဝန်ထမ်းများနှင့် သာမန်ပြည်သူများ၏ အခြေခံအကျဆုံးသော လိုအပ်ချက်နှင့် မဖြစ်မနေ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ စားဝတ်နေရေးပင် ဖြစ်မည်ဟု ယုံကြည်မိပါသည်။ စားရေးနှင့် ဝတ်ရေးအတွက် မိမိတို့လုပ်ကိုင်နေသော အလုပ်အကိုင်များမှ ရရှိသည့်ဝင်ငွေနှင့် တိုင်းထွာချင့်ချိန်ပြီး ဖြေရှင်းဆောင်ရွက်နိုင်သော်လည်း နေရေးအတွက် လိုအပ်ချက်နှင့် စိန်ခေါ်မှုကိုမူ ဖြေရှင်းရန် ယနေ့ခေတ်အချိန်ကာလတွင် အောက်ခြေဝန်ထမ်းတစ်ဦး၊ သာမန်ပြည်သူတစ်ဦးအတွက် ကိုယ်ပိုင်အိမ်ရာပိုင်ဆိုင်နိုင်မည့် အခွင့်အရေးသည် အလှမ်းကွာဝေးလျက်ရှိနေသည်။

အိမ်ရာပိုင်ဆိုင်မှု မရှိသည့် ဝန်ထမ်းများနှင့် ပြည်သူများ၏ စကားဝိုင်းယဉ်ကျေးမှုတွင် လူမှုရေး၊ စီးပွားရေးရောက်တတ်ရာ ပြောဆို ဆွေးနွေးကြသော်လည်း အဆုံးသတ်တွင်မူ ပင်စင်ယူပြီးရင် ဘယ်လိုများ နေထိုင်သွားရမလဲ၊ ဟိုမှာဖြင့် တန်ဖိုးနည်းအိမ်ရာတွေ ဆောက်နေပြီတဲ့၊ တန်ဖိုးနည်းလို့သာပြောတာ သိန်းနှစ်ရာ၊ သိန်းသုံးရာဆိုတော့ ဘယ်လိုတတ်နိုင်မှာလဲဆိုသည့် စိတ်ပျက်အားငယ်သော၊ မျှော်လင့်ချက်နည်းသော စကားများဖြင့် နိဂုံးချုပ်လေ့ရှိသည်။

ထို့ကြောင့် ပြည်သူ့ထဲက ပြည်သူတစ်ဦးအနေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြန်မာအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Myanmar International Cooperation Agency)နှင့် ပဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ ဝန်ထမ်းများနှင့် ပြည်သူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရန်အစီအစဉ်ရှိကြောင်း ကြားသိရ၍ ဝမ်းသာစရာ သတင်းကောင်းကို မျှဝေခံစားနိုင်ရန် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခန့်ဇော်ထံ သွားရောက်မေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။

မေး ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တန်ဖိုးနည်းအိမ်ရာတွေဆောက်မယ်လို့ သိရပါတယ်၊ အဲဒါနဲ့ ပတ်သက်လို့ ဆောက်လုပ်ရတဲ့ရည်ရွယ်ချက်ကိုသိပါရစေ။

ဖြေ ။ ကျွန်တော့်အနေနဲ့ စီမံကိန်းနှင့် နိုင်ငံတကာဆက်ဆံရေးအပိုင်းကို တာဝန်ယူဆောင်ရွက်ပါတယ်။ တန်ဖိုးနည်းအိမ်ရာဖော်ထုတ်တဲ့ ရည်ရွယ်ချက်က အိမ်ရာပိုင်ဆိုင်မှုမရှိတဲ့ သာမန်ပြည်သူတွေနဲ့ ဝန်ထမ်းတွေကို သင့်တင့်တဲ့၊ တန်ဖိုးမျှတတဲ့ ဈေးနှုန်းနဲ့ အိမ်ရာပိုင်ဆိုင်နိုင်ဖို့၊ ရရှိနိုင်ဖို့ ရည်ရွယ်လုပ်ဆောင်တာဖြစ်ပါတယ်။

မေး ။ တန်ဖိုးနည်း အိမ်ရာတွေ အကောင်အထည်ဖော်ဆောင်ရွက်မယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Myanmar International Cooperation Agency) ဖွဲ့စည်းခဲ့မှုနှင့် ရည်ရွယ်ချက်ကိုသိပါရစေ။

ဖြေ ။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ပဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရပါတယ်။ ပဂ္ဂလိကနဲ့ပူးပေါင်းပြီး လွယ်လွယ်ကူကူ၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်အောင်ရည်ရွယ်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) ကိုဖွဲ့စည်းထားတာဖြစ်ပါတယ်။

မေး ။ တန်ဖိုးနည်း အိမ်ရာ ဆောက်လုပ်မယ့် စီမံကိန်းလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ တန်ဖိုးနည်း အိမ်ရာတွေကို သင့်တင့်တဲ့နှုန်းနဲ့ တိုင်းဒေသကြီးတွေမှာ ဆောက်ချင်တယ်ဆိုပြီး စစည်းစားပါတယ်။ ဆောက်ပြီးရင် အိမ်ရာလိုအပ်နေတဲ့ သာမန်ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ ပင်စင်စားတွေ၊ အောက်ခြေဝန်ထမ်းတွေ၊ ဆင်းရဲနွမ်းပါးတဲ့သူတွေ၊ မသန်စွမ်းသူတွေ၊ တိုက်ပွဲကျစစ်သည်တွေကို ပေးနိုင်အောင် စည်းစားပါတယ်။ စည်းစားတဲ့အခါမှာ ပထမအဆင့်နေ

ဦးခန့်ဇော် (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ်)က တွေ့ဆုံမေးမြန်းမှုကို ဖြေကြားနေစဉ်။

နဲ့ အကြံဉာဏ်ရယူချင်တဲ့အတွက်ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စိတ်ပါဝင်စားလို့ရှိရင် ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ချိတ်ဆက်နိုင်တဲ့အကြောင်း သတင်းစာတွေမှာ ထည့်ပေးလိုက်တာပါ။ ဘယ်လိုပုံစံနဲ့ အဆိုပြုလွှာတွေ တက်လာမလဲ။ ဘယ်လိုအကြံဉာဏ်တွေနဲ့ ပေါင်းစပ်လုပ်မလဲဆိုတာတွေ လိုချင်တဲ့အတွက်ကြောင့် အခုလို ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။ ပြီးမှ အသေးစိတ် ဆွေးနွေးရမှာဖြစ်ပါတယ်။

မေး ။ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွေဆောင်ရွက်မယ့် စီမံကိန်းနေရာရွေးချယ်ထားတဲ့ အခြေအနေကိုလည်း သိပါရစေ။

ဖြေ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာလုပ်ဖို့ ရည်ရွယ်ထားပါတယ်။ အခုအခြေအနေမှာ မြေတွေကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်တဲ့အတွက် မြေလိုအပ်ချက်တွေနဲ့ မြေရှားပါးတဲ့အခြေအနေတွေရှိလာပါတယ်။ ဒါကြောင့် ရှိပြီးသားမြေပေါ်မှာပဲ အဓိကအထပ်မြင့်တက်ဖို့ စည်းစားထားပါတယ်။ နောက်မြေနေရာတွေဖော်ထုတ်မယ်ဆိုရင် မြေယာတန်ဖိုးတွေက စျေးကြီးလာမယ်၊ ရည်ရွယ်ချက်က တန်ဖိုးသင့်ဖြစ်တဲ့အတွက် အထပ်မြင့်အိမ်ရာ လုပ်ဖို့အတွက် စည်းစားထားပါတယ်။

မေး ။ လက်ရှိစီမံကိန်းလုပ်ငန်းစဉ်က ဘယ်အဆင့်ကိုရောက်နေပါသလဲ၊ ပြီးတော့ဆက်လက် ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်ကိုလည်း သိပါရစေ။

ဖြေ ။ စီမံကိန်းနှင့် ပတ်သက်လို့ လက်ရှိပြီးစီးမှုအခြေအနေကတော့ ပထမအဆင့်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဘယ်သူတွေပူးပေါင်းဆောင်ရွက်ချင်လဲဆိုတာကို ဖိတ်ခေါ်တဲ့ အဆင့်ပဲ ရှိပါသေးတယ်။ ပြီးတော့မှ အဲဒီကရလာတဲ့ အကြံဉာဏ်တွေရယ်၊ ဆက်ပြီးညှိနှိုင်း ရမှာတွေရှိပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ ဝန်ကြီးဌာနတစ်ခုတည်း၊ တစ်ယောက်တည်းသွားလို့ မရပါဘူး။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့တွေရယ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအောက်မှာရှိတဲ့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဆိုတာရှိပါတယ်။ အဲဒီဌာနမှာရှိတဲ့ မြို့ပြစီမံကိန်းတွေ၊ ကျေးလက်စီမံကိန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါတွေကို ဆက်လက်ပြီးတော့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမယ့်အခြေအနေဖြစ်ပါတယ်။

မေး ။ တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်ပြီးစီးသွားတဲ့အခါ ဘယ်လိုပုဂ္ဂိုလ်တွေကို ဦးစားပေး ရောင်းချပေးသွားမယ်ဆိုတာကိုလည်း သိပါရစေ။

ဖြေ ။ ဆောက်လုပ်ပြီးစီးသွားတဲ့အခါ သာမန်ပြည်သူတွေရယ်၊ ပင်စင်စားဝန်ထမ်းတွေရယ်၊ အောက်ခြေဝန်ထမ်းတွေရယ်၊ ဆင်းရဲနွမ်းပါးသူတွေရယ်၊ မသန်စွမ်းသူတွေနဲ့ တိုက်ပွဲကျစစ်သည်တွေကို ရည်ရွယ်ထားပါတယ်။ အမှန်တကယ်ရောင်းတဲ့ အခါကျရင်တော့ တတ်နိုင်တဲ့ အနေအထားပေါ် မူတည်ပြီး ခုနကပြောခဲ့တဲ့ လူပုဂ္ဂိုလ်တွေကို ဦးစားပေး ရောင်းဖို့ရည်ရွယ်ထားပါတယ်။ ဝယ်ယူနိုင်ဖို့အတွက်လည်း အရစ်ကျစနစ်၊ ချေးငွေစနစ်တွေရှိတဲ့အတွက် ဘယ်လောက်အထိ တန်ဖိုးနည်းအောင်ဆောက်နိုင်မလဲဆိုတာ တွက်ချက်ဦးမှာဖြစ်ပါတယ်။ ပြီးတော့ ဖော်ထုတ်စရိတ်တွေ ဘယ်လောက်ကုန်လဲဆိုတာလည်း ကြည့်ရဦးမှာပါ။ နောက်ပြီး ကျွန်တော်တို့မျှော်လင့်တဲ့ ပုဂ္ဂိုလ်တွေကရော တကယ်လိုချင်လား၊ မလိုချင်ဘူးလား၊ နောက်ပြီး ဘယ်လောက်အတိုင်းအတာအထိများလဲ ဆိုတာ မသိရသေးပါဘူး၊ ရှင်းအောင် ပြောရရင်တော့ စျေးကွက်လိုအပ်ချက် ဘယ်လောက်ရှိလဲဆိုတာကို လုပ်ငန်းစဉ်တစ်ခုအနေနဲ့ စာရင်းကောက်ယူဖို့ လိုအပ်ပါတယ်။

မေး ။ ရောင်းချတဲ့အဆင့်ရောက်ရင်ရော ဘယ်လိုစနစ်တွေနဲ့ရောင်းပေးမှာလဲဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ တန်ဖိုးနည်းအိမ်ရာတွေကိုရောင်းချတဲ့အခါကျရင် အရစ်ကျ ပေးချေတဲ့စနစ်နဲ့ ချေးငွေစနစ်နှစ်မျိုးစလုံးနဲ့ ရောင်းချပေးသွားမယ်လို့ထင်ပါတယ်။ ဖော်ထုတ်တဲ့ အချိန်မှာ အသေးစိတ်ညှိနှိုင်းမှုတွေလုပ်ပြီး ဆုံးဖြတ်ချက်တွေပြတ်ရင်တော့ နှုန်းတစ်ခုထွက်လာမှာပါ။ အဲဒီပေါ်မူတည်ပြီးတော့ ဝယ်ယူသူတွေဘက်က ပေးနိုင်တဲ့အပေါ်မူတည်ပြီးတော့ အရစ်ကျဆိုတဲ့နေရာမှာ နှစ်ဦးသဘောတူညှိနှိုင်းမှုအရ အချို့ပုဂ္ဂိုလ်တွေက လတိုတို နဲ့ဖြစ်နိုင်သလို အချို့ပုဂ္ဂိုလ်တွေက လရှည်ဖြစ်နိုင်ပါတယ်။

မေး ။ ဆောက်လုပ်မယ့် တန်ဖိုးနည်းအိမ်ရာတွေနဲ့ ပတ်သက်လို့ ဖွဲ့စည်းတည်ဆောက်မယ့် ပုံစံကိုလည်း သိပါရစေ။

ဖြေ ။ လတ်တလောကတော့ ရှိပြီးသားမြေပေါ်မှာ အခြေခံတဲ့အတွက် ဒါတွေကတော့အပြောင်းအလဲရှိနိုင်ပါတယ်။ ဒါကြောင့် အချို့က လေးထောင့်ကျကျဖြစ်နိုင်သလို အချို့က သုံးထောင့်ပုံဖြစ်နိုင်ပါတယ်။ မြေပေါ်မှာမူတည်ပြီးတော့ မြေမပုပ်ရေးနှင့် မြေရာသစ်မဖော်ထုတ်ရေးတို့ကို အခြေခံစဉ်းစားရမှာဖြစ်တဲ့အတွက် အခန်းဖွဲ့စည်းပုံဆိုတာ နည်းနည်းရှားလိမ့်မယ်လို့ထင်ပါတယ်။ နောက်ပြီး တန်ဖိုးနည်းဖြစ်တဲ့အတွက်ကြောင့် ဟောတိုက်တွေဖြစ်နိုင်ခြေရှိသလို နောက်တစ်ဆင့်ပေါ့ နည်းနည်းလေးပိုပေးနိုင်တဲ့ဝန်ထမ်းတွေအတွက် ဒုတိယတစ်ဆင့်အနေနဲ့စဉ်းစားသင့်တယ်လို့ မြင်ပါတယ်။ အဲဒီလိုဖြစ်မယ်လို့လည်း ယူဆပါတယ်။ လတ်တလောကတော့ အမျိုးအစား ဘယ်နှမျိုးလုပ်မယ်၊ အနည်းဆုံးကအကျယ်အဝန်း ဘယ်လောက်လိုလဲဆိုတာ ဒါတွေကို ခုအချိန်ထိတော့ မဆုံးဖြတ်ရသေးပါဘူး။

မေး ။ စီမံကိန်းကို ဘယ်တော့စတင်ဆောင်ရွက်မယ်၊ ဘယ်အချိန်မှာ အပြီးဆောင်ရွက်ရမယ်ဆိုတဲ့ စီမံကိန်းကာလ သတ်မှတ်ချက်ရှိရင်လည်း သိပါရစေ။

ဖြေ ။ ခုချိန်ထိတော့ စီမံကိန်းကို ဘယ်တော့စရမယ်၊ ဘယ်တော့ပြီးရမယ်ဆိုတဲ့ လမ်းညွှန်ချက်နဲ့ သတ်မှတ်ချက်တော့ မရှိသေးပါဘူး။ ခုမှ ဒါလုပ်ဖို့အတွက် စပြီးတော့စီစဉ်ကြတယ်၊ စဉ်းစားကြတယ်။ ဒါကြောင့် ဘယ်သူတွေ ပါဝင်သင့်လဲ ပါဝင်သင့်တဲ့သူတွေ ပါဝင်ဖို့ ဆွေးနွေးကြမယ်၊ အကြံဉာဏ်တွေရယူမယ်။ နောက်ပြီး ဝန်ကြီးဌာနအချင်းချင်း ဆွေးနွေးဖို့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဆွေးနွေးဖို့၊ ဘယ်သူတွေလိုချင်လဲဆိုတဲ့စာရင်းတွေကောက်ဖို့၊ ဝန်ကြီးဌာနတွေ ပိုင်တဲ့မြေစာရင်းတွေ ကောက်ဖို့၊ သင့်တော်တဲ့ မြေအမျိုးအစားတွေရွေးချယ်ဖို့ ဒါတွေကို ဆက်ပြီးတော့ လုပ်သွားမှာပါ။

မေး ။ နောက်ဆုံးအနေနဲ့ အိမ်ရာတွေဆောက်လုပ်တဲ့အခါ မပါမဖြစ်တဲ့ ရေ၊ မီးစနစ်နဲ့ ပို့ဆောင်ဆက်သွယ်ရေးအတွက် ဘယ်လိုစီစဉ်ထားလဲဆိုတာလည်း ပြောပြပေးဦး။

ဖြေ ။ အိမ်ရာတွေဆောက်လုပ်တဲ့အခါမှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်တဲ့အခါ ရေ၊ မီးစနစ်နဲ့ ပို့ဆောင်ဆက်သွယ်ရေးစနစ်တွေက ပါကိုပါရမှာဖြစ်တဲ့အတွက် သင့်တင့်တဲ့ ရေ၊ မီးစနစ်နဲ့ ပို့ဆောင်ဆက်သွယ်ရေးစနစ်တွေ မဖြစ်မနေပါအောင် ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

မဝေးတော့သည့် အနာဂတ်ကာလတွင် ဝန်ထမ်းများနှင့် ပြည်သူများ၏ အိမ်ရာပိုင်ဆိုင်မှု အိပ်မက်များသည် အမှန်တကယ်ဖြစ်လာပြီး စိတ်ပျက်အားငယ်မှုများ အဝေးသို့လွှင့်စဉ်ပျက်ပြယ်ကွယ်ပျောက်သွားလိမ့်မည်ဟု ယုံကြည်လျက်။ ။

ပြည်တွင်းသတင်းနှင့်ကြေငြာ

ဆရာကောင်း ဆရာမြတ်

ဦးသန်းဦး

"အောက်တိုဘာလ ၅ရက်နေ့
တို့များ ဘယ်မမေ့။
ကမ္ဘာတည်သရွေ့ မြဲအစဉ်
မြန်မာ့ ဓလေ့ပင်။
အနန္တဂိုဏ်းဝင် ဆရာများ
ရှိခိုးဦးညွှတ်တွား။"

ပညာတန်ဆောင်(၂၀၀၉)

ကမ္ဘာ့ဆရာများနေ့

ခရစ်နှစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၅ ရက်မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက် (တနင်္ဂနွေနေ့)သည် **"ကမ္ဘာ့ဆရာများနေ့"** (WORLD TEACHERS' DAY) ဖြစ်ပါသည်။ ထိုနေ့သည် စင်စစ်အားဖြင့် ပညာရေးနေ့ နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်ပါသည်။ ထိုပညာရေး နေ့ထူးနေ့မြတ်တွင် ကျွန်ုပ်တို့အားလုံး မြန်မာ့ဆရာများအပါအဝင် ကမ္ဘာ့ဆရာများ၏ ကျေးဇူးဂုဏ်ကို ကောင်းစွာဖွင့်ဟ ဖော်ကျူးကြ၍ အလေးအနက်ဂုဏ်ပြုကြရမည်သာ ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများနေ့ ပေါ်ပေါက်လာပုံ

ကုလသမဂ္ဂ ပညာသိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ချုပ် (UNESCO) သည်၊ **"ဆရာများ၏ ဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS) နှင့် စပ်လျဉ်း၍ ပထမဦးစွာ အသေးစိတ်ရေးဆွဲပြုစုခဲ့ပါသည်။ လွန်ခဲ့သော လေးဆယ့်ရှစ်နှစ်ကျော်ကာလခန့်က ဖြစ်ပါသည်။

ထိုသို့ရေးဆွဲပြုစုပြီးနောက် ထိုကိစ္စသည် အလုပ်သမားရေးရာနှင့်လည်း သက်ဆိုင်နေသည့်ကိစ္စဖြစ်၍ ယူနက်စကိုအဖွဲ့ချုပ်ကြီးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO) နှင့် ထပ်မံဆွေးနွေးညှိနှိုင်းတိုင်ပင်ပါသည်။ ယူနက်စကိုအဖွဲ့ချုပ်နှင့် အိုင်အယ်လ်အိုအဖွဲ့ချုပ်နှစ်ခုသည် ဖော်ပြပါ **"ဆရာများ၏ ဂုဏ်သိက္ခာ"** နှင့် စပ်လျဉ်းသည့် ထောက်ခံချက် (RECOMMENDATION CONCERNING THE STATUS OF TEACHERS) ကို ထပ်မံရေးဆွဲပြုစုခဲ့ကြပါသည်။

ထိုသို့ အဖွဲ့ချုပ်နှစ်ဖွဲ့ ပူးတွဲရေးဆွဲပြုစုရရှိလာသည့် ထောက်ခံချက် (JOINT UNESCO ILO RECOMMENDATION CONCERNING THE STATUS OF TEACHERS) ကို အစိုးရအဖွဲ့များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ တက်ရောက်ကြသည့် **အထူးညီလာခံကြီး** သို့တင်ပြခဲ့ပါသည်။

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့သော အဆိုပါ **"အထူးညီလာခံကြီး"** (A SPECIAL INTERGOVERMENTAL CONFRENCE) နှင့် **"ဆရာများဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS)နှင့်ဆိုင်ရာ **"ထောက်ခံချက်"** (RECOMMENDATON) ကို အညီအညွှတ် ဆွေးနွေးလက်ခံအတည်ပြု ပြဋ္ဌာန်းပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် **"ဆရာများ ဂုဏ်သိက္ခာ"** ထောက်ခံချက်(၀၊)ပြဋ္ဌာန်းချက်သည် အခိုင်အမာ အတည်ပြုပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဆရာများသမိုင်းတွင် ထိုသို့ သမိုင်းတွင် သမိုင်းဝင်ဖြစ်ခဲ့ရသည့် ၁၉၆၆ ခုနှစ် **"အောက်တိုဘာလ ၅ ရက်နေ့"** ကို**"ကမ္ဘာ့ဆရာများနေ့"**(WORLD TEACHERS' DAY) အဖြစ် ကောင်းစွာသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာ့အတတ် ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် သမ္မာအာဇီဝဖြစ်၍ ကောင်းသော မွန်မြတ်သော ဂုဏ်တစ်ရပ်လည်းဖြစ်ကြောင်းကို နိုင်ငံတကာ (ကမ္ဘာက) ခိုင်ခိုင်မာမာခံယူထားပြီးဖြစ်ရာ ဤခံယူချက်ကို ကျွန်ုပ်တို့အားလုံး စနစ်တကျ လက်တွေ့ကျကျ အသုံးချကြဖို့ပင်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင်အဆိုပါ ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစ၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း လေ့လာမှတ်သားထားမိပါသည်။

အလှဆင်ပေးနေသည့်ဆရာ

ယနေ့ကမ္ဘာပေါ်ရှိ ဆရာဦးရေ သန်းပေါင်းခြောက်ဆယ် (သန်း၆၀)ကျော်သည် တပည့်ကျောင်းသား ဦးရေ သန်းပေါင်း တစ်ထောင် (သန်း ၁၀၀၀)ကျော်ကို ကာယဖွံ့ဖြိုးမှု **ကာယအလှ**၊ ဉာဏ်ဖွံ့ဖြိုးမှု **ဉာဏ်အလှ**၊ စာရိတ္တဖွံ့ဖြိုးမှု **စာရိတ္တအလှ**၊ ရသဖွံ့ဖြိုးမှု **ရသအလှ**၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှု **သက်မွေးအလှ** တည်းဟူသော ဘက်စုံဖွံ့ဖြိုးမှု ဘက်စုံအလှတို့နှင့် ကုံလုံပြည့်စုံရလေအောင်(၀၊)ဗဟုသုတတန်နှင့် ကုံလုံပြည့်စုံရလေအောင် အဘက်ဘက်မှ ကြိုးကြိုးကုတ်ကုတ် အားထုတ်အားထည့်ပြီး တပည့်များကို **"အလှဆင်"** ပေးနေကြသည်ကို တွေ့မြင် မှတ်သားရပါသည်။

ထိုသို့ကြီးလေးမြင့်မားမွန်မြတ်လှသော ဆရာ့တာဝန်ကို မြတ်နိုးလေးစားတန်ဖိုးထားပြီး ထမ်းဆောင်နေကြသည့် ကမ္ဘာပေါ်ရှိ ဆရာများသည်ကား-

မေတ္တာရှင် မြတ်သောဆရာ၊ **အကြင်နာရှင်** မြတ်သောဆရာ **မုဒိတာရှင်** မြတ်သောဆရာ၊ **စေတနာရှင်** မြတ်သောဆရာ **ဝါသနာရှင်** မြတ်သောဆရာ ဖြစ်ကြပါသည်။ ထိုသူတို့သည် လောကၦ် ရိုသေဦးခိုက်ကန်တော့ထိုက်သည့် ကျေးဇူးရှင် ဆရာကောင်း ဆရာမြတ်တို့လည်း ဖြစ်ကြပါပေသည်။

ဖော်ပြပါ မေတ္တာရှင် မြတ်ဆရာ၊ အကြင်နာရှင် မြတ်ဆရာ၊ မုဒိတာရှင် မြတ်ဆရာ၊ စေတနာရှင် မြတ်ဆရာ၊ ဝါသနာရှင် မြတ်ဆရာတို့နှင့်စပ်လျဉ်း၍ ဤစာရေးသူ၏ နှစ် ၆၀ ကျော် ဆရာ့ဘ၀၊ ဆရာ့အတွေ့အကြုံများနှင့် ဆက်စပ်ထင်ဟပ်၍ ဆွေးနွေးတင်ပြလိုပါသည်။

မေတ္တာရှင် မြတ်သောဆရာ

ဆရာသည် မိမိ၏တပည့်မှန်သမျှကိုကျောင်းရင်းသားခွဲခြားခြင်း အလျဉ်းမရှိ၊ ဆင်းရဲချမ်းသာမရွေး မျက်နှာကြီးငယ်မလိုက် မိမိ၏သားသမီးအရင်းအချာပမာ၊ ချစ်ခင်မြတ်နိုးစွာ သင်ကြားပြသခြင်းနှင့် ပဲ့ပြင်သွန်သင်ဆုံးမခြင်းတို့ကို ပြုလုပ်ပေးပါသည်။ ကြီးမားဖြူစင်လှသော မေတ္တာဖြင့် သင်ကြားပြသလျှင် ထိုကြီးမားဖြူစင်လှသော မေတ္တာဖြင့် သွန်သင်ပဲ့ပြင်ဆုံးမပါလျှင် မုချအောင်မြင်မှုရပါသည်။

တပည့်အပေါင်းတို့သည်လည်း ဆရာ၏ ဖြူစင်သန့်ရှင်း ချစ်ခင်မြတ်နိုးခြင်း၊ လေးနက်လှသော မေတ္တာမှန်၊ မေတ္တာစစ် (True Love) ကို မုချလေးစားမြတ်နိုး တန်ဖိုးထားကြပါသည်။ မေတ္တာ၌ အလျားအနံမရှိသော်လည်း အသွားအပြန်ရှိနေသောသဘောမှာ အထင်အရှားရှိနေပါသည်။ စင်စစ်အားဖြင့် ဆရာ့အလုပ်သည် မေတ္တာကို ကောင်းစွာ၊ ကြီးစွာအခြေခံထားရသည့် မေတ္တာရှင်၏ အလုပ်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက် လက်ခံကျင့်သုံးမှုရှိသည်ကို တွေ့ရပါသည်။

အကြင်နာရှင် မြတ်သောဆရာ

ဆရာဘ၀တွင် စာကောင်းစွာ လိုက်နိုင်သည့်တပည့် (စာတော်သည့်တပည့်)၊ စာကိုသင့်တင့်လျောက်ပတ်စွာ လိုက်နိုင်သောတပည့် (အလယ်အလတ်တပည့်)၊ စာမလိုက်နိုင်သည့်တပည့် (စာညံ့ဖျင်းသည့်တပည့်/ ဉာဏ်နုံသည့်တပည့်) စသည့်တပည့်အမျိုးမျိုးတို့နှင့် တွေ့ကြုံလာရသောအခါ ဆရာသည် တော်သည့်တပည့်ကို တော်သည့်အလျောက်၊ သင့်တင့်သည့်တပည့်ကို သင့်တင့်သည့်အလျောက်၊ ညံ့ဖျင်းသည့်တပည့်ကိုလည်း ညံ့ဖျင်းသည့်အလျောက် ဆရာ၏ မလျော့မပေါ့သော လုံ့လဝီရိယစိုက်ထုတ်မှုဖြင့် တပည့်များကို အားပေးအားမြှောက်ပြုကာ အကြင်နာတရားဖြင့် အားထည့်၍ သင်ကြားပြသ ပေးရပါသည်။

တပည့်များကို ဆိုဆုံးမစရာရှိလာသောအခါ၌လည်း ထိုအကြင်နာတရား စာနာတရားတို့ကိုပင် အခြေခံထား၍ ဆိုဆုံးမရပြန်ပါသည်။ ဆရာ၏အကြင်နာနှင့် စာနာမှုတို့ကို ကောင်းစွာရရှိကြသော ဖော်ပြပါ တပည့်အမျိုးမျိုးတို့သည် သူတို့၏ ဉာဏ်ရည်အလျောက်အပတ်တကုတ် ကြိုးစားအားထုတ်လာကြသည်ကိုလည်း တွေ့ရှိရပါသည်။

ဆရာ၏ **အကြင်နာ၊ စာနာမှု**ဖြင့် သင်ကြားပြသခြင်းကို ရရှိကြသည်။ စာတော်သည့်တပည့်သည် အရှိန်ကို မြှင့်ပြီး ကြိုးစားအားထုတ်သွားပါသည်။ စာသင့်တင့်သည့်တပည့်သည်လည်း ဆရာ၏ လမ်းညွှန်ပေးမှုအရ၊ အရှိန်မပျက် အရှိန်မပြတ် ဆက်လက်ကြိုးစားအားထုတ်မှု ပြုသွားကြပါသည်။ ဆရာ၏အကြင်နာဖြင့် စာနာမှုဖြင့် ဂရုတစိုက် သင်ကြားမှုကို ဆက်တိုက်စဉ်တိုက်ရရှိနေသဖြင့် စာညံ့ဖျင်းသည့် တပည့်သည်လည်း အားတက်လာ၍ ပိုမိုကြိုးစားအားထုတ်လာကြပါတော့သည်။

သို့ဖြစ်၍ ဆရာ့လုပ်ငန်းသည် အကြင်နာကင်း၍၊ စာနာမှုကင်း၍၊ သင်ကြားမှုနှင့် ဆိုဆုံးမမှုတို့၌ အောင်မြင်ခြင်းမရရှိနိုင်ကြောင်း စာရေးသူကိုယ်တိုင်ကောင်းစွာ လက်တွေ့ကျကျ သဘောပေါက်ပြီး ခံယူကျင့်သုံးဖြစ်ခဲ့၊ အောင်မြင်မှုရခဲ့ပါသည်။

မုဒိတာရှင် မြတ်သောဆရာ

ဆရာသည် မိမိတပည့်တို့ မိမိ၏ သင်ကြားပြသ ဆိုဆုံးမမှုတို့အရ ကြိုးစားအားထုတ်ကြသဖြင့် အောင်မြင်မှုများကို အသီးသီး အသက အသက ဆွတ်ခူးရရှိလာကြသောအခါ ကြီးစွာဝမ်းမြောက်ဝမ်းသာမှုသည် သန့်ရှင်းစင်ကြယ်သော အပြစ်ကင်းစင်သော ကြည်နူးမှု အပြည့်ပါရှိသော ဝမ်းမြောက်ဝမ်းသာမှုမျိုးကို ဆရာ၌ အပြည့်ခံစားရပါသည်။ (ခံစားဖူးသူတို့ သိကြပါလိမ့်မည်)

တပည့်သည် ဆရာထက် တော်သောအဖြစ်သို့ရောက်ရှိသွားသည့်အခါ၊ ဆရာထက်မြင့်သောအဆင့်သို့ တက်လှမ်းရောက်ရှိသွားသည့်အခါ၊ ထိုအခါများတွင် ဆရာသည်**"ငါ့တပည့်ကွ"**ဟူ၍ စိတ်တွင်း၌ ကြွေးကြော်၍ နှုတ်ဖြင့်လည်း ဖွင့်ဟကြွေးကြော်၍ ကြည်နူးမှုအပြည့်ဖြင့်ဝမ်းမြောက်ဝမ်းသာပီတိတွေဖြာရပါသည်။ဤစာရေးသူ၏ ကိုယ်တွေ့ဖြစ်ပါသည်။ (ထိုတပည့်တို့ အပေါ်၌ မနာလို ဝန်တိုမှုမျိုးလုံးဝမဖြစ်ပါ) အလွန်ပင် ကြည်နူးဝမ်းမြောက်ခြင်းပီတိကိုသာ ခံစားရပါသည်။ မိမိတို့၏ ထိုတပည့်အတွက် ကြိုးပမ်းအားထုတ်ခဲ့မှု၏ ရလဒ်ကောင်း၊ အသီးအပွင့်အဖြစ် စိတ်ထဲရင်ထဲ ၌ လှိုက်လှဲစွာ ကြည်နူးကျေနပ်မှုကို ရရှိခံစားရပါသည်။

သို့ဖြစ်၍ ထိုသို့ ခံစားရသည့် ဆရာကို **မုဒိတာရှင်** မြတ်သောဆရာအဖြစ် သတ်မှတ်ရမည် ဖြစ်ပါသည်။

စေတနာရှင် မြတ်သောဆရာ

အရှင်းဆုံးနှင့် အတိုဆုံး လိုရင်းအဖြစ်တင်ပြရပါလျှင် ဆရာ့အလုပ်သည် **"စေတနာ"** မပါဘဲ အလျဉ်း (လုံး၀) လုပ်ဆောင်၍မရသော အလုပ်ဖြစ်ပါသည်။ တပည့်တို့သည် ဆရာ၏ စေတနာကို ကောင်းစွာ ကျေကျေနပ်နပ် လက်ခံလေ့ရှိကြပါသည်။ စေတနာဖြင့်သင်ကြားမှုကို

စာမျက်နှာ ၁၁ သို့

ရေမြောင်းများ သန့်စင်ရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်ရှိ အင်ကြင်းစေ့းတွင် စေ့းရောင်းသူ စေ့းဝယ်သူများ ကျန်းမာရေးထိခိုက်မှုမရှိစေရန်၊ အနံ့ဆိုးများကင်းစင်စေရန် သာ၊ ငါးရုံရှိ ရေမြောင်းများသန့်စင်ခြင်းကို စေ့းတာဝန်ခံ ဦးပြည်ဖြိုးအောင်နှင့်ဝန်ထမ်းများက စက်တင်ဘာ ၃၀ ရက်မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ**

ကမ်းပြိုအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများပေးအပ်

ရေစကြို အောက်တိုဘာ ၄

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှစ်အိမ်တန်းကျေးရွာ ကမ်းပြိုအိမ်ထောင်စုများ နေရာပြန်လည်ချထားရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက နိုင်ငံတော်ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ရာ ရှစ်အိမ်တန်းကျေးရွာမြေနေရာဝယ်ယူရေးကော်မတီမှ ဦးသန်းနိုင်ညိုက လက်ခံရယူခဲ့သည်ဟု သိရသည်။

ဆက်လက်၍ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ ကို ရှစ်အိမ်တန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းဌေးက လွှဲပြောင်းပေးအပ်ရာ ရှစ်အိမ်တန်းကျေးရွာမြေနေရာဝယ်ယူရေးကော်မတီမှ ဦးသန်းနိုင်ညိုက လက်ခံပြီး ရေစကြိုမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **အိမွန်ဆွေ(ရေစကြို)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။

(ခရိုင်ရဲတပ်ဖွဲ့)

အလိမ္မာ စာမှာရှိ

ကုန်ပစ္စည်းများတင်ဆောင်လာသည့်ဒိုင်နာယာဉ် ဝင်ရိုးကျိုးပြီး တိမ်းမှောက်

ရေတာရှည် အောက်တိုဘာ ၄

ကုန်ပစ္စည်းများ အဆမတန်တင်ဆောင်လာသည့် ဒိုင်နာယာဉ်တစ်စီး အောက်တိုဘာ ၃ ရက်မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက် ညောင်ပင်ကိုင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် နောက်ဝင်ရိုးကျိုးကာ တိမ်းမှောက်သွားခဲ့သည်။ တောင်ငူမြို့မှ ရေတာရှည်မြို့နယ်၊ ရေနီမြို့ကို ဓာတ်မြေသြဇာအိတ်များ၊ ဆန်အိတ်များ၊ ကုန်ပစ္စည်းများ တင်ဆောင်ကာ မောင်ဇော်ခ(၃၆ နှစ်) ရေနီမြို့တောင်ပိုင်း(၂) ရပ်ကွက်နေသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ကျော်ခိုင် (၃၆ နှစ်)တို့ လိုက်ပါလာသည့် မစ်ဆူဘီရှိ ခြောက်ဘီး ကင်တာ ဒိုင်နာယာဉ် ၁စ/..... အဖြူ ရောင်ယာဉ်သည် ရေတာရှည်မြို့ မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၁၉၅/၂) နှင့် (၁၉၅/၃)အကြား အရောက်တွင် နောက်ယာဘက်ခြမ်း ဝင်ရိုးကျိုးကာ ဘီးနှစ်လုံးပြုတ်ထွက်ပြီး လမ်းအရှေ့ဘက်ကို တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

စာမျက်နှာ ၁၀ မှ

ရွှင်ပျနှစ်ခြိုက် လိုလိုလားလား လက်ခံနာယူကြပါသည်။ စေတနာမပါဘဲ သင်ကြားပြသပါက အောင်မြင်မှုကိုမရရှိပါ။ ပေါက်မြောက်မှုကိုလည်း အလျဉ်းမရရှိပါ။ ဆားမပါသော ပေါ့ပျက်သည့်ဟင်းလျာကို စားသုံးရသကဲ့သို့ တပည့်တို့၌ ခံစားရပါသည်။ သို့ဖြစ်၍ တပည့်တို့၏ လေးစားမှု၊ နာခံမှတ်သားမှု၊ နှစ်နှစ်ကာကာ ယုံကြည်လိုက်နာ ယုံစားမှုတို့ကိုလည်း မရရှိပါ။

တပည့်တို့သည် ဆရာ၏ကြီးမားသောစေတနာကို အလွန်ပင်တန်ဖိုးထားတတ်ကြပါသည်။ စေတနာအပြည့်အဝထား သင်ကြားခြင်းတို့ကိုမူ တပည့်တို့က ကောင်းစွာမြတ်နိုးလက်ခံကြပါသည်။ နှစ်နှစ်ခြိုက်ခြိုက် ဘဝင်ခိုက်အောင် စွဲစွဲမြဲမြဲခံယူကြသည်ကိုလည်း ကိုယ်တွေ့ တွေ့မြင်ရပါသည်။

ဆုံးမသွန်သင်ပေးရာတွင်လည်း ထို့အတူပင် စေတနာကောင်း စေတနာမှန်ဖြင့် ပဲ့ပြင်သွန်သင် လမ်းညွှန်မှုအရပ်ရပ်တို့ကို နှစ်နှစ်ခြိုက်ခြိုက် လိုလိုလားလား စွဲစွဲမြဲမြဲလက်ခံသွားကြပြီး ကောင်းစွာလိုက်နာကျင့်သုံးကြသည်ကိုလည်း ကိုယ်တွေ့ တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ဆရာ့အလုပ်၌ မွန်မြတ်သော ကောင်းမြတ်သည့် ကြီးမားလှသည့်စေတနာကို ရှေ့ကထားသင်ကြားမှု သွန်သင်မှုတို့ကိုပြုလုပ်ဆောင်ရွက်ပါလျှင် မုချအောင်မြင်ပေါက်မြောက်ခရီးရောက်သည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

စေတနာရှင် မြတ်သောဆရာအဖြစ် တပည့်တို့ ဘဝတစ်လျှောက်လုံး ကောင်းစွာတန်ဖိုးထား၍ ကျေးဇူးရှင်မြတ်ဆရာအဖြစ် စွဲမြဲစွာ မှတ်တမ်းတင်ထားတတ်ကြပါသည်။

ဝါသနာရှင်မြတ်သောဆရာ

ဆရာ့လုပ်ငန်းတွင် **"ဝါသနာ"**သည် အလွန်အရေးပါလှကြောင်း ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါသည်။ မှန်ပါသည်။ ဝါသနာမပါလျှင် ဆရာ့အလုပ်ကို ခေတ္တခဏမျှပင် ဟန်ဆောင်လုပ်ကိုင်၍ပင် မရပါခြေ။ ဝါသနာမပါလျှင် ဆရာအလုပ်၌ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းနွမ်းနယ်မှုဖြစ်ရပါသည်။ ဝါသနာမပါလျှင် သင်ကြားရေးနှင့် သွန်သင်ရေး နှစ်ရပ်စလုံး၌ ကိုယ်နွမ်းစိတ်ပင်ပန်းပြီး စိတ်ဝင်စားမှု၊ ပျော်ပိုက်မှု၊ နှစ်ခြိုက်မှုတို့ အလျဉ်းမရှိတော့ပါ။

ဝါသနာပါလျှင် ဆရာ့အလုပ်၌ တပည့်တွေနှင့်အတူ ကိုယ်နွမ်းရမှန်း စိတ်ပန်းရမှန်းပင် သတိမပြုမိပါ။ သင်ကြားရေးသင်ယူရေး လုပ်ငန်းထဲ၌ အထူးပျော်ပိုက်နှစ်ခြိုက်နေပြီးလျှင် အောင်မြင်မှုများရရှိသည့်အခါ အထူးကျေနပ်မှု ဝမ်းမြောက်မှု၊ ဂုဏ်ယူမှုတို့ အတိုင်းမသိ ဖြစ်ပေါ်လာရပါသည်။

တပည့်တို့၏ အောင်မြင်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ ကြီးပွားချမ်းသာမှုများကို မြင်တွေ့ရသောအခါ ကြားသိလာရသောအခါတွင်လည်း မိမိအပင်ပန်းခံခဲ့ရမှုများ ပြေပျောက်၍ အားတက်လာမှုတွေလည်း ဝေဆာဝေဖြာလာပါသည်။

ဝါသနာပါမှုကြောင့် ဆရာ့လုပ်ငန်းကို ဘယ်သောအခါမှ မစွန့်လွှတ်ကြပါ။ ဒုက္ခနှင့်တွေ့လျှင်လည်း တပည့်များနှင့်အတူ ရဲရဲဝံ့ဝံ့ကြံ့ကြံ့ခံရင်ဆိုင်လေ့ ရှိကြပါသည်။

ဆရာ့ဝါသနာ အရင်းခံကြောင့် အနစ်နာကိုပင် ခံနိုင်ခြင်း၊ သည်းခံနိုင်ခြင်း၊ ခွင့်လွှတ်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိလာပါသည်။ သို့ဖြစ်၍ ဆရာ့ဝါသနာကို ဝါသနာကောင်း၊ ထိုဝါသနာကောင်းရှိသူကို ဝါသနာရှင်မြတ်သောဆရာဟူ၍ပင် ဆိုချင်ပါသည်။ တပည့်အပေါင်းတို့ကလည်း ထိုဝါသနာရှင်မြတ်ဆရာကို သောင်းသောင်းဖြဖြ အသိအမှတ်ပြုကြသည်။ ကောင်းချီးလည်းပေးကြပါသည်။

အချုပ်အားဖြင့် တင်ပြရသော် ဆရာ့အလုပ်သည် ကောင်းသော-

မေတ္တာကို အခြေခံ၊ **အကြင်နာ**ကို အခြေခံ၊ **မုဒိတာ**ကို အခြေခံ၊ **စေတနာ**ကို အရင်းခံ၊ **ဝါသနာ**ကိုအရင်းခံထားပြီး ကြိုးကြိုးကုတ်ကုတ် ဇွဲနပဲဖြင့် အားထုတ်ဆောင်ရွက်ရသော အလုပ်ဖြစ်ကြောင်း။ ထို့အခြေခံအရင်းခံတို့ကြောင့်ပင်-

မေတ္တာရှင် မြတ်သောဆရာ၊ **အကြင်နာရှင်** မြတ်သောဆရာ၊ **မုဒိတာရှင်** မြတ်သောဆရာ၊ **စေတနာရှင်** မြတ်သောဆရာ၊ **ဝါသနာရှင်** မြတ်သောဆရာအဖြစ် ကမ္ဘာ့လူ့အဖွဲ့အစည်း မြန်မာ့လူ့အဖွဲ့အစည်း၌ ရှင်သန်ရပ်တည်လျက်ရှိပြီး ရိုသေဦးခိုက်ကန်တော့ထိုက်သော ကျေးဇူးရှင် ဆရာကောင်း ဆရာမြတ်အဖြစ်လည်း တည်တည်တံ့တံ့ ခံ့ခံ့ခိုင်ခိုင် ကျောက်တိုင်ပမာ ခံ့ညားထည်ဝါစွာရှိနေခြင်းပင် ဖြစ်ပါတော့သည်။

အနန္တငါးဖြာ ရတနာမြတ်ငါးပါးမှာ ဆရာဟာ တစ်ပါးအပါအဝင်ဖြစ်ကြောင်း၊ မမေ့ကောင်း မမေ့သင့် မမေ့အပ်ကြောင်းကို ကမ္ဘာ့ဆရာများနေ့တွင် ထိုက်ထိုက်တန်တန် ကြိုဆိုဂုဏ်ပြုပါကြောင်း ဖွင့်ဟဖော်ကျူးအပ်ပါသည်။

ဆရာများနေ့ မြတ်သောနေ့တွင်
ရေတွေ့ကြာသွင်၊ ရွှန်းသစ်လွင်၍
တိမ်စင်လမင်း၊ ထိန်ထိန်လင်းသို့
ဘေးကင်းရန်ကွာ၊ ဤကမ္ဘာဝယ်
မေတ္တာရေမိုး၊ ရွာသွန်းဖြိုးအောင်
ကရုဏာရေမိုး၊ ရွာသွန်းဖြိုးအောင်
မုဒိတာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
ဥပေက္ခာရေမိုး၊ ရွာသွန်းဖြိုးအောင်
စေတနာရေမိုး၊ ရွာသွန်းဖြိုးအောင်
ဝါသနာရေမိုး၊ ရွာသွန်းဖြိုးအောင်
ဆတိုးကြိုးပမ်း၊ ညီစိတ်ဝမ်းဖြင့်
ရှေ့တန်းမှပါ၊ ထမ်းဆောင်နိုင်ကြပါစေသတည်း။

မိုးညှင်ဆ သက်ကြီးရွယ်အိုများနေ့ကျင်းပ

မိုးညှ အောက်တိုဘာ ၄

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက မိုးညှိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက နှုတ်ခွန်းဆက် စကားပြောကြားသည်။ ဘိုးဘွားများမှာ အသက် ၈၀ နှင့်အထက် အဘိုး ၆၁ ဦးနှင့် အဘွား ၁၀၂ ဦးရှိပြီး အသက် ၁၀၅ နှစ်ရှိ အဘွားတစ်ဦးပါဝင်သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအေးမင်းသန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွားများအား ကျန်းမာရေးဆေးစစ်ကုသပေးခြင်း၊ ဆေးဝါးများ လျှုဒါန်းပေးခြင်းနှင့် အဘိုးအဘွား ၁၆၃ ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် လျှုဒါန်းကြကြောင်းသိရသည်။

ခင်လတ်(မိုးညှ)



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပျော်ပွဲ ရွှေလီမြို့၌ စည်ကားစွာကျင်းပ

မူဆယ် အောက်တိုဘာ ၄

မြန်မာ -တရုတ်ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ရွှေလီမြို့၌ (၁၄)ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပျော်ပွဲ ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက စည်ကားစွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ ရိုးရာအကများ၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ် ပျော်ပွဲ ဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ တိုင်းရင်းသား လူမျိုးများနှင့် ၎င်းတို့၏ ရိုးရာအကများဖြင့် စည်ကားခဲ့သည်။

ပျော်ပွဲသို့ မြန်မာနိုင်ငံမှ ဧည့်သည်များလည်း လာရောက်လေ့လာလည်ပတ်ကြရာ လားရှိုးမြို့သူ တစ်ဦးက "ကျွန်မတို့ ဒီဆွေမျိုး ပေါက်ဖော်ပွဲကို နှစ်စဉ်မိသားစုနဲ့ လာရောက်လည်ပတ်ပါတယ်။ ပျော်စရာကောင်းပြီး စည်ကားပါတယ်။ ဒီရက်ပိုင်းမှာ စျေးဝယ်လို့လည်း ကောင်းတယ်၊ ညဘက်ကျရင်လည်း ရှိုးပွဲ၊ ညစျေး တန်းနဲ့စျေးဆိုင်တွေ တိုင်းရင်းသား အစားအစာဆိုင်တွေနဲ့ မီးရောင်စုံ အလှနဲ့ ပျော်ဖွယ်ကောင်းပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ကြယ်ခေါင်စီးပွားရေးဇုန် အုပ်ချုပ်ရေးရုံး (ပြည်ပဆက်ဆံရေးဌာန)မှ ဦးယော်ထုန်းက ဆွေမျိုးပေါက်ဖော်ပွဲသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်း ကိုးနိုင်ငံအနက် မြန်မာနိုင်ငံနှင့်သာရှိပြီး ကျန်နိုင်ငံများနှင့် ယခုကဲ့သို့ ဆွေမျိုးပေါက်ဖော်ပွဲမရှိကြောင်း၊ တရုတ်ရှေးဒဏ္ဍာရီတွင် မယ်တော်နတ်သမီးက သားနှစ်ပါး ဖွားမြင်ခဲ့ရာ တစ်ပါးမှာ တရုတ်နိုင်ငံတွင်ရှိပြီးတစ်ပါးမှာ မြန်မာနိုင်ငံတွင် ရှိခဲ့ခြင်းကြောင့် ဆွေမျိုးပေါက်ဖော်ဖြစ်လာခဲ့ရသည်ဟု တရုတ်နိုင်ငံ ပြည်သူ့အများစုကလည်း ယုံကြည်ကြောင်းပြောကြားသည်။

သတင်း-သန့်ဇင်(မူဆယ်)၊ ဓာတ်ပုံ-ကိုမျိုး(ရွှေပေါ်ကံ)

ပညာမြင့်မှ လူမျိုးတင့်မည်

မိုးနှောင်းကောင်း၍ သီးနှံများအချိန်မီရိတ်သိမ်းနိုင်

လင်းခေး အောက်တိုဘာ ၄

ယခုနှစ် စိုက်ပျိုးရာသီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးဒေသ၌ မိုးရရှိသောကြောင့် တောင်သူများနောက်ကျ၍ စိုက်ပျိုးခဲ့သည့် မိုးနှမ်း၊ မိုးမြေပဲနှင့် ဆီထွက်နေကြာ၊ ရိုးရိုးနေကြာ(သီးညှပ်)တို့ကို အချိန်မီကောင်းစွာရိတ်သိမ်းနိုင်ခဲ့ကြပြီး ဒေသထွက် သီးနှံများစျေးနှုန်းမြင့်စွာ ရောင်းချကြရကြောင်း သိရသည်။

"ဒီနှစ် ကျွန်မတို့ဒေသမှာ အစောပိုင်းမိုးနည်းခဲ့ပေမယ့် မိုးနှောင်းကောင်းတော့ နောက်ကျမှစိုက်ပျိုးနိုင်ခဲ့တဲ့ နှမ်းကြီး(တရုတ်နှမ်းနက်) ၊ မိုးမြေပဲနဲ့ သီးညှပ်နေကြာ နှစ်မျိုးစလုံးကိုအချိန်မီကောင်းစွာ ရိတ်သိမ်းရရှိခဲ့ပါတယ်။ နှမ်းစေ့ ၂၂ ပိသာ တစ်အိတ်ကို ငွေကျပ် ရှစ်သောင်းခွဲကနေ ကိုးသောင်းအထိ အခုရောင်းချရပါတယ်။ နှမ်းနဲ့ နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီတွေက စျေးမြင့်မြင့်နဲ့ ရောင်းကြရတဲ့အတွက် ကျွန်မတို့ဝင်ငွေကောင်းတယ်။ တရုတ်နှမ်းနက်ကိုတော့ ဒီဒေသမှာ ဆီကြိတ်မရောင်းဘူး။ ရိုးရိုးနှမ်းနီ ၊ နှမ်းနက်ရက် ၆၀၊ ၇၅ ရက် သက်တမ်းတိုနှမ်းတွေကျတော့ တစ်ပုံး (၂၂ ပိသာဝင်) ကိုကျပ် ၅၅၀၀၀၊ ၆၀၀၀၀ အထိစျေးရပြီး ဆီတစ်ပုံးကို အနည်းဆုံး ငွေကျပ် လေးသောင်းခွဲနဲ့ ငါးသောင်းထိ ရောင်းရပါတယ်" ဟု တောင်သူ ဒေါ်နန်းခင် (ဒါးဆိပ်ကျေးရွာ)၏ ပြောပြချက်အရ သိရသည်။

"မိုးနှောင်းကောင်းခဲ့တာကြောင့် ကျွန်တော့်ခြံမှာ အစေ့ထုတ်ပြောင်း၊ သီးထပ်ဆီနေကြာနဲ့ ရိုးရိုးနေကြာ ပေါင်းပြီး ဧက ၂၀ ကျော် စိုက်ပျိုးထားတာ အခုဆို အပင်လည်း သန်၊ အသီးတွေကလည်း ကောင်းတာကြောင့် ဒီနှစ်မှာလည်း အစေ့ထုတ်ပြောင်း၊ နေကြာ၊ နေကြာဆီ၊ နှမ်းဆီနဲ့ မြေပဲဆီတွေက စျေးကောင်းပါမယ်" ဟု တောင်သူ ဦးလှမြင့် (စျေးတန်းရပ်)က ပြောကြားသည်။ **စိုင်းဇော်လတ်(iprd)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၄-၁၀-၂၀၁၄

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၀၉၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၇၀၀၀

စက်သုံးဆီစျေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၅
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၄၅၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၆၇၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျောင်)	တစ်ပိဿာ	၄၈၀၀-၆၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၉၅၅၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူဈေးလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၃
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၆
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၆
ထိုင်း	တစ်ဘတ်	၃၁.၂-၃၂.၅
အိန္ဒိယ	တစ်ရုပီး	၁၆-၁၆.၂၃
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၇-၃၁၂

ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း

မိုးဆန်(ဒီယာအသစ်)	တစ်အိတ်	၁၆၂၀၀-၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၉၀၀၀-၃၃၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၈၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၉၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၁၈၅-၅၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၇၀၀
ကြက်သွန်ဖြူ(ကြေကုတ်)	တစ်ပိဿာ	၁၃၅၀-၁၄၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၇၀၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ (ဝိမ်းစား)	တစ်ပိဿာ	၄၂၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၇၀-၈၉၀

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

" ဓောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအောင်မြင်စွာဖြင့်စတင်ထွက်ခွာပါပြီ "

ဗုဒ္ဓဝယာဘုရားဖူးခရီးစဉ်များအောင်မြင်စွာဖြင့်စတင်ထွက်ခွာပါပြီ

ဓောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သည် ယခုနှစ် ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဃာတော်ယောလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍ "ဓောင်ချမ်းသာမှသင့် ဆန္ဒပြည့်ဝစေရပေမည်" ဟူသောဆောင်ပုတ်နှင့် အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန်စီစဉ်ထားရှိပါသည်။ ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဗုဒ္ဓဂယာမှရန်ကုန်သို့တိုက်ရိုက်ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်ခင်ဖြင့်ဆောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါမှုနေ့ထွေးသောဝန်ဆောင်မှုများပေးသဖြင့် ဘုရားဖူးများကေဇန်းပ်အားရပါတိုင်ဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်းနင့်ပြန်လည်လိုက်ပါရန် အကျိုးပြုထားသည့်ဘုရားဖူးများ ယခုနှစ်ခရီးစဉ်တွင်လိုက်ပါသည့်မေမိတ်ဆွေများနင့်ကြိုတင်စာရင်းပေးသွင်းထားသော မေမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ထွက်ခွာမည့်ခရီးစဉ်များတွင်လိုအပ်သည့် ဘုရားဖူးအရေအတွက်ကိုခေါ်ပြထားပါသည်။မိမိသွားလိုသည့် ခရီးစဉ်များကိုရွေးနိုင်ရန်အတွက်အပြန်ဆုံးဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ထွက်ခွာမည့်ခရီးစဉ်များမှာ-

(၁) ၂၉-၉-၂၀၁၄(ထွက်ခွာ) (၅) ၂၄-၁၁-၂၀၁၄(ပြည်ပြန်) (၉) ၁၉-၁-၂၀၁၅(ဂျပ်ခရီး) (၁၃) ၁၆-၃-၂၀၁၅(ရပ်ခရီး)
(၂) ၁၃-၁၀-၂၀၁၄(ပြည်ပြန်) (၆) ၈-၁၂-၂၀၁၄(၁၀)ညအိပ် (၁၀) ၂-၂-၂၀၁၅(၁၀)ညအိပ် (၁၄) ၃၀-၃-၂၀၁၅(၂)ညအိပ်
(၃) ၂၄-၁၀-၂၀၁၄(ပြည်ပြန်) (၇) ၂၂-၁၂-၂၀၁၄(၁၀)ညအိပ် (၁၁) ၁၆-၂-၂၀၁၅(၁၅)ညအိပ် (၁၅) ၁၃-၄-၂၀၁၅(၂)ညအိပ်
(၄) ၁၀-၁၁-၂၀၁၄(ပြည်ပြန်) (၈) ၅-၁-၂၀၁၅(၂)ညအိပ် (၁၂) ၂-၃-၂၀၁၅(၁၅)ညအိပ် (အပြန်နိစ်ဓူဝါ)

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါမိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၆ပြည်သာယာလမ်းသောက်ထော်ရန်ကင်ပြိုနယ်ရန်ကုန်ပြို့ဧရာ၊-၀၁-၅၄၄၂၅၃၊ ၀၁-၄၀၀၈၁၁၆၊ ၀၉-၇၃၁၅၅၂၁၃ ၊ ၀၉-၇၃၁၅၅၂၁၃ ၊ ၀၉-၅၁ ၂၈၆ ၂၁ သို့အပြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

။ဓင်မြင့်အောင်

ဆရာဒွေ အင်္ဂလိပ်စာသင်တန်း
သင်္ဂါ၊ နေ့ အရေးကြီးသည်။
တစ်နိုင်ငံလုံးမှာ မွေးတိုင်းတွင် သင်ကြားရသော အမှန်အကယ် တွေ့တတ်၊ လက်တန်းရောတတ်ကတော့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများ ကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတ)စာအုပ်ဖြစ်၍ အရြေ့ရှိ ဆိုင်တိုင်းတွင်ပြီး တစ်ပတ်(၂)ရက်(၅)လ တက်ရန်နှင့် လုံးရေးရောတတ်မည်။ ဘဲ့ကြီး ဘဲ့ခေး ၁၀-တန်းမြန်/အောင်၊ အလယ်တန်းနေသူ အရွယ်မရွေးတတ်ပါ။
ဆောက်ကိုးတေး (၄/၆)ရက်ရေ (၀/၃)တန်းခွဲသစ် ဖွင့်မည်။ လေ့ကျင့်ခန်းသစ် ဖွင့်မည်။
Speaking နှင့် ၅ တန်းမှ ၁၀ တန်းထိ ပိုမိုး / Guide / အိမ်ရှင်ကလေးသည်။
၂၂၇၊ မန်းဆိုးတန်း(ထက်)ရုံးတက်ကားအားဆင်း ပါမြင့်အနီး ရန်ကုန်ပြို့
01-375970, 0951 72096, 0925 4541441

G.G.G Co.,Ltd.
ပြန်ည်ပေးပို့ဆောင်ရွက်ရေးဝန်ဆောင်မှု (100 / 2011)
ကုန်နိုင်ငံ 3.O.P COOPERATIVE လက်ခံတော်ရှိ
KURITA AIM DELICA CORPORATION ၏ ကေသောက်ကုန်ထုတ်လုပ်သော
ကက်ဆိုကြီးများတွင် အလုပ်လုပ်ကိုင်လိုသော အမျိုးသမီးများ အလုပ်ရှိသည်။
လုပ်သားဦးရေ - ၈ ဦး (မ)
အသက် - ၂၀နှစ် မှ ၃၀နှစ် အတွင်း
အခြေခံလစာ - ကျွန်ယန်းခွဲ - ၁၃၆,၇၄၂
အခြေခံပညာ - အလယ်တန်းအောင်နှင့်အထက်
စာချုပ်သက်တမ်း - ၁နှစ်
အမှတ်-၁၄၇ ၃ လွှာ ၄၅ လမ်း(အထက်)ဗိုလ်တစ်ထောင်ပြို့နယ်ရန်ကုန်ပြို့၊
ဖုန်း (၀၉-၃၁၀-၅၅၅၉၄ ၊ ၀၉-၇၃၁-၉၇၇၁၂ ၊ ၀၉-၇၃၁-၆၆၅၅၈)

ပျောက်ဆုံးကြောင်း
ကျွန်တော် Captain မျိုးသန့်၁၂/တမန(နိုင်)၀၉၁၀၄၈ CDC 8360 ၏ INSTRUCTOR COURSE လက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၈၆၄၄၀၊ ၅၄၃၁၈၈၇

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၆ရက် (ဘဏ္ဍာရီအီးဒ်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

နှစ်ပေါင်း (၄၀)ကျော် အတွေ့အကြုံရှိသည်
ဆရာဦးမြမော် (BIO)
- နဝမတန်းကျောင်းသား/သူများအတွက် ကြိုတင်ခန့်သမတန်းသင်ပို့ကုန်
- အိမ်အရောက်လာသင်မည်။
- ဆက်သွယ်ရန် ဖုန်း 09 7320 1300

ထူးဖောင်ဒေးရှင်း၏ ခါကာဘိုရာဇီ ကယ်ဆယ်ရေးတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သည့် အီတလီနိုင်ငံမှ ကျွမ်းကျင် ကယ်ဆယ်ရေးအဖွဲ့၏ အတွေ့အကြုံရှင်းလင်းပွဲကျင်းပစဉ်။ ဓာတ်ပုံ-မင်းထက်

✻ *ကျောဖုံးမှ*

သူတို့ရဲ့ ခြေရာတွေ တက်ရောက်လမ်းကြောင်းတွေကို တွေ့ခဲ့ရတယ်။ တစ်တောင်လုံးရဲ့ ဖြစ်နိုင်ခြေရှိတဲ့ အခြေအနေတွေကို ရှာဖွေခဲ့ပေမယ့် မတွေ့ရှိခဲ့ပါဘူး။ ချောက်ထဲကျနိုင်တယ်လို့ ခန့်မှန်းပါတယ်။ သို့သော် ကျွန်တော်တို့ ရဟတ်ယာဉ်ပေါ်ကနေ ကြိုးနဲ့ဆင်းသက်တဲ့ ကျွမ်းကျင်ကယ်ဆယ်သူတွေနဲ့ ရှာဖွေတဲ့အခါ အခက်အခဲတွေအများကြီး ကြုံတွေ့ရပြီး တွေ့ရှိဖို့မလွယ်ကူတာကိုတွေ့ရတယ်။ ဧဝရက်တောင်ထက် အခက်အခဲရှိနေတာက တက်ရောက်တဲ့လမ်းကြောင်းဆိုတာ လုံးဝမရှိဘဲ အဆင်ပြေသလို တက်ခဲ့ကြရတာကို တွေ့ရတယ်" ဟု အီတလီနိုင်ငံသား လေယာဉ်မှူး မစ္စတာ ဂျော်ဂျီအိုက ပြောကြားသည်။

စက်တင်ဘာ ၂၇ ရက်က ထိုင်းယူရိုကော်ပတာ ၁၃၀ ဘီဖိုးရဟတ်ယာဉ်ပျောက်ဆုံးမှုမှာလည်း ရာသီဥတုဆိုးရွားသဖြင့် ရွေးချယ်သည့် လမ်းကြောင်းများ မှားယွင်းခဲ့သောကြောင့် ဆိုးရွားသည့် အန္တရာယ်ကြုံတွေ့ခဲ့နိုင်ကြောင်း အီတလီရှာဖွေကျွမ်းကျင်သူများအဖွဲ့က မှတ်ချက်ပြုသည်။

"ပို့ဆောင်ရေးကဏ္ဍမှာ ဝေဟင်ခရီးက အခက်အခဲဆုံးဖြစ်ပါတယ်။ သူတို့အနေနဲ့ လမ်းကြောင်းရွေးချယ်ရတာ မလွယ်ကူပါဘူး။ အောက်ခြေကအဆက်အသွယ်နဲ့ အကူအညီကလည်း အများကြီးလိုအပ်တယ်။ အခုကယ်ဆယ်ရေး ရဟတ်ယာဉ်အနေနဲ့ မျက်မြင်ပုံသန်းကြရတာပါ။ ရာသီဥတုက အမျိုးမျိုးပြောင်းနေတော့ လေယာဉ်မှူးအနေနဲ့ လမ်းကြောင်းရှာဖွေရင်း ပျက်ကျခဲ့တယ်လို့ ယူဆရပါတယ်။ ဒေသခံအချို့က နောင်မွန်းမြို့နယ်ထဲမှာ ထိုးဆင်းသွားတာကို တွေ့လိုက်တယ်ပြောကြတယ်။ ကျွန်တော့်အထင်ပြောရင် အဲဒါကပျက်ကျသွားတာထက် လေယာဉ်မှူးလမ်းကြောင်းရှာပြီး အခက်အခဲတွေ့နေတဲ့အချိန်ဖြစ်ပါလိမ့်မယ်။ ခါကာဘိုရာဇီကတောင်တွေက မတ်စောက်ပြီး အချွန်တွေဖြစ်တော့ ရှာဖွေဖို့မလွယ်ကူပါဘူး။ ကျွန်တော်တို့ကတော့ ရာသီဥတုအနေအထားအရ တောင်တက်သမားနှစ်ဦးရှာဖွေခြင်းကို အရှိန်လျှော့ပြီး ရဟတ်ယာဉ်ပျောက်ဆုံးမှုကို ပိုက်စိတ်တိုက်ရှာနေဆဲပါ"ဟု ထူးဖောင်ဒေးရှင်းမှ လေကြောင်းအကြီးပေး ဦးခင်မောင်မြင့် ကပြောကြားသည်။

အီတလီနိုင်ငံသားများက ကယ်ဆယ်ရေး ဆက်လက်လုပ်ဆောင်နေမှုအား လက်ရှိတွင် ဆီးနှင်းများကြောင့် မအောင်မြင်နိုင်ကြောင်း၊ နိုဝင်ဘာသို့မဟုတ် မတ်လအရောက်တွင် ပြန်လည်ရှာဖွေသင့်ကြောင်း၊ အထူးသဖြင့် တောင်တက်သမားများအတွက် ကူညီကယ်ဆယ်ရေးများကို ဆောင်ရွက်ရာတွင် အတွေ့အကြုံများစွာနှင့် ကြိုတင်ပြင်ဆင်မှုများစွာ လိုအပ်နေကြောင်း၊ ပျောက်ဆုံးသူများ၏ ကံကြမ္မာကို တိကျစွာမပြောလိုသော်လည်း မျှော်လင့်ချက်ကုန်ဆုံးပြီဖြစ်ကြောင်း၊ အီတလီနိုင်ငံတွင် ပေပေါင်း တစ်သောင်းခွဲမြင့်သည့် တောင်များရှိပြီး လူငယ်တောင်တက်သမားများစွာ တက်ရောက်ကြသော်လည်း တောင်ခြေအထိ လမ်းပေါက်ခြင်း၊ တက်ရောက်သည့် အချိန်ကာလ တိုတောင်းခြင်းနှင့် မတော်တဆ အဆက်အသွယ်ပြတ်တောက်ပါက အနည်းဆုံး နှစ်မိနစ်အတွင်း ကုသကယ်ဆယ်ရေး ကျွမ်းကျင်သူများ၏ ရဟတ်ယာဉ် လိုက်ပါနိုင်ခြင်းများ ရှိသဖြင့် ပြုတ်ကျသေဆုံးသည့် ဘေးအန္တရာယ်တစ်ခုသာ ရှိတတ်ကြောင်း ပြောကြားသည်။

ပျောက်ဆုံးတောင်တက်သမားများအား ထပ်မံရှာဖွေခြင်းကို ရာသီဥတုအခြေအနေကြောင့် အင်အားလျှော့ချမည်ဖြစ်သော်လည်း ဂျပန်တောင်တက်အဖွဲ့များက သူတို့တက်ရောက်မည့်လမ်းတစ်လျှောက် ကူညီရှာဖွေပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ကောင်းကင်ပြာအဖွဲ့သားများကလည်း ရှာဖွေရေးများကို အခြေစိုက်စခန်း ပေပေါင်း ၁၃၂၀၀တွင် အခြေစိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နမားဂျွန်ဆင်အပါအဝင် မြေပြင်ရှာဖွေရေးသမားများအနေဖြင့်လည်း အခြေစိုက်စခန်းတွင်ရောက်ရှိနေပြီး ဒေသခံများ၊ တပ်မတော်သားများနှင့် လက်တွဲကာ နောင်မွန်းမြို့နယ်အတွင်း ပျောက်ဆုံးရဟတ်ယာဉ်အား ရှာဖွေမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်း၏ ပြန်ကြားရေးတာဝန်ခံ ကိုဖြိုးကိုကိုသက်ထံမှ သိရသည်။

"ကျွန်တော်တို့တွေရဲ့အားနည်းချက်တွေကို သင်ခန်းစာရရှိခဲ့ပါတယ်။ ရှာဖွေရေးဆောင်ရွက်နိုင်တဲ့ ခေတ်မီလေယာဉ်မရှိခဲ့ဘူး။ မောင်းနှင်မှုကျွမ်းကျင်တဲ့ ကယ်ဆယ်ရေး လေယာဉ်မှူးတွေ အားနည်းခဲ့တယ်။ နည်းပညာနဲ့ အခြားပစ္စည်းတွေ မရှိခဲ့လို့ အခုလို အခက်အခဲတွေအများကြီးဖြစ်ခဲ့ရတယ်။ ရဟတ်ယာဉ်က ထိုင်းနိုင်ငံကဖြစ်လို့ ထိုင်းနိုင်ငံရဲ့ ဥပဒေအရ ဆောင်ရွက်ရှာဖွေရမှာဖြစ်ပြီး မြန်မာနိုင်ငံတွင်းမှာဖြစ်ပွားခဲ့တဲ့အတွက် ခုံရုံးဖွဲ့ရမှာပါ။ လက်ရှိမှာတော့ ပျောက်ဆုံးအခြေအနေဖြစ်ပါတယ်။ ထူးဖောင်ဒေးရှင်းက ကုန်ကျစရိတ်တွေနဲ့ ဆောင်ရွက်မှုတွေကိုတော့ မကြာခင်ထုတ်ပြန်ပေးသွားပါ့မယ်"ဟု ကိုဖြိုးကိုကိုသက်က ပြောသည်။

"သူတို့နှစ်ယောက်တောင်ပေါ်ရောက်ပြီး ကျွန်တော်တို့သိရတဲ့အချိန်ကျန်တဲ့ခြောက်ယောက်လုံး ကဆုန်ပေါက်နေကြတာပေါ့။ စက်တင်ဘာ ၃ ရက်ရောက်တော့ အောင်ပွဲခံရမယ့် အချိန်ရောက်မလာလို့ စိတ်ပူလာကြရတယ်။ အခုအချိန်အထိ ကျွန်တော်ပုံမှန်အခြေအနေကို မရောက်နိုင်အောင် စိတ်ထိခိုက်နေရတယ်။ ကျွန်တော်တို့အနေနဲ့ လေ့ကျင့်မှုတွေ လုပ်ထားတယ်။ အခြေစိုက်စခန်းအထိလည်း တက်ရောက်ခဲ့ပြီးသားပါ။ ကျိန်းသေအောင်မြင်ရမယ်လို့ ယုံကြည်ထားတယ်။ အောင်မြင်ပြီးတော့မှ အခုလိုဖြစ်တာ ယူကျုံးမရဘူး"ဟု ခါကာဘိုရာဇီ base camp အထိ တက်ရောက်ခဲ့သူ သဘာဝခေါ်သံမှ ကိုမျိုးညွှန့်သန်းက ပြောသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြေငြာ

ပရီမီယာလီဂ်ပွဲစဉ်(၇) လီဗာပူး နိုင်ပွဲရ

လီဗာပူး အောက်တိုဘာ ၄

ပရီမီယာလီဂ် ပွဲစဉ် (၇)အဖြစ် စနေနေ့ညပိုင်းတွင် လီဗာပူးနှင့် ဝက်စ်ဘရွန်းတို့ ယှဉ်ပြိုင်ကစားရာ လီဗာပူးက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရသည်။ လီဗာပူးအတွက် ပထမဂိုးကို ပထမပိုင်းပြီးခါနီး ၄၅ မိနစ်ကျမှသာ အဒန်လာလာနာက သွင်းယူပေးသည်။

ဒုတိယပိုင်း ၅၆ မိနစ်တွင် ဝက်စ်ဘရွန်းတို့ ပယ်နယ်တီကန်ခွင့်ရရှိရာ ဘီရာဟီနိုက သွင်းယူပေးသည်။ ပွဲခိုန် ၆၁ မိနစ်တွင် လီဗာပူး တောင်ပံကစားသမား ဟန်ဒါဆင်က ဒုတိယဂိုး သွင်းယူပေးသည်။ ပွဲအပြီးတွင် လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးနည်းပြ ရော်ဂျာအနေဖြင့် ပရီမီယာလီဂ်နှင့် ချန်ပီယံလီဂ်တွင် ရှုံးပွဲဆက်နေ၍ ဖိအားများနေမှုကို ယခုပွဲအနိုင်ရရှိမှုက ဖိအားလျော့စေခဲ့သည်။

အခြားပွဲများတွင် ဟားလ်စီးတီးက ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လက်စတာနှင့် ဘန်လေတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ ဆန်းဒါးလန်းက စတုတ်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ဆွမ်ဆီးနှင့် နယူးကာဆယ်တို့ပွဲမှာ နှစ်ဂိုးစီ သရေကျခဲ့သည်။

အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီခွဲတွင် မန်ယူနှင့် အဲဗာတန်၊ ည ၇ နာရီ ၃၅ မိနစ်တွင် ချယ်လ်ဆီးနှင့် အာဆင်နယ်၊ စပါးနှင့် ဆောက်သမ်တန်၊ ည ၉ နာရီ ၄၅ မိနစ် တွင် ဝက်စ်ဟမ်းနှင့် ကျူပီအာတို့ ကစားကြမည်။ **သီဟ-ရေးသည်**

THE ILLUSTRA
AT PHO SEIN

အခကောင်းဆုံး အဆင့်မြင့် မြို့ပြနေထိုင်မှု

အပြည်အစုံမြင့် လက်မှုပညာနှင့် ဆန်းပြားကျွမ်းကျင်သော နေထိုင်မှုကို ပေးဆောင်ခဲ့ရာ
ဖိုးစိန်လမ်းရှိ The Illustra က ကြိုဆိုပါသည်။
ကိုယ်ပိုင်ကြေးပေါ်မှီ ၃၀ ထပ် အဆောက်အအုံတွင် အဆင့်မြင့်ဘဝပေါ်
အဆောက်အအုံနည်းပညာနှင့် နေထိုင်စဉ် သက်သောင့်သက်သာရှိမှုတို့ကို ပေါင်းစပ်ပေးနိုင်ရန်
ဒီဇိုင်းဆင်ယင်ထားကြပါသည်။ ယင်းကဲ့သို့ပြီး ဘဏ်ကုန်ကြီး ဘဏ်မှန်သော နေထိုင်မှုဘဝအတွက် ဖိုးစိန်ရပ်ကွက်ရှိ
ဈေးနှုန်းကောင်းများနှင့် သင်လိုချင်သမျှကိုပေးနိုင်မည့် အဆောင်ဆုံးအရာကြီးပါသည်။

အဆောင်ဖွဲ့ဆဲ အစီအစဉ်

PSWN သည် ရန်ကုန်မြို့တော်၏ အသစ်ကနဦးတိုးတိုးတက်လာနေသည့် ဖိုးစိန်လမ်းရှိ The Illustra ကို ဂုဏ်ယူတဲ့ကြွားမှု ဒီဇိုင်းဆင်ခဲ့ပါသည်။

အဆောင်ပြင်ဆင်နှင့် အဆင်နေမှုများ

အမှတ် (၃ ၄ ၅) ဝန်ထမ်းသစ် တိုက်အမှတ် (D/E)
ဝန်ဆောင်မှုအားဖြင့်ရော ပြန်လည်ရောင်းချခြင်းပါ ပါဝင်ဆောင်ရွက်ခွင့်ရှိပြီးသော
ရန်ကုန်မြို့

အဆောင်ပြင်ဆင်ပုံနှင့်ဖိုး

နေရာနေရာ (၀၀) စတီးဖုံး (၃) စင်တီမီတာ

ဈေးပေးပြန်းရန်

ဝင်ငွေ ၂၅၅၄ ခုနှစ်ကုန်ခန့် ... ၀၁ ၂၀ စီးခန့်
ဝင်ငွေ ၂၅၅၄ ခုနှစ်ကုန်ခန့် ... ၀၁ ၂၀ စီးခန့်

A Prestigious Development By:
PSWN
PSWN Development Company Limited

International Partners:
DPA
MEINHARDT
RHLB (Myanmar) Ltd.
ASIAN ACRE ADVISORS

Marketing Partner:
ERA

ဥပဒေ

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုအလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခုသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တစ်ခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး၊" ဥက္ကဋ္ဌ

၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း"ဆိုသည့် စကားရပ်၏ရှေ့တွင် "နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခုသို့မဟုတ်" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၃-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူမည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။"

၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ တွင် ပါရှိသော "ငွေဇော် အနည်းဆုံးကျပ်တစ်သိန်း ချမှတ်ရမည်"ဆိုသည့် စကားရပ်ကို "ငွေဇော်အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "ငွေဇော် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို "ငွေဇော် ကျပ်ငါးသိန်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ တွင် ပါရှိသော "ငွေဇော်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ငွေဇော် အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဇော်အနည်းဆုံး ကျပ်တစ်ဆယ်သိန်း ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့်ငွေဇော်မှ သင့်လျော်သောငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။"

၁၀။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေပုဒ်မ ၅၄ ၏ နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၄-က။ ပုဒ်မ ၄၂ ပါတားမြစ်ချက်မှအပ ဤဥပဒေပါ အခြားတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုရာတွင် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်း

အမျိုးသားပညာရေးဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အသီးသီးကို ဆိုသည်။

(ဆ) **အမျိုးသားပညာရေး** ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့်ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။

(ဇ) **သင်ယူသူ** ဆိုသည်မှာ မိမိ၏အရည်အချင်းတိုးတက်စေရန်ပညာရေးလမ်းကြောင်းအလိုက် ပညာရေးအဆင့်နှင့်အတန်းတွင်ရရှိနိုင်သည့် ပညာသင်ကြားမှုနည်းစနစ်များနှင့်အညီ ရှာဖွေခံယူလေ့လာသင်ယူသူ သို့မဟုတ် ကျောင်းသားကို ဆိုသည်။

(စျ) **ဆရာ** ဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ည) **ကျောင်းပညာရေး** ဆိုသည်မှာ သင်ယူသူ၏အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။

(ဋ) **ကျောင်းပြင်ပပညာရေး** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ် ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(ဌ) **တန်းညီပညာရေးအစီအစဉ်** ဆိုသည်မှာ ကျောင်းပြင်ပပညာရေး အစီအစဉ်အရ သင်ယူရရှိသည့်ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်းညီနှိုင်းသတ်မှတ်ပေးသောအစီအစဉ်ကို ဆိုသည်။

(ဍ) **ကိုယ်တိုင်သင်ယူပညာရေး** ဆိုသည်မှာ မိမိလိုအပ်ချက်နှင့် စိတ်ဝင်စားမှုအရ မိမိကိုယ်တိုင်သတ်မှတ်သင်ယူသော ပညာရေးကို ဆိုသည်။

(ဎ) **ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး** ဆိုသည်မှာ မွေးစမှအသက်ရှစ်နှစ်ပြည့်သည့်အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသောနည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကို ဆိုသည်။

(ဏ) **မူကြိုပညာရေး** ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသောပညာရေးကို ဆိုသည်။

(တ) **သူငယ်တန်းပညာရေး** ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန်အသက်ငါးနှစ်ပြည့်ပြီးကလေးများအတွက်ဘက်စုံဖွံ့ဖြိုးမှုနှင့်သင့်လျော်သော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်။

(ထ) **အခြေခံပညာရေး** ဆိုသည်မှာ နိုင်ငံသားတိုင်း တတ်မြောက်ရန် သတ်မှတ်ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာရပ်တစ်ခုခုကို ဖြစ်စေ၊အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ဒ) **နည်းပညာနှင့်သက်မွေးပညာရေး** ဆိုသည်မှာ လက်တွေ့နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျမွေးထုတ်ပေးသည့် ပညာရေးကို ဆိုသည်။

(ဓ) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။

(နဓ) **ဆရာအတတ်ပညာရေး** ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင် စတင်ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သော အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု၊ စိတ်နေသဘောထားနှင့်အတွေ့အကြုံများရရှိစေသည့်ပညာရေးကို ဆိုသည်။

(ပ) **အဝေးသင်ပညာရေး** ဆိုသည်မှာ ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဆရာနှင့်သင်ယူသူတို့အကြား သင်ထောက်ကူနည်းလမ်းများဖြစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် အခြားလူထုဆက်သွယ်ရေးမီဒီယာနည်းလမ်းများကို အသုံးပြု၍ သင်ကြားမှု၊ သင်ယူမှုများ ပြုလုပ်ပေးသော ကိုယ်တိုင်လေ့လာသင်ယူမှုကို အခြေခံသည့် ပညာရေးကို ဆိုသည်။

(ဖ) **ရပ်ရွာအခြေပြုပညာရေး** ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာရှိပြည်သူများကို ပညာရေးဖြင့် လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ယင်းတို့၏ဆန္ဒအပေါ်တွင် အခြေခံ၍ သင်ကြားပေးသည့်ပညာရေးကို ဆိုသည်။

(ဗ) **အခမဲ့မသင်မနေရပညာရေး** ဆိုသည်မှာ နိုင်ငံတော်က အခမဲ့မသင်မနေရပညာရေးဟု သတ်မှတ်သည့် ပညာရေးအဆင့်ကို ကျောင်းနေအရွယ် ကလေးတိုင်း သင်ယူပြီးမြောက်ရေးအတွက် အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝထောက်ပံ့ကူညီမှု ပေးထားသည့် ပညာရေးကို ဆိုသည်။

(ဘ) **အထူးပညာရေးအစီအစဉ်** ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့်သင်ကြားပေးသော ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဆိုသည်။

(မ) **ပညာရေးအထူးဝန်ဆောင်မှု** ဆိုသည်မှာ နယ်မြေအေးချမ်းမှုမရှိသော၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို ဆိုသည်။

(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ** ဆိုသည်မှာနိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့်ပညာရေးအဆင့် အသီးသီး၏အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ရ) **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုအခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(လ) **သင်ရိုးညွှန်းတမ်း** ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်၍သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်းနှင့်ကျောင်းပြင်တို့၌လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များကို ဆိုသည်။

(ဝ) **ကျောင်း** ဆိုသည်မှာ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးအတွက် သင်ကြားသင်ယူသည့်နေရာဌာနကို ဆိုသည်။

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

(သ) **မိဘဆရာအသင်း** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံး ကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ အတူတကွ ပူးပေါင်း ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဟ) **ကျောင်းအကျိုးဆောင်အဖွဲ့** ဆိုသည်မှာ အခြေခံပညာကျောင်း များတွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့်လူမှုရေး ဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပါဝင် သည့် ကျောင်းပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **ပညာရေးစီမံခန့်ခွဲသူ** ဆိုသည်မှာ ပညာရေးဆိုင်ရာဌာန သို့မဟုတ် ကျောင်း၏စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သော ပုဂ္ဂိုလ်ကို ဆိုသည်။

အခန်း(၂)

အမျိုးသားပညာရေး ရည်မှန်းချက်များ

၃။ အမျိုးသားပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလ ငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်၊

(ဃ) ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူစွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(င) နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်၊

(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန် ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုး ထောင်ပေးရန်၊

(ဆ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာ ရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန်။

အခန်း(၃)

အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ

၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံ သားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေ နှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေး မြှင့်တင်ရေး၊

(ဂ) ကျောင်းနေအရွယ် ကလေးသူငယ်နှင့်လူငယ်အားလုံး ပညာသင် ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်ထားရှိရေး၊

(ဃ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက် မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(င) နိုင်ငံတကာပညာရေးအဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာ များကို အသုံးပြုဆောင်ရွက်ရေး၊

(စ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေး ဖြစ်စေရေး၊

(ဆ) တက္ကသိုလ်နှင့်ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင် စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊

(ဇ) သင်ယူလိုသူ၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ် ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး၊

(ဈ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာစွက်ဖက်မှု များမှ ကင်းလွတ်စေရေး၊

(ည) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင် အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊

(ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေး မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာ ရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင် သူများကို အဆင့်အလိုက်မွေးထုတ်ရေး၊

(ဌ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာ ရေးအဆင့်အတန်းသတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသော စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဍ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့်လူမှုဘဝ မြှင့်တင် ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင် တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်စနစ်ကို ကျင့်သုံးရေး။

အခန်း (၄)

အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ က အဖွဲ့ဝင်များအဖြစ်ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင် ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မရှင်ကို ပြည်ထောင်စုလွှတ် တော်၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ အခြေခံမူများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ခြင်း၊

(ခ) အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဥပဒေနှင့်အညီ လိုအပ်သောကော်မတီ သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများအကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒ များချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များထံမှ ငွေကြေးနှင့်အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင် ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့်အထောက် အပံ့များ ရယူသုံးစွဲခြင်းအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်း နှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ ရေတိုရေရှည်စီမံကိန်းများနှင့်စပ်လျဉ်း၍ လိုအပ် သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ ၏ လွတ်လပ်သောကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ခရီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိသည်။

၉။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာ ရန်ပုံငွေမှ ကျခံစေရမည်။

အခန်း(၅)

အမျိုးသားပညာရေးစနစ်

၁၁။ နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် အောက်ပါပညာရယူနည်းများ ကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ် ဆောင်ရွက်ရမည် -

(က) ကျောင်းပညာရေး၊

(ခ) ကျောင်းပြင်ပပညာရေး၊

(ဂ) ကိုယ်တိုင်သင်ယူပညာရေး။

၁၂။ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးကို တည်ဆဲဥပဒေများနှင့်အညီ မိဘ၊ ရပ်ရွာနှင့် သင့်လျော်သောဌာန၊ အဖွဲ့အစည်းများက အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

၁၃။ မူကြိုပညာရေးတွင် အသက်သုံးနှစ်မှ ငါးနှစ်အထိ မူကြိုပညာရေးကို အကောင်အထည်ဖော်ရမည်။

၁၄။ နိုင်ငံတော်သည် ကျောင်းပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ် မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) အခြေခံပညာရေး၊

(ခ) နည်းပညာနှင့်သက်မွေးပညာရေး၊

(ဂ) အဆင့်မြင့်ပညာရေး။

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာအဆင့် ကျောင်းပညာ ရေးနှင့် ကျောင်းပြင်ပပညာရေးတို့ ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင် အထည်ဖော်ဆောင်ရွက်ခြင်းကို အစိုးရအဖွဲ့နှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည်။

၁۶။(က) အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်သုံးဆင့် ခွဲခြားထား ပြီး သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်း ကာလမှာ ၁၂ နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန်ဖြစ်သည် -

(၁) မူလတန်းအဆင့်ပညာရေး၊

(၂) အလယ်တန်းအဆင့်ပညာရေး၊

(၃) အထက်တန်းအဆင့်ပညာရေး။

(ခ) သူငယ်တန်းပညာရေးကို မူလတန်းအဆင့် ပညာရေး၏ အခြေခံ အတန်းအဖြစ် သတ်မှတ်သည်။

(ဂ) ပုဒ်မခွဲ(က)ပါ ပညာရေးအဆင့် တစ်ခုပြီးမြောက်မှုအတွက် သင်ယူ တတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ရမည်။

၁۷။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရမည်။

၁၈။(က) အသက်၆ဝနှစ်ပြည့်ပြီးသည့်ကလေးများသည် သူငယ်တန်းပညာ ရေးကို စတင်သင်ယူရမည်။

(ခ) အသက်ခြောက်နှစ်ပြည့်ပြီးသည့် ကလေးများသည် မူလတန်း အဆင့်ပညာရေးကို စတင်သင်ယူရမည်။

၁၉။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။

၂၀။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် -

(က) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့အတွက် ဆရာ အတတ်ပညာဖွံ့ဖြိုးစေရန် အကောင်အထည်ဖော်ဆောင်ရွက် ရမည်။

(ခ) ဆရာအတတ်ပညာနှင့် သက်ဆိုင်သော ကျောင်းဝင်ခွင့်၊ သင်ရိုး ညွှန်းတမ်းနှင့် သင်တန်းကာလများကို သက်ဆိုင်ရာနည်းဥပဒေ များတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာလေ့နှင့် သမိုင်းအမွေအနှစ်တို့ ၏ အနှစ်သာရများကိုတန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ် ရမည်။

၂၁။ နည်းပညာနှင့် သက်မွေးပညာရေးကို အောက်ပါအတိုင်း ခွဲခြား သတ်မှတ်သည်-

(က) မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက် နိုင်သော အခြေခံအဆင့်နည်းပညာနှင့် သက်မွေးပညာရေး၊

(ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက် နိုင်သော အလယ်တန်းအဆင့်နည်းပညာနှင့် သက်မွေးပညာရေး၊

(ဂ) အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူ များ တက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာ နှင့် သက်မွေးပညာရေး၊

(ဃ) ပညာအရည်အချင်း ကျား၊ မ၊အသက်အရွယ်တို့ကို မကန့်သတ်ဘဲ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သော ကျောင်းပြင်ပနည်းပညာနှင့် သက်မွေးပညာရေး။

၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များ၏ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလ၊ အပ်နှင်းမည့် ဒီပလိုမာနှင့် အောင် လက်မှတ်အမျိုးအစားတို့ကို သက်ဆိုင်ရာ သင်တန်းပေါ်မူတည်၍ သတ်မှတ် ရမည်။

၂၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် နိုင်ငံသားများအတွက် နည်းပညာ နှင့်သက်မွေးပညာရပ်များ သင်ယူနိုင်မှု အခွင့်အလမ်းများ ကျယ်ပြန့်စွာ ရရှိစေရန် တိုးမြှင့်ဆောင်ရွက်ရမည်။

၂၄။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့်သင်တန်း များကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။

၂၅။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် ယင်းတို့နှင့် အဆင့်တူညီသည့် ကျောင်းများသည် အဆင့်မြင့်ပညာရေးကို အကောင် အထည်ဖော်ရမည်။

၂۶။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများ တွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ် ကို ကျင့်သုံးရမည်။

၂۷။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ ကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ကို ဖွဲ့စည်းပေးရမည်။

၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်း များသည် -

(က) သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) သင်ယူသူများအား ယင်းတို့၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ ကျောင်းကသတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသော ပညာရပ်နှင့်ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ် ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

၂၉။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရာတွင် အဝေးသင် ပညာရေးစနစ်ကိုလည်း ကျင့်သုံးမည်။

၃၀။ အခြေခံပညာအထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့် သက်မွေး ပညာရေး၊ ဆရာအတတ်ပညာရေးနှင့်အဆင့်မြင့်ပညာရေးတို့သည် တစ်ခု နှင့်တစ်ခု ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည့် အစီအစဉ်ရှိရမည်။

၃၁။ ဝန်ကြီးဌာနသည် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများဖြင့် ကျောင်းပြင်ပပညာရေးကို အကောင်အထည် ဖော်ဆောင်ရွက်ရန် အားပေးရမည်။

၃၂။ ဝန်ကြီးဌာနသည် ကျောင်းပြင်ပပညာရေးနှင့်စပ်လျဉ်း၍ -

(က) အခြေခံစာတတ်မြောက်ရေးနှင့်ယင်း၏ နောက်ဆက်တွဲ လုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီး ကို ဆုံးခန်းတိုင်မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

စာမျက်နှာ ၁၇ သို့

ဥပဒေ

စာမျက်နှာ ၁၆ မှ

(ဂ) ကျောင်းပြင်ပ ပညာရေးမှ ကျောင်းပညာရေး သို့မဟုတ် နည်းပညာနှင့် သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညီ ပညာရေးအစီအစဉ်ကို ဆောင်ရွက်ရမည်။

၃၃။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အရည်အသွေးမြင့်မားစေရေးအတွက် ကိုယ်တိုင်သင်ယူပညာရေးအပါအဝင် ဆက်လက်သင်ယူနိုင်သော အခွင့်အလမ်းရရှိစေရန်-

(က) သင်ကြားလေ့လာနိုင်မည့်အခြေအနေများနှင့် အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများကပုဒ်မခွဲ (က)ပါ အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် စည်းရုံးတိုက်တွန်းရမည့်အပြင် ယင်းတို့ကိုယ်တိုင် ဆောင်ရွက်ခြင်းကိုလည်း ခွင့်ပြုရမည်။

(ဂ) စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် မီဒီယာအမျိုးမျိုးကို အသုံးပြု ထုတ်လွှင့်ဖြန့်ချိမှု ပညာရေးအစီအစဉ်များ ဆောင်ရွက်ရမည်။

(ဃ) လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရအဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်လိုပါက အားပေးကူညီရမည်။

အခန်း (၆)

ကျောင်းအမျိုးအစား

၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံ ကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင် ကျောင်းများ၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) အထူးပညာရေးအစီအစဉ် ကျောင်းများ၊

(ဇ) ရွှေ့လျားနှင့် အရေးပေါ် ကျောင်းများ၊

(စျ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် ကျောင်းများ။

၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်အတန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။

၃၆။ ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ တရားဝင်ကျောင်းတည်ထောင်ခွင့်ရရှိသောကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။

၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည်-

(က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေးပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ် ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေး အထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

အခန်း(၇)

သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်း စံသတ်မှတ်ခြင်း

၃၉။ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းစေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သောတန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့် အသီးသီးအတွက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(ဆ) ပုဒ်မခွဲ (စ) ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

၄၀။ ကျောင်းများသည် ပညာရေးစီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရန်နှင့်နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်ကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများကို တည်ဆဲဥပဒေနှင့်အညီ ပြောင်းလဲမြှင့်တင်နိုင်ခွင့်ရှိသည်။

၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်-

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြားသင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။

၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့သည်-

(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ် ကူးပြောင်းသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားရေးနှင့် တက္ကသိုလ်များတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေနှင့်သမိုင်း အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားရေးတို့အတွက် ကူညီဆောင်ရွက်ရမည်။

၄၃။ (က) သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ ဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ ဖြစ်စေ သင်ကြားနိုင်သည်။

(ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသား ဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်။

အခန်း(၈)

ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများ

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေ ကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့်ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်။

၄۶။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိ၏ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၄۷။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှုအခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို မသင်မနေရ အခမဲ့ပညာရေးပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီပေးရမည်။

၄၉။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည်-

(က) ပညာရေးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်၊ ကူညီပံ့ပိုးရမည်။

(ခ) ကလေးတိုင်းသတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေး အဆင့်ပြီးမြောက်စေရန် ဦးတည်ဖော်ဆောင်ပေးရမည်။

(ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများ ထားရှိရမည်။

(ဃ) ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

(င) ဒေသခံမဟုတ်သော ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှု လွယ်ကူစေရန် စီမံဆောင်ရွက်ရမည်။

(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲခွင့် ရှိစေရမည်။

(ဆ) ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) ပညာရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

အခန်း (၉)

ဆရာများ

၅၀။ ဆရာများသည်-

(က) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိရမည်။ ဒီမိုကရေစီအလေ့အကျင့်ကို ချစ်မြတ်နိုးစေ၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။

(ခ) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် သက်မွေးဝမ်းကျောင်းမှုကို ချစ်မြတ်နိုးစိတ်ရှိရမည်။ ကျောင်းသား ကျောင်းသူများအတွက် စံနမူနာကောင်းဖြစ်ရမည်။

(ဂ) အခြေခံပညာရေးအတွက် ဆရာအတတ်ပညာဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် သို့မဟုတ် ယင်းတို့နှင့် အဆင့်တူသတ်မှတ်ထားသော အသိအမှတ်ပြု လက်မှတ်များရှိရမည်။

၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။

၅၂။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာ အတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။

၅၃။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

အခန်း (၁၀)

အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၅၄။ (က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရမည်။

(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်အတွင်း အရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။

(ဂ) ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၅၅။ ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်းနှင့်အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

အခန်း (၁၁)

ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု

၅၆။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။

၅۷။ (က) အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။

(ခ) ထူးခြားသောလုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်နှင့်သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ ပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။

၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့်ယင်းတို့ကို အကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊

(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာ သိရှိစေရန်ဆောင်ရွက်ခြင်း၊

(ဂ) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကဆောင်ရွက်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုများကို အကူအညီပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများတစ်ပြေးညီ ဖြစ်စေရန်အတွက် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊

(စ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့်ပညာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(ဆ) အစိုးရအဖွဲ့ကအခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

စာမျက်နှာ ၁၈ သို့

ဥပဒေနှင့်ပြည်တွင်းသတင်း

စာမျက်နှာ ၁၇ မှ

၅၉။ ပညာရေးစီမံခန့်ခွဲသူများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုအထောက်အကူပြု စာရင်းအင်းအချက်အလက်များကို စနစ်တကျစုစည်းဆောင်ရွက်သည့် ပညာရေးစီမံခန့်ခွဲမှုနှင့်သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားကြီးကြပ်ရန်သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတကျောင်းများ၊ အထူးပညာရေးအစီအစဉ်ကျောင်းများနှင့် ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ၊ ရပ်ရွာပညာပေးသာဌာနများ၊ ရပ်ရွာအခြေပြုပညာရေး အစီအစဉ်များနှင့် ကျောင်းပြင်ပ အခြေခံပညာအဆင့်သင်တန်းများကိုစိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့် ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်း ရောက်ရှိစေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေး အထောက်အကူများ ပံ့ပိုးပေးရမည်။

အခန်း (၁၂)

ဘဏ္ဍာရေး

၆၂။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။

၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် -

(က) ပုဒ်မ ၆၂ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီးစာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့်အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၆၄။ (က) အစိုးရအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည်နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။

(ခ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။

၆၅။ ကော်မရှင်သည် -

(က) မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) မိမိဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

အခန်း (၁၃)

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ

၆၆။ ဤဥပဒေပြဋ္ဌာန်းမီက တည်ရှိခဲ့သောကျောင်းအားလုံးသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။

အခန်း (၁၄)

အထွေထွေ

၆၇။ ဤဥပဒေပြဋ္ဌာန်းမီကတည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများသည်ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၈။ (က) ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသော ကျောင်းများသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (၈၂) တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနတို့ကထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့် အဖွဲ့များ၊ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှေးဟောင်းအမွေအနှစ်စာရင်းဝင် မန္တလေးမြို့၏အကြီးဆုံး မဟာမင်းထင် သစ်သားကျောင်းတော်ကြီး

မန္တလေးမဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်အရပ် သီတာအေးရပ်ကွက်ရှိ မဟာမင်းထင်ကျောင်းတိုက်အတွင်းရှိ မဟာမင်းထင်တိုက် အလယ်ကျောင်းကြီးဖြစ်သော သစ်သားကျောင်းတော်ကြီးမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံစာရင်းဝင်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းတော်ကြီးသည် အင်းဝ၊ အမရပူရ၊ ရတနာပုံအဆင့်ဆင့်ရွှေ့ပြောင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာရှင်ဘုရင်များ နန်းစိုက်တည်ရှိရာ နေရာလည်းဖြစ်ခဲ့သည်။ ကျောင်းတော်ကြီး၏ မူလဒါယကာမှာ ဇနက်ပလာဆင်ဝန်မင်းလှမင်းကျော်ဦးမင်းထင် ဖြစ်ကာ မူလအင်းဝမှ အမရပူရသို့ ရွှေ့ပြောင်းခဲ့သည်။

ထို့နောက် သက္ကရာဇ် ၁၂၃၈ ခုနှစ် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အမရပူရမှဘုန်းတော်ကြီးကျောင်းများ မန္တလေးမင်းနေပြည်တော်သို့ ရွှေ့ပြောင်းတည်ဆောက်ရာတွင် ပါဝင်ခဲ့ပြီး မူရင်းကျောင်းဒါယကာ၏ သားဖြစ်သူဇနက်ပလာဆင်ဝန် မဟာမင်းလှမင်းကျော်ပြာရှပ်ဦးမင်းထင်က ရွှေ့ပြောင်းတည်ဆောက်ခဲ့ကာ မန္တလေးမြို့ရှိ သစ်သားကျောင်းတော်ကြီးများအနက် အကြီးဆုံးကျောင်းကြီးဖြစ်သည်။

ကျောင်းတော်ကြီးအားပြန်လည်တည်ဆောက်ရာတွင် ၂၈ ပေအရှည်ရှိ သစ်သားတိုင်လုံးပေါင်း ၄၆၂ တိုင်ဖြင့် တည်ဆောက်ခဲ့ပြီး အမိုးငါးထပ်၊ လည်ပေါ်သုံးဆင့်တွင် စံပယ်ထပ်စမြင်ခံပါဝင်ကာ တောင်ဘက်တွင် ဝရန်တာနှင့် သရက်ကင်းအုတ်လှေကားတစ်စင်း၊ မြောက်ဘက်တွင် အုတ်လှေကားနှစ်စင်းတည်ရှိသည်။ ကျောင်းတော်ကြီးတွင် ဘုရားဆောင်၊ ပြာသာဒ်ဆောင်၊ ဇေတဝန်ဆောင်နှင့် ဘောဂဆောင်တို့ပါရှိသည်။ ဘုရားဆောင်တွင် ရှေးဟောင်းရုပ်ပွားတော်များ၊ ပေစာထုပ်များ၊ စာတိုက်ဗီရိုကြီးများပါရှိသည်။ ထို့အပြင် ကျောင်းတော်ကြီး အင်္ဂါရပ်အတိုင်းဝရန်တာများ၊ ကျွန်းပြားခင်းများ၊ စံရွှေးစွပ် သစ်သားကဲလားကြီးများ ပါရှိကာ ရတနာပုံခေတ် အနုပညာလက်ရာများစွာ ပါဝင်လျက်ရှိပြီး ပြန်လည်တည်ဆောက်မှုမှာ မင်းတုန်းမင်းလက်ထက်တွင် မပြီးစီးဘဲ သီပေါမင်းလက်ထက်မှ ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရှေးဟောင်းမြန်မာ့အမွေအနှစ် လက်ရာများအဖြစ် တည်ရှိနေသည့် မဟာမင်းထင်ကျောင်းတော်ကြီးသို့ နှစ်စဉ်နိုင်ငံခြားသားများလာရောက် လေ့လာကြည့်ရှုကြသဖြင့် ဂုဏ်ယူစရာမြန်မာတို့၏ ရှေးဟောင်း အနုပညာလက်ရာများ တည်ရှိနေသည့် အဆိုပါကျောင်းတော်ကြီးကို ပျက်စီးယိုယွင်း ပျောက်ကွယ်သွားခြင်း မရှိစေရေး အတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားကြ စေလိုကြောင်း ကျောင်းတော်ကြီးတွင် သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးဣန္ဒေါ ဘာသက မိန့်ကြားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အောက်တိုဘာ ၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ရွှေရတုမြန်မာနိုင်ငံ ရဲတပ်ဖွဲ့.နေ့ကို ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပရာ မှူခင်းဖော်ထုတ်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့.ကို စွမ်းစွမ်းတမ်းကူညီခဲ့သည့် မြန်မာ့အလင်းသတင်းထောက် ဦးခင်မောင်ကြီးကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့.ဗျူး ရဲမှူးကြီး ကြည်လင်းက ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။ (၁၅)

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရှင်းလင်းပွဲကျင်းပ

ဂန့်ဂေါ အောက်တိုဘာ ၄

သမဝါယမအသင်းသားများအား အတိုးနှုန်းလျှော့ချ၍ အသေးစားအရင်းအနှီး ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကို ထပ်မံချေးယူနိုင်ရေး လုပ်ငန်းရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မွှေ့လယ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းလုပ်ငန်းရှင်းလင်းပွဲသို့ မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရည်၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ချေးငွေစိစစ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ အသင်းသား၊ အမှုဆောင်၊ အသင်းဝန်ထမ်းများ စုစုပေါင်း ၃၁၅ဦးခန့် တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းရှင်းလင်းပွဲတွင် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရည်က ပထမအကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ကို သမဝါယမအသင်းသားများသို့ အတိုးနှုန်း ၁ ဒသမ ၅ကျပ်နှုန်းဖြင့် ထုတ်ချေးပေးနေရာမှ ယခုအခါယင်းဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၃၀၀ကို ထပ်မံချေးယူလျက်အတိုးနှုန်း ၁ ဒသမ ၀၈ ကျပ်အထိလျှော့ချ၍ ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ သမဝါယမဝန်ကြီးဌာန၏ အစီအမံဖြင့် သမဝါယမအသင်းသားများသို့ အတိုးနှုန်းနည်းပါးစွာဖြင့် အသေးစား အရင်းအနှီးချေးငွေများထုတ်ချေးပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာ၊ လုပ်ငန်းသုံးစက်ကိရိယာ၊ ရေလုပ်ငန်းသုံး စက်ကိရိယာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများအား အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမပညာပြန့်ပွားရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်နေကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

လုပ်ငန်းရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သမဝါယမအသင်းသားများက အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေးသွင်းအားစုများ ကူညီပံ့ပိုးပေးခြင်းကြောင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ပြီး ကိုယ့်ခြေထောက်ပေါ် ဆက်လက်ရပ်တည်သွားနိုင်ရေးအတွက်လိုအပ်သော ကူညီပံ့ပိုးမှုများ ထပ်မံလိုအပ်နေသည့် အခြေအနေများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

ပြည်တွင်းသတင်းနှင့်ကြေငြာ

သတင်းတိုများ

ရှမ်းအိုးစည်မော်တော်ယာဉ်အသင်း ကားဂိတ်ဖွင့်ပွဲကျင်းပ

ရှမ်းအိုးစည်မော်တော်ယာဉ်အသင်းကားဂိတ်ဖွင့်ပွဲကို အောက်တိုဘာ ၂ ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ကားကြီးကွင်း၌ ကျင်းပခဲ့ရာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်သန်းနှင့် ပို့ဆောင်ရေးမော်တော်ယာဉ်များအသင်း ခရိုင်ကြီးကြပ်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးဘက်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရှမ်းအိုးစည်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ဌာနသို့ ငွေကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိသော အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြိုင်မြို့ ရေပန့်စက်ရုံများစစ်ဆေး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ ရေပန့်စက်ရုံနှင့် စက်ရေတွင်း ခြောက်တွင်းတို့မှ ရေမူတ်ထုတ်မှု၊ မြို့နယ်အတွင်း ပြည်သူများသောက်သုံးရေလွယ်ကူစေရန် မြို့ပေါ်ရှိရေသွယ်တိုင် ၁၅၀၆ တိုင်သို့ ရေပို့လွှတ်နိုင်မှု၊ စက်ရေတွင်းအမှတ်(၁)၊ (၂)၊ (၃)၊ (၄) စက်ရုံများမှ ရေထွက်ရှိမှုတို့ကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိမ်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြို့နယ်အထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်တွင် လျှပ်စစ်ဓာတ်အားပေးပို့ချိန်နှင့် ချိန်ကိုက်စစ်ဆေးခဲ့သည်။

စိန်မြိုင်(မြိုင်)

တရားလွှတ်တော်ချုပ်တရားသူကြီး ဘားအံအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမြင့်အောင်သည် ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းကိုကို၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးခင်မောင်ထွန်း၊ ဘားအံခရိုင်တရားသူကြီး ဒေါ်မြင့်ဗာတို့လိုက်ပါ၍ ဘားအံအကျဉ်းထောင်ရှိ အချုပ်သူ အချုပ်သား၊ အကျဉ်းသူ အကျဉ်းသားများ အားတွေ့ဆုံပြီး ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇ နှင့်အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိတို့ကို အောက်တိုဘာ ၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြော

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ HIV/AIDS ရောဂါ အကြောင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက စဉ်ကူးမြို့နယ် လက်ပံလှကျေးရွာ အထကကျောင်း၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ရဲမင်းကြီး(ငြိမ်း)ဦးလှမြင့်က အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါ်ခင်စမ်းရီနှင့် အသင်းတာဝန်ရှိသူများက ဆေးလိပ်အန္တရာယ်အကြောင်း၊ HIV/AIDS ရောဂါအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို ဟောပြောခဲ့ကြသည်။

(၄၃၃)

ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းမှုများ တားဆီးပေးရန်လိုအပ်နေ

ကျောက်တံခါး၊ အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ချောင်း၊ မြောင်း၊ အင်းအိုင်များတွင် နေ့စဉ်လူတစ်ရာဝန်းကျင်ခန့်က ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းမှုပြုလုပ်နေသဖြင့် ငါးမျိုးပြုန်းတီးမည်ကို စိုးရိမ်နေရကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် တာဝန်ရှိသူများအနေဖြင့် တားဆီးပေးစေလိုကြောင်း ဒေသခံများက ပြောကြားသည်။

ကျောက်တံခါးမြို့နယ်အတွင်း၌ အနောက်ပဲခူးရိုးမမှ စီးဆင်းလာပြီး အရှေ့ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သော ချောင်းမကြီး ၁၅ ခုနှင့် ချောင်းလက်တက် ၂၁ ခု၊ အင်းအိုင် ၁၀ ခုရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စာရင်းများအရ သိရသည်။

"ဘက်ထရီသုံး ကျဉ်စက်တွေနဲ့ ချောင်း၊ မြောင်းတွေမှာ ငါးရှာဖွေဖမ်းဆီးနေတဲ့လူတွေ အများကြီးပါပဲ။ မိုးလင်းကနေ မိုးချုပ်အထိ တစ်နေကုန်ဖမ်းကြတယ်။ ငါးမျိုးစုံဖမ်းနေလို့ မျိုးတုံးကုန်မှာ စိုးရိမ်နေရပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဘက်ထရီဖြင့် ရှော့ခ်တိုက်ငါးဖမ်းခြင်းဖြင့် ငါးကောင်ရေပိုမိုရရှိရန်လွယ်သောကြောင့် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းသူများနေခြင်းဖြစ်ကြောင်းနှင့် ရှော့ခ်တိုက်ငါးဖမ်းခြင်းကြောင့် မလိုအပ်သောငါးမျိုးများပါ သေဆုံးခြင်း၊ ငါးရစ်ငါးသန်များလည်း သေဆုံးခြင်းတို့ဖြစ်နိုင်သည်။ ထို့ကြောင့် ငါးမျိုးပြုန်းတီးသွားမည်ကို စိုးရိမ်နေရကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီတားဆီးပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

ကျောက်တံခါးမြို့နယ်သည် စတုရန်းမိုင် ၁၀၉၃ မိုင် ကျယ်ဝန်းပြီး ကျေးရွာ ၃၁၃ ရွာ၊ ရပ်ကွက်အုပ်စု ပေါင်း ၆၀ ကျော်ရှိကာ တိုင်းရင်းသားပေါင်းစုံ လူဦးရေနှစ်သိန်းခွဲကျော်မှာ မြို့နယ်အတွင်း မြစ်၊ ချောင်း၊ အင်းအိုင်များကို အမှီပြုနေထိုင်လျက်ရှိကြောင်း သိရသည်။

ခင်ကိုဝ(ကျောက်တံခါး)

တမလန်းသစ် ဓားရွှေတုံးများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ကသာ အောက်တိုဘာ ၄

ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် ငွေကျပ် (၅၄) သိန်းကျော် တန်ဖိုးရှိ တရားမဝင် တမလန်းသစ်များကို ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့ မြေလင်းရဲကင်းမှ စခန်းမျူး ရဲအုပ်နေလင်း၊ ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် တောအုပ်ကြီး ဦးစောမြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက်က ပင်လည်ဘူးမြို့နယ် ပေပင်စုရွာမြောက်ဘက် သုံးမိုင်ခန့်အကွာ မံကော်ကြိုးပြင်တောင့် လှည့်ကင်းဆောင်ရွက်စဉ် နံနက် ၁၁ နာရီတွင် ပိုင်ရှင်မဲ့ စုပုံထားသည့် တမလန်းဓားရွှေတုံး ၆၀ (၈ ဒသမ ၄၂၅၂)တန်၊ တန်ဖိုးငွေကျပ် ၂၀၆၃၀၀၀ ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ပေပင်စုရွာမြောက်ဘက် သုံးမိုင်ကျော်ခန့်အကွာ မံကော် ကြိုးပြင်တောတွင် ပိုင်ရှင်မဲ့တမလန်းဓားရွှေတုံး ၅၄ တုံး (၇ ဒသမ ၀၀၃၆)တန်၊ တန်ဖိုးငွေကျပ် ၁၇၅၀၉၀၀ ကိုလည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် ကြိုးပြင်တောအတွင်းမှ ပိုင်ရှင်မဲ့တမလန်းဓားရွှေတုံး ၄၃ တုံး(၆ ဒသမ ၂၄၁)တန်၊ တန်ဖိုးငွေကျပ် ၁၅၆၀၃၀၀၀၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၄၁၇၅၀၀ ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရ သည်။

ဦးရဲ(ကသာ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မီးသတ်စက်နှင့်ဆိုလာလျှပ်စစ်ပစ္စည်းများ ပေးအပ်

ကလေးဝ အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ အခမဲ့ထောက်ပံ့သည့် အပေါ့စားမီးသတ်စက်၊ အသံချဲ့စက်နှင့် ဆိုလာလျှပ်စစ်ပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက်က ကျင်းပသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အပေါ့စားမီးသတ်စက်ကို သစ်ချောက်ကျေးရွာနှင့် ကျော်ဇင်ကျေးရွာ သို့လည်းကောင်း၊ အသံချဲ့စက်ကို ဝုဂါးကျေးရွာနှင့် ရွာသာကျေးရွာသို့ လည်းကောင်း၊ ဆိုလာလျှပ်စစ်ပစ္စည်းများကို အောင်ချမ်းသာကျေးရွာသို့လည်းကောင်း အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**

ကုံကော်တစ်ထောင်ဘုရားပွဲတော်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ (ကုံကော်တစ်ထောင်ဆရာတော်)၏ စိန်ရတုမွေးနေ့သဘင်ပူဇော်ပွဲနိုးဆော်လွှာ

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကုံကော်တစ်ထောင်သာသနာ့အောင်မြေဧရိယာတွင် တပေါင်းလဆန်း(၁)ရက်နေ့မှ လပြည့်နေ့အထိ (၁၅)ရက်တိုင်တိုင် ကုံကော်တစ်ထောင်ဘုရားရှင်များ (၂၅)နှစ်ပြည့် ဌေရတုသဘင်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ (ကုံကော်တစ်ထောင်ဆရာတော်)၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့သဘင်ပူဇော်ပွဲကို နှစ်(၁၀၀)ပြည့်ပွဲတော်အစီအစဉ်အပြင် တပေါင်းလဆန်း(၁)ရက်နေ့မှ (၃)ရက်နေ့ထိ တရားပွဲ၊ တပေါင်းလဆန်း(၄)ရက်မှ (၈)ရက်ထိ ပဌာန်းပွဲ၊ တပေါင်းလဆန်း(၉)ရက်မှ (၁၅)ရက်နေ့အထိ နှစ်ကိုပ်ရှစ်ဆူပူဇော်ပွဲ၊ သီကျွန်းထပ်ပွဲ၊ ပင့်သံယာ(၁၀၀)ပူဇော်ပွဲ၊ ရှင်(၁၀၀)ပြွှဲ၊ ဒုလေဘွဲ့ရဟန်းခံပွဲ၊ သက်ကြီးပူဇော်ပွဲ၊ နိဗ္ဗာန်ဈေးပွဲတော် တို့ကို ကျင်းပမှုတော်မည်ဖြစ်ပါသဖြင့် ယခုအချိန်အခါမှ စ၍ ဘုရားဖူးပရိသတ်၊ ဖိုးပရိကာမများနှင့် ဝေနေယျအပေါင်းအား ရှေ့သက်နှိုးကပ်လှူရန်နှင့် လှူဒါန်းမှုတော် ဝိုလ်သူများ၊ ကို အသိပေးနှိုးဆော်အပ်ပါသည်။

ဖုန်း - ၀၉-၅၅၃၁၁၁၉၊ ၀၁-၂၃၃၅၂၂၊ ၀၁-၂၃၀၀၉၁၆

သာသနာ့အကျိုးတော်ဆောင်အဖွဲ့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9426၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၇၁၁၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

တိုက်ခန်းသစ်/ကျယ်ရောင်းမည် (ပွဲစားမလို)

၁။ စမ်းချောင်း၊ ပေ (၂၅×၅၀)၊ 5.F(ခြောက်လွှာ)ကျွန်းပါကေး၊ ကြွေပြားပြည့်၊ MBR(1), BR (2), ဘိုထိုင်(၂)၊ မျက်နှာကြက်အားလုံးပြင်ဆင်ပြီးတိုက်ခန်းသစ်။ **၈၅၀ သိန်း**

၂။ စမ်းချောင်း၊ ပေ (၂၅×၅၀)၊ 4.F(ငါးလွှာ)ကျွန်းပါကေး၊ ကြွေပြားပြည့်၊ MBR(1), BR (2), ဘိုထိုင်(၂)၊ မျက်နှာကြက်အားလုံးပြင်ဆင်ပြီးတိုက်ခန်းသစ်။ **၁၁၀၀ သိန်း**

၃။ စမ်းချောင်း၊ ပေ (၁၆×၇၅)၊ဓာတ်လှေကား(Lift)ပါ၊ကျွန်းပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်(၂)၊ MBR(1), BR (1), A/C(3),ပြင်ဆင်ပြီးကွန်ဒိုတိုက်ခန်းသစ်။ **၁၉၀၀ သိန်း**

ဖုန်း-၀၉-၃၀၂၂၅၅၅၈၊ ၀၉-၃၁၉၀၇၁၉၉

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ ကျောင်းအုပ်ကြီးနေအိမ်၊ ဆရာ ဆရာမများ အဆောင်နှင့် ပင်မသုံးထပ်ဆောင်တို့အား လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် Open Tender ပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ထုတ်ယူနိုင်ပြီး ၁၀-၁၀-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးသွင်းရပါမည်။

၂။ အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၏ ဖုန်း-၀၈၁- ၃၁၀၄၅၃ တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာများမီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် ၃၃ ကေဗီ၊ ၁၁ ကေဗီ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ ၃၃/၀.၄ ကေဗီနှင့် ၁၁/၀.၄ ကေဗီ ဓာတ်အားခွဲရုံများတည်ဆောက်ရန်လုပ်ငန်းများအလိုက် Package တစ်ခုစီခွဲ၍ Installation လုပ်ငန်းများအတွက် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat) ဖြင့် အပ်နှံလိုပါသည်-

တင်ဒါစတင်ရောင်းချမည့်ရက် - ၃-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၂၈၆၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

ပြည်တွင်းသတင်းနှင့်ကြေငြာ

ကျွန်းလှမြို့နယ်၌ ကြက်မွေးမြူရေးဇုန် တည်ထောင်မည်

ကျွန်းလှ အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး အနုံ့အသက်ဆိုးများ ကင်းဝေးစေရေး၊ လူသို့ကူးစက်နိုင်သော ရောဂါများကာကွယ်နိုင်ရေးနှင့် ကြက်ကြောင့် ဖြစ်ပွားသောရောဂါများကို တစ်နေရာတည်းတွင် ထိန်းချုပ်နိုင်ရေးတို့ကိုရည်ရွယ်ပြီး ကြက်မွေးမြူရေးဇုန်တစ်ခုကို တည်ထောင်သွားမည်ဟု သိရသည်။

ကြက်မွေးမြူရေးဇုန် မြေနေရာစတင်ရှင်းလင်းနေစဉ်။

ထိုကြက်မွေးမြူရေးဇုန်သည် ၁၂ ဧကကျယ်ဝန်းပြီး ကြက်မွေးမြူသူ ၂၄ ဦးက ဝယ်ယူ၍ ကြက်အကောင် ၂၀၀၀၀ ကျော် မွေးမြူသွားရန်နှင့် နောင်တွင် တိုးချဲ့မွေးမြူသွားရန် ရည်ရွယ်ထားကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ညွန့်သောင်းက ပြောကြားသည်။

အဆိုပါ ကြက်မွေးမြူရေးဇုန်ကို တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်ဦးစိုးကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ ညွှန်ကြားမှု မြို့နယ်တိမွေးကုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကနီ အထက(၁)၌ စာဖတ်ရှိန်မြင့်မားရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ကနီ အောက်တိုဘာ ၄

ကျောင်းသား ကျောင်းသူများ ကျောင်းနေအရွယ်ငယ်စဉ်ကတည်းကပင် ကျောင်းစာသာမက ပြင်ပဗဟုသုတရရှိစေမည့် စာပေများကို လေ့လာဖတ်မှတ်သည့်အလေ့အထ၊ ဖတ်ရှုလေ့လာပြီး အသုံးချတတ်စေရန်နှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ကနီ အထက(၁)ကျောင်း၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများအား မြန်မာ့အလင်းသတင်းစာ အတွဲ(၅၃)၊ အမှတ်(၃၆၁)ကို ဖတ်ရှုလေ့လာစေပြီး မေးခွန်းများမေးမြန်းကာ အများဆုံးဖြေဆိုနိုင်သူ ပထမ၊ ဒုတိယနှင့် တတိယ ရွေးချယ်၍ ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြအေးက ဆုများပေးအပ်ခဲ့သည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခမဲ့ပြည်သူ့စာကြည့်တိုက်သို့ ကျောင်းသား ကျောင်းသူများထဲမှ စာဌားစာဖတ်အများဆုံး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူနှစ်ဦးနှင့် စုစုပေါင်းကျောင်းသား ကျောင်းသူ လေးဦးအား ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ထားမြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ပိုနှင့် ဆရာဆရာမများ တက်ရောက်အားပေးခဲ့ကြသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားများ စာဖတ်ရှိန်မြင့်တင်ရေးအတွက် ယခုကဲ့သို့ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ကျောင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

အီဘိုလာရောဂါ ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီဖွဲ့စည်း

ပင်လောင်း အောက်တိုဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့တွင် အီဘိုလာကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းရေးညှိနှိုင်းပွဲနှင့် အသိပညာပေးဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့ပြီး ရောဂါကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သိန်းဆွေက အီဘိုလာကူးစက်ရောဂါစတင်ဖြစ်ပွားပုံ၊ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံကူးစက်နည်းများနှင့် ကြိုတင်ကာကွယ်နည်းများကို သရုပ်ဖော်ပိုစတာများ ကားချပ်များ၊ လက်ကမ်းစာစောင်များနှင့် တင်ပြဟောပြောသည်။

ထို့နောက် အီဘိုလာရောဂါ ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီကို မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သိန်းဆွေက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်ပညာရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ လဝကဦးစီးမှူး၊ စည်ပင်သာယာရေးဦးစီးမှူးနှင့် မြို့မိမြို့ဖ နှစ်ဦးက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း တာဝန်ယူ၍ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဟောပြောပွဲနှင့် ရောဂါကြိုတင်ကာကွယ်ရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်းရေးညှိနှိုင်းပွဲသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးစိုင်းသန်းကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်သိန်းဆွေ၊ မြို့နယ်ပညာရေးမှူးဒေါ်ကြည်ကြည်မာ၊ စည်ပင်သာယာရေးဦးစီးအရာရှိ ဦးသိန်းစိုးဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးကိုကိုကျော်၊ မြို့ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ မြို့မိမြို့ဖများ၊ မြို့နယ်မိခင်နှင့်ကလေးပြုစုစောင့်ရှောက်ရေး အမျိုးသမီးရေးရာ၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဇော်သိန်းရည်

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို တာချီလိတ်မြို့နယ်မှာရုံ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က အဘိုးအဘွားများအား လှုဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ မြင့်မိုရ်(တာချီလိတ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (လားရှိုး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ကွန်ပျူတာတက္ကသိုလ် (လားရှိုး)မှ အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။ လုပ်ငန်းအားလုံး(သို့) လုပ်ငန်းတစ်ခုစီအလိုက် တင်ဒါတင်သွင်းနိုင်ပါသည်။

စဉ်	လုပ်ငန်းအမည်	အမျိုးအမည်	အရေအတွက်
၁	ကျောင်းခြံစည်းရိုးကာရံခြင်း	Barbed Wire 4"x4" RC Post	၂၅၀၀'
၂	ပရိဘောဂပစ္စည်း ၂၅ မျိုး ဝယ်ယူခြင်း	ကျွန်း/အလူမီနီယံနှင့် အခြားအသုံးပြုပစ္စည်းများ	၃၆၇

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် ရောင်းချမည်ဖြစ်ပြီး ၄င်းအိတ်ဖွင့်တင်ဒါများကို ၁၃-၁၀-၂၀၁၄ရက် ရုံးချိန်အတွင်းတွင် ဥက္ကဋ္ဌ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)သို့လိပ်မူ၍ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ် (လားရှိုး)

ပြင်ဆင်ဖတ်ရှုပါရန်
၁၄-၉-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၅)ကနဦးကြော်ငြာအမှတ်စဉ်(၁)ဒေါ်ဇောင်းညွှယ်၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်ဇောင်းညွှယ်အစား ဒေါ်ဇောင်းညွှယ်+၄ ၁၂/လကန(နိုင်)၀၂၈၁၁ဟု ဖတ်ရှုပါရန်။

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
၉/၂၀၁၄-၂၀၁၅ ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံးဈေးပြိုင်
လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်းသစ်လုံး/တိုင်းဗုံတို့များကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၁-၁၀-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး/တိုင်/ဗုံတို့(၁၀၆) တန်ခန့်၊ သစ်မာသစ်လုံး (၁၀၅၆)တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်း ရောင်း/ စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံး ဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၄၅၃ တို့သို့လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ်၁၂/ထ^{2}၊ မြေကွက်တည်ဆဲနရာအမှတ် ၁၃၅/A -၁၊ မောရဝတီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ငွေသောင်းအမည်ပေါက် မြေပိုင်မြေ လ/နဂ၃ဖြေအား အမည်ပေါက်ထံမှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်၃၃၆၉/၁၀(၁၅-၉-၂၀၁၀)ဖြင့် ဒေါ်သန်းသန်း၊ ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်ညီ၊ ဦးမောင်မောင်သန်း၊ ဒေါ်တင်တင်လှတို့မှ ပိုင်ဆိုင်လာပါသည်။ ၄င်းတို့ထံမှ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ် ၃၃၇၀/၂၀၁၀ (၁၀-၉-၂၀၁၀)ဖြင့် ဒေါ်သန်းသန်း၁၂/ဧရက(နိုင်)၀၉၈၁၈၇၄ နှင့် ဒေါ်တင်တင်အေး ၁၂/မရက(နိုင်)၀၉ရ၁၀၅၅နှင့် ဒေါ်တင်တင်ညီ ၁၂/မရက(နိုင်)၀၉ရ၂၉၇တို့မှ ပိုင်ဆိုင်လာပြီး ၄င်းတို့ထံမှ S/P ၁၀၀၆၁/၂၀၁၃(၂၁-၆-၂၀၁၃) ရရှိသူ ဦးသန့်ဘော်ဦး ၁၂/စခန(နိုင်)၀၀၉၁၂၃မှ စွန့်လွှတ်စာချုပ် ၃၃၇၀/၂၀၁၀(၁၀-၉-၂၀၁၀) မိတ္တူမှန်၊ S/P၊ ကျွမ်းကျိန်လွှတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ် အမှတ် 6B/1928,Shan Star,Jeep ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဟင် ၁၃/မယတ(နိုင်)၀၀၅၃၀၂၀၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နန်၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၂၉၇၇,Okkalar Super L/T Van ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဟင် ၁၃/မယတ(နိုင်)၀၀၅၃၀၂၀၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နန်၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1127 Htila-01,Jeep ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဟင် ၁၃/မယတ(နိုင်)၀၀၅၃၀၂၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နန်၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1128 HTILA-HL-01,Jeep ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဟင် ၁၃/မယတ(နိုင်)၀၀၅၃၀၂၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်နန်၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်
၂၆-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ကြော်ငြာစာမျက်နှာ(၂၁) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာမှ ပိုင်ရှင်အမည် မတင်ကျဉ်းအား မတင်ကျွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒုနာဆိုင်ရာနှင့်ရေယူရေးစီးပွားရေးကြေငြာ

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)အတွက် အောက်ပါပစ္စည်းများအား ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	Table (5' × 3' × 2' 6")	10
2	အစည်းအဝေးသုံးစားပွဲရှည်	1
3	အံဆွဲတစ်ဖက်ပါရုံးသုံးစားပွဲ (T.1004)	10
4	အံဆွဲမပါစာကြည့်စားပွဲ (3' × 2.5' × 2.5')	10
5	Long High Desk (6' × 1.6' × 16mm × 2.9')	30
6	Long Low Desk (5.8' × 1' × 16mm × 1.6')	30
7	စာကြည့်စားပွဲ (၂ ယောက်တွဲ)	20
8	Cabinet (Leeco 4 Drawers)	3
9	ဖိုင်တင်စင် (Leeco/ Taiyo/Standard)	5
10	Cabinet (Leeco simple)	3
11	Computer Table	65
12	Table For Teacher (Language Lab Room)	1
13	Twin Table for Student (Language Room)	40
14	လက်တန်းမပါထိုင်ခုံ (1.4' × 1.6' × 3.2')	10
15	လက်တန်းမပါထိုင်ခုံ (1.4' × 1.6' × 3.2') (သံဖရိန်+ဆိုဖာ)	10
16	ကျွန်းမှန်ဗီရို (Width 3.10' and High 5.6')	1
17	စာကြည့်တိုက်သုံးအံဆွဲ၊ ဗီရို	1
18	စာကြည့်စားပွဲ (၄ ယောက်တွဲ)	10
19	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	35
20	Plastic Chair (Armed)	20
21	Lab Table (9'×3')	20
22	Hardware Lab Table (10' × 3')	5
23	Physics Lab Table (15'×5')	5
24	Aluminium Ladder	3
	Information Science Lab Room အတွက် လိုအပ်သောပစ္စည်းများ	
	ဆုံလည်ကုလားထိုင်	20
	Computer Table	20
25	Locker 1 no	1
	ကျွန်းစားပွဲ+ကျွန်းထိုင်ခုံ	1 set
	Cabinet (Leeco/Taiyo/Standard)	1

၂။ Open Tender ပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ထုတ်ယူနိုင်ပြီး ၁၀-၁၀-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၏ ဖုန်း-၀၈၁-၃၁ဝ၄၃ တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

အကြောင်းကြားစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်း-၈
ပူတာအိုခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ခရစ်တော်၏အသင်းတော် (၄င်း၏ကိုယ်စားလှယ်များ- ၁။ သိက္ခာတော်ရဆရာဦးရှိခွန်းဖုန်ရမ် ၂။ သိက္ခာတော်ရဆရာဦးရင်ထန်ဖုန်)

နှင့်

၁။ ဆရာဦးအဂရောင်ဖုန်
၂။ ဆရာဦးယော်ရဲ့ဆာ
၃။ ဆရာဦးထမိုင်ဖုန်ဆားရံ
၄။ ဆရာဦးတတုန်းဖုန်ဆားရံ
၅။ ဆရာဦးမဖန်းဒီးဆားရံ
၆။ ဆရာဦးငါးဒီးဆီ
၇။ ဆရာဦးရွန်ဂျိုး
၈။ ဆရာဦးတီယောဟန် (ဦးထဖူးယောဟန်)
၉။ ဦးဒီးနော်
၁၀။ ဦးခင်ဖန်ယာကု
၁၁။ ဦးဆီတားရဲ့

တရားလိုများ **တရားပြိုင်များ**

သက်ဆိုင်သူများသိစေလိုက်သည်

အထက်ပါအမှုမှ တရားလို ခရစ်တော်၏အသင်းတော်(၄င်း၏ကိုယ်စားလှယ်များ) သိက္ခာတော်ရ ဆရာဦးရှိခွန်းဖုန်ရမ်ပါ-နှစ်ဦးတို့က တရားပြိုင် ဆရာဦးအဂရောင်ဖုန် ပါ-၁၁ဦးအပေါ်ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်ရှိ (၁)မြို့မ(ဟိုခို)ရပ်ကွက်၊ (၂) တုံလီ ထုရပ်ကွက်၊ (၃) ပါအင်ရပ်ကွက်-၂၊ (၄) လယ်မယ်ဝါချီရွာ၊ (၅) မုဒ်-၂ရွာ၊ (၆) နမ်ထွမ်ခူး-၁ရွာ၊ (၇) မူလာရှီးဒီအနောက် ဧရေပတီရွာ၊ (၈) နမ်ရှယ်(ခေါ်)နမ်ရှယ် လောရွာ၊ (၉) နမ်ရှယ်ကော့ရွာ၊ (၁၀) မူလာရှီးဒီရွာ၊ (၁၁) ရီကျော်ဒီရွာ၊ (၁၂) လန်းနို-၁ရွာ၊ (၁၃) ခီဆီဒီရွာ၊ (၁၄) ဖတ်မာဇွပ်ရွာ၊ (၁၅)လုံရှာယန်(အင်ယိုဇွပ်)၊ (၁۶) နမ်ပါရွာ-၁၊ (၁۷) မကျောဝေါ့-၂ရွာ၊ (၁၈) ဒုတ္တန်ရပ်ကွက်၊ (၁၉) လေယာဉ်ကွင်းရပ်ကွက်၊ (၂၀)လုံးစွတ်ရပ်ကွက်၊ (၂၁) ကောင်ကထောင်ရပ်ကွက်၊ (၂၂) မကျောဝေါ့-၁ရွာ၊ (၂၃) မုန်ငါန်ရွာ၊ (၂၄) ဖန်ခိုင်-၂ရွာ၊ (၂၅) အဝဝ်ခမ်း(ရာဝမ်ကုန်း)ရွာ၊ (၂۶)ဇီယာရွာ၊ (၂۷)လုံးနရွာ၊ (၂၈)လုံးစွတ်ရပ်ကွက်(ခင်ဖန်) ခရစ်တော်၏အသင်းတော် ဘုရားရှိခိုးကျောင်း၊ (၂၉) ဗက်သနိ်ကျမ်းစာသင်ကျောင်း(BTC) (၃၀)မူလာရှီးဒီသာသနာခြံဝင်း၊ (၃၁) ၃ လကျမ်းစာသင်ကျောင်း(မူလာရှီးဒီ)၊ ပေါင်း(၃၁) မျိုး၊ မချမ်းဘော့မြို့နယ်ရှိ (၁) အလန်းဂါးရွာ၊ (၂) နမ်ဆာဘွမ်ရွာ၊ (၃) မချမ်းဘော့မြို့၊ (၄) ပန်ဆပ်ရွာ ခရစ်တော်၏အသင်းတော်ဘုရားကျောင်း၊ ပေါင်း(၄)မျိုး၊ နောင်မွန်မြို့ နယ်ရှိ (၁) နောင်မွန်မြို့၊ ရပ်ကွက်-၅(၂)ရီမန်ကန်ရွာ၊ (၃)မခွန်ကန်ရွာခရစ်တော်၏ အသင်းတော် ဘုရားကျောင်း၊ ပေါင်း(၃)မျိုး၊ ခေါင်လန်ဖုးမြို့နယ်ရှိ (၁)ရမ်ဇာခမ်ရွာ၊ (၂)ချိမ်တိမ်းရွာ၊ (၃) နန်ဆိန်ရွာ၊ (၄)ရီဇွမ်ရွာ၊ (၅) ဆရမ်ဖာရွာ၊ (۶)ခေါင်လန်ဖုးမြို့၊ (၇) ထရီဝမ် ကောင်ရွာ၊ (၈)ဝါ့ခွယ်ရွာ၊ (၉)ရီးခမ်းရွာ၊ (၁၀)မင်ချယ်ရွာ ခရစ်တော်၏ အသင်းတော်ဘုရားရှိခိုးကျောင်း၊ (၁၁)ထမိုင်ရွာ၊ (၃)လကျမ်းစာသင်ကျောင်း၊ ပေါင်း (၁၁)မျိုး၊ စုစုပေါင်း (၄၉)မျိုးတို့.ကို ခရစ်တော်အသင်းတော်မှ လက်ရောက်ရလိုကြောင်း တရားစွဲဆိုထားပါသည်။ ယင်းအမှုကို ဆိုင်ဆိုကြားနာရန် ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၇ ရက်သို့ ချိန်းဆိုထားပါသည်။ ခရစ်တော်အသင်းတော်သူ/သားများ မည်သူမဆို အမှုတွင်အမှုသည်အဖြစ် ပါဝင်လိုပါက ဆိုခဲ့သည့် ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၇ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်လျှောက်ထားနိုင်ကြောင်း ဆင့်ဆိုအပ်ပါသည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ရေချမ်း)
ခရိုင်တရားသူကြီး၊ ပူတာအိုခရိုင်တရားရုံး

ပျောက်ဆုံး ကြော်ငြာ

ကျွန်တော် ဦးကျော်ဟိန်း CDC-၃၁၇၄၈ ၏ လျှပ်စစ်အင်ဂျင်နီယာ လက်မှတ်အမှတ်(၈၁၅)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၅၀၇၄၀၅

ထားဝယ်အသင်း
ကျန်းမာရေးကူညီထောက်ပံ့မှုဆပ်ကော်မတီ၏တိုက်တွန်းနှိုးဆော်ချက်

ထားဝယ်အသင်း ကျန်းမာရေးကူညီထောက်ပံ့မှုဆပ်ကော်မတီသည် ရန်ကုန်မြို့တွင် ကျန်းမာရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်လိုပါသဖြင့် ထားဝယ်သူ ထားဝယ်သား ကျန်းမာရေးအသိပညာရှင်၊ အတတ်ပညာရှင်ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် အသင်းသို့ ၃၁-၁၀-၂၀၁၄ ရက် နောက်ဆုံးထားဆက်သွယ်စာရင်းပေးပို့ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးကူညီထောက်ပံ့မှုဆပ်ကော်မတီ၊ ထားဝယ်အသင်း
ဖုန်း-၀၁-၂၂၂၂၁၉၊ ၀၉-၈၅၅၀၂၁၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ၃၀၆ အမိန့်-၅၊ နည်း၃၀၆-၂၀)
ပုသိမ်ခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၅၁

ဦးအောင်ကိုလင်း ပါ(၂) (၄င်းတို့၏အထူးကိုယ်စားလှယ်စာ ရရှိသူ ဒေါ်ရီရီမြင့်)

နှင့်

ဒေါ်ရီရီမြင့်

တရားလိုများ **တရားပြိုင်**

ပုသိမ်မြို့၊ ရကအ(၁၄)၊ ဥမ္မာဒန္တီလမ်း၊ အမှတ် (ဘီ-၁၂၂)တွင် နေထိုင်သော တရားပြိုင် ဒေါ်ရီရီမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဦးအောင်ကိုလင်းနှင့် ဦးသက်ဇင်အောင်တို့က ကျူးကျော်နေထိုင်သောနေအိမ်နှင့်ခြံမြေအတွင်းမှ ဖယ်ရှားထွက်ခွာသွားစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့.ကို ချေပပြောဆိုနိုင်သူ သင်တို့.၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်.ရရှေ့.နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့.နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖြေပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့.ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့.လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မာမာစိန်
ဒုတိယခရိုင်တရားသူကြီး(၁)၊ ပုသိမ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးလှဖေလမ်း၊ အမှတ် (၁၀၉၇)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄၊ မြေကွက်အမှတ် ၁၀၉၇၊ ဧရိယာ ၀၃သမ၀၅ဧကာ၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် ဦးလှမြင့် I/TBN-၀၂၀၈၆၇ အမည်ပေါက်လျက်ရှိပြီး ခင်ပွန်းဖြစ်သူ ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရရှိသူ ဇနီးဒေါ်ကျင်အေး ၁၂/အလန(နိုင်)၀၀၇၄၃၂ ၄င်း၏ကိုယ်စား အထွေထွေကိုယ်စားလှယ် လွှဲစာရရှိသူ ဒေါ်ညွန့်ရီ ၁၂/ဥကတ(နိုင်) ၀၁၈၇၂၆က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ပ်တို့. မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ပ်တို့ထံသို့ ခုနှစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်း၁ခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အကွက်အမှတ် (၁၅/၂-၆)၊ ဦးပိုင်အမှတ် ၈၆၊ မြေဧရိယာ ၀၃သမ၁၀၄ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့.ကို ဦးဇော်မွန်း အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ နှစ် ၃၀၊ မြေငှားဂရန်သည် ၂၀၀၄ခုနှစ် မြစ်ကြီးနားမြို့၊ ရေကြီးရေဝင်စည်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းရာမှ မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုပါရန် ဦးဇော်မွန်း၏မြေးဖြစ်သူ ဒေါ်ဆိုင်းနွယ်မှ တင်ပြလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန် မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်.ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်.ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟု တင်ပြထားသောမြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၀၊ ၁၇ လမ်း၊ အိမ်အမှတ် ၅၁၇½ မြေဧရိယာအကျယ်အဝန်းပေ (၆၀×၂၀)ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားမှ ဂရန်အရည်ပေါက် (ဒေါ်အုန်းသောင်း)သည် ၂၇-၁၁-၂၀၀၇ရက်တွင် ကွယ်လွန်ခဲ့ပြီး တစ်ဦးတည်းသောသမီး ဒေါ်ယဉ်သန္တာစိုးမှ ၂၃-၅-၂၀၁၄ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆို၍ ရောင်းချပိုင်ခွင့်အရ ၁၆-၇-၂၀၁၄ ရက်တွင် ဒေါ်မေဇော်စိုးအား တရားဝင်အထူးကိုယ်စားလှယ်လွှဲအပ်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့် အပြီးပိုင်ဝယ်ယူထားသူ ဒေါ်မေဇော်စိုးမှရောင်းချမည်ဟု ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်မှဝယ်ယူရန် တန်ဖိုးမှ စရန်အဖြစ် တစ်စိတ်တစ်ဒေသကို ၂၆-၉-၂၀၁၄ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချခြင်းအား ကန့်.ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပြီး ၁၄ ရက်အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် လာရောက်တွေ့ဆုံကန့်.ကွက်နိုင်ပါသည်။ ကန့်.ကွက်ရန်အကြောင်းမရှိပါက ၁၄ ရက်ပြည့်မြောက်ပြီးသောရက်တွင် အရောင်းအဝယ်ကို အပြီးသတ်တိုင်အောင် စာချုပ်စာတမ်းပါစည်းကမ်းအရ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နွေးနွေး
အမှတ် ၁၄၁၊ ဆေးရုံဟောင်းလမ်း၊
ကျောင်းကြီးစုရပ်ကွက်၊ ပဲခူးမြို့၊
ဖုန်း-၀၉-၄၅၅၂၇၇၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၇၈၉၀ Nissan AD,S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသုန္ဒရ ၉/သစန(သ)၀၀၁၆၇၇ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်.ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်.ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်း၃ပဒေ-၂၀(၁)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၆၅

ဦးကျော်မင်းထွန်း

နှင့်

၁။ ဒေါ်ခင်စုရီ
၂။ ဒေါ်တင်တင်ရီ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ဗုဒ္ဓသာသနာပြု ချန်တက်ထန် သက်သတ်လွတ် ငါးပါးသီလဘုရားကျောင်း၊ အမှတ် ၄၅၁၊ စိုက်ပျိုးရေးမှတ်တိုင်အနီးနေ (၂)တရားပြိုင် ဒေါ်တင်တင်ရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မင်းထွန်းက ''ဒေါ်ခင်စုရီနှင့် ဒေါ်တင်တင်ရီတို့ နှစ်ဦးချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်ကို တရားမဝင်ပျက်ပြယ်ကြောင်း ရုံးတော်မှမြွက်ဟကြေညာပေးစေလိုမှုနှင့် ဘုရားကျောင်းပိုင်ဆိုင်ခန်းကို လက်ရောက်ရလိုမှုနှင့် ဘုရားကျောင်း၏နစ်နာမှုအစုစုကို ပြန်လည်ရလိုမှု'' ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့.ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်.ရရှေ့.နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့.နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၅ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအဖြေပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့.ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့.လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်ငွေ)
ခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး

လူပျောက်ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊အမှတ် ၄၆/၃၃၄၊ အေးရိပ်ငြိမ်လမ်းနေ ဦးစိန်၏သား ဦးပြုံး အသက် (၇၂) နှစ်သည် ၂၉-၉-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၀၃၆၁၈၄၈၊ ၀၉-၄၄၀၀၄၆၆၄၆**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိန္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရသီ ရိမြောက်ရပ်၊ သဇင်လမ်းမြေကွက်အမှတ် ၃-၅၀၄၁၊ မြေဧရိယာ ၀၃သမ၂၂၉ဧကရှိ ဒေါ်သီဂီလင်း အမည်ဖြင့် ပိုင်ဆိုင်သော ဂရန်မြေကွက်အား ဒေါ်သီဂီလင်း ၁၂/စခန(နိုင်)၀၅၇၀၉၆(ဘ)ဦးရန်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်.ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်.ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်.ခွဲမှုဌာန၊ ၁၅ ရက်အတွင်း ကန့်.ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်.ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁၀၊ Phase-2၊ မြေကွက်အမှတ် (၂၉)၊ ဧရိယာ ၀၃သမား၂၈က၊ နှစ် ၆၀ မြေဌားစာချုပ်အမည်ပေါက် ဒေါ်ခင်ခင်ကြီး ထံမှ တစ်ဆင့်ဝယ်ယူထားသည့် အရောင်း အဝယ်စာချုပ်အမှတ် ၄၈၄၆/၂၀၁၄ (၁၉-၈-၂၀၁၄)ကို တင်ပြ၍ ဦးဝင်းသိန်း ၁၂/မဂတ(နိုင်)၀၆၉၁၃၉ အမည်သို့ ပြောင်းလဲပေးပါရန် ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်မွမ်းမြှင့်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ထ/၄၃၊ မြေကွက်အမှတ် ၂၃၂၂/က၊ မြေကွက်တည်နေရာ ၂၃၂၂(က)၊ အောင်သစ္စာလမ်း (ဦးထွန်းထွန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးမိုးနွယ် ၁၁/ကဖန (နိုင်)၀၆၂၆၂၃မှ ပါမစ်ဟောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ်ဟောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ၊ ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး

ဒေါ်ကျင်နု (အသက်-၈၆ နှစ်)

(ဦးပု-ဒေါ်ကြွေ)တို့၏သမီးကြီး။ (ဦးယုထော်)၏ဇနီး။ ဒေါက်တာ နေဇင်လတ် (နိုင်ငံတော်သမ္မတအကြံပေး)-ဒေါ်ခင်စန်း(A.M.B.O Co.,Ltd.)။ တိဝိဋ္ဌက ပမ္မရက္ခိတ အဖွဲ့၊ ဘဏ္ဍာရေးမှူး၏ မွေးသမီခင်၊ တိဝိဋ္ဌကပမ္မရက္ခိတ ဗီမာန်တော် ဆင်ဝင်အလှူရှင် ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ ရက် (အင်္ဂါနေ့)ည(၈၅၅)နာရီ တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အာရှီးတော်ဆောင်အဖွဲ့
တိဝိဋ္ဌကပမ္မရက္ခိတအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး
ဒေါ်ကျင်နု
အသက်(၈၆)နှစ်

ဒေါက်တာနေဇင်လတ် (နိုင်ငံတော်သမ္မတ အကြံပေး)- ဒေါ်ခင်စန်း (A.M.B.O Co., Ltd.) တို့၏ မွေးသမီခင်ကျေးဇူးရှင် ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ ရက်(အင်္ဂါနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ
(အာရှတော်ဝင်ဆေးရုံ)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး
ဒေါ်ကျင်နု
အသက်(၈၆)နှစ်

ဒေါက်တာနေဇင်လတ်(နာယက-မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း)-ဒေါ်ခင်စန်း (A.M.B.O Co., Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇော်ဇော်(အမှုဆောင်-မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း)-မသက်ထားဦး တို့၏ အဘွားသည် ၃၀-၉-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ဗဟို)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး
ဒေါ်ကျင်နု
အသက်(၈၆)နှစ်

ဒေါက်တာနေဇင်လတ်(နာယက-မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း)-ဒေါ်ခင်စန်း(A.M.B.O Co., Ltd.) တို့၏ ချစ်လှစွာသောမိခင်သည် ၃၀-၉-၂၀၁၄ ရက်(အင်္ဂါနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေးစုန်)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး
ဒေါ်ကျင်နု
အသက်(၈၆)နှစ်

ဒေါက်တာနေဇင်လတ်(နာယက-မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း)-ဒေါ်ခင်စန်း(A.M.B.O Co., Ltd.) တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇော်ဇော်(အတွင်းရေးမှူး-မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း-ငွေဆောင်ဇနီး)-မသက်ထားဦးတို့၏ အဘွားသည် ၃၀-၉-၂၀၁၄ ရက် (အင်္ဂါနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇနီ)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်၊ သိမ်ဒါယိကာမကြီး
ဒေါ်ကျင်နု
အသက်(၈၆)နှစ်

ဒေါက်တာနေဇင်လတ်(နိုင်ငံတော်သမ္မတအကြံပေး)-ဒေါ်ခင်စန်း(A.M.B.O Co., Ltd.) ၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်၊ သိမ်ဒါယိကာမကြီး
ဒေါ်ကျင်နု
အသက်(၈၆)နှစ်

ဒေါက်တာနေဇင်လတ်(နိုင်ငံတော်သမ္မတအကြံပေး)-ဒေါ်ခင်စန်း(A.M.B.O Co., Ltd.) ၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဘွားသန်းညွှန့် (ကော့သောင်းမြို့)
အသက် (၉၃)နှစ်

ကော့သောင်းမြို့၊ ရုံးကြီးလမ်း၊ အဏ္ဏဝါရပ်ကွက်၊ အမှတ် ၃၉၁နေ (ဦးစံတင်-ဒေါ်ယဉ်မေ)၊ ဦးမြသိန်း-ဒေါ်လှဝင်း၊ ဦးသိန်းဟန်-ဒေါ်ချစ်မြ၊ ဦးစိုးသန်း-(ဒေါ် လှဝင်း)၊ (ဦးဝင်းမြင့်)-ဒေါ်မြညွှန့်၊ ဦးအောင်ရင်-ဒေါ်ခင်အေး၊ ဦးအုန်းမြ-(ဒေါ်ရွှရီ)၊ (ဦးကျော်ဝင်း-ဒေါ်စိန်စိန်ဌေး)၊ ဦးညွှန့်စိန်-ဒေါ်ရွှေသန်း၊ (ဦးကျင်ဟုန်)- ဒေါ်ယုယုရွှေ၊ (ဦးမောင်မျိုး)-ဒေါ်စောလှ၊ (ဦးသိန်းဝင်း)- ဒေါ်စန်းညွှန့်တို့၏ မိခင်၊ မြေး ၅၁ယောက်၊ မြစ် ၆၆ယောက်၊ တီ သုံးယောက်တို့၏ ဘွားဘွားသည် ၃-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ကော့သောင်းမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ ဒါယကာကြီး

ဦးကျော်ထင်ညွှန့်(ခ)ဦးကျော်စိုး
ဗိုတိုလစ်သိဌာနခွဲ သာသနာရေးဦးစီးဌာန(ငြိမ်း)
အသက်(၈၄)နှစ်

ဧရာ၀တီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ(ဦးထိန်-ဒေါ်တင်လှ)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်လှမေ)၊ ဦးဟန်တင်-ဒေါ်ညွှန့်မေ၊ (ဒေါ်အုန်းမြင့်)တို့၏ အစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်(၄)လမ်း၊အမှတ် ၂၃ နေ ဦးသိန်းဌေး-ဒေါ်လှမြင့်(ရွှေညာသားဆေးဆိုင်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ (ဒေါ်ခင်လှိုင်)၏ခင်ပွန်းသည် ၃-၁၀-၂၀၁၄ရက်(သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်ပေါ်ဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဦးကျော်ညွှန့်+၄	၁၂/ဥကမ(နိုင်)၀၆၂၀၈၄	အမှတ် (၄၄၈)မြစ်ရတနာ ၁လမ်း၊	ဓမ္မောက်ညာလယ	၈	၄၈၅	ဒေါ်တင်လှ	အမည်ပြောင်း

ဌာနမှူး(ကိုယ်စား)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဒေါ်သိန်းသိန်းမြင့်
အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ (၁)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ် ၂၂Kနေ (ဝဏ္ဏကျော်ထင် ဦးတင်ထွန်း ဒုတိယဝန်ကြီး (ငြိမ်း)၊စွမ်းအင်ဝန်ကြီးဌာန)၏ ဇနီး၊ ဒေါ်ယဉ်ပြိုး၊ ဦးဝင်းလွင်-ဒေါ်မာလာ(Bharadwaja)၊(ဒေါက်တာ ဒေါ်ဖြူဖြူထွန်း)၊ ဦးမင်းသန့်တို့၏ မိခင်၊ မမြတ်ပန်းဝေ(Grade 7,MLA)၏ အဘွားသည် ၃-၁၀-၂၀၁၄ရက် ညနေ ၃နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၁၀-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဟောင်ဒေါ် (ခ) ဦးစံအောင် (ရွှေတောင်ဟိုတယ်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၈၉၊ ပြည်လမ်း၊ ရှစ်မိုင်နေ (ဒေါ်ရွှေကျင်ရှန်း)၏ခင်ပွန်း၊ ဦးတောင်ကြီး(ရွှေတောင်ဟိုတယ်)-(ဒေါ်ရင်မေ)၊ ဦးမျိုးဆွေ (စိန်ဟင်း-စတိုး-ပဲခူး/Share Holdar of M9 Group Co., Ltd.)-ဒေါ်မီမီသက်၊ ဦးလှဝင်း-ဒေါ်မီမီအောင်၊ မအေးအေးအောင်တို့၏ဖခင်သည် ၃၀-၉-၂၀၁၄ ရက် (အင်္ဂါနေ့)ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

M.D/Executive Director နှင့် Share Holder များ
M9 GROUP COMPANY LIMITED.

ဝမ်းနည်းကြေကွဲခြင်း
ဦးဟောင်ဒေါ် (ခ) ဦးစံအောင် (ရွှေတောင်ဟိုတယ်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၈၉၊ ပြည်လမ်း၊ ရှစ်မိုင်နေ (ဒေါ်ရွှေကျင်ရှန်း)၏ခင်ပွန်း၊ ဦးတောင်ကြီး(ရွှေတောင်ဟိုတယ်)-(ဒေါ်ရင်မေ)၊ ဦးမျိုးဆွေ (စိန်ဟင်း-စတိုး-ပဲခူး/Share Holdar of M9 Group Co., Ltd.)-ဒေါ်မီမီသက်၊ ဦးလှဝင်း-ဒေါ်မီမီအောင်၊ မအေးအေးအောင်တို့၏ဖခင်သည် ၃၀-၉-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာ၊ မန်နေဂျာများနှင့် ဝန်ထမ်းများ
M9 GROUP COMPANY LIMITED.

ဝမ်းနည်းကြေကွဲခြင်း
ဦးဟောင်ဒေါ် (ခ) ဦးစံအောင်
ရွှေတောင်ဟိုတယ်
အသက်(၇၆)နှစ်

ပဲခူးမြို့နေ ဦးမျိုးဆွေနှင့် ဒေါ်မီမီသက်(စိန်ဟင်းစတိုး)၏ဖခင်ကြီး ဦးဟောင်ဒေါ်(ခ) ဦးစံအောင် အသက်(၇၆)နှစ်သည် ၃၀-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးနှင့် အန်တီစိုးမိသားစု၊ ပဲခူးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်မောင် (စစ်ကိုင်း)
အသက်(၇၃)နှစ်

ရွှေမာလာရိပ်မွန်၊ ရွှေတွှာလမ်း၊ တိုက်(E)၊ အခန်း(1)နေ ဦးမြင့်မောင်သည် ၁-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
